မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၂၄၅)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

၂၀၁၃ ခုနှစ်၊ ဇွန် ၇ ရက်၊ သောကြာနေ့။

နိုင်ငံတော် အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။

❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။

❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(၂၀၁၃) ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(၂၀၁၃)ဖွင့်ပွဲ နေပြည်တော်တွင် ကျင်းပ

နေပြည်တော် ဇွန် ၆

ယနေ့မွန်းလွဲပိုင်းက အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(၂၀၁၃) ဖွင့်ပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် (၂၀၁၃) သဘာပတိ Klaus Schwab က ယခုဖိုရမ်အား ရည်ရွယ်ချက်(၂)ရပ်ဖြင့် ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ရေရှည် အလုံးစုံပါဝင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အပြုသဘောဆောင်သည့် ဆက်သွယ်မှုများ ပြုလုပ်နိုင်ရန် ဖြစ်ပါကြောင်း၊ မျိုးဆက်တစ်ဆက်အတွင်း မြန်မာနိုင်ငံအနေဖြင့် တိုးတက်လာနိုင်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတကာ စီးပွားရေးအသိုင်းအဝိုင်းများအနေဖြင့် မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် အဆွေတော်တို့နှင့်အတူ တက်ရောက်ပြီး အမှာစကားပြောကြားခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံ နေပြည်တော်တွင် ဤဖိုရမ်ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်သည့်အတွက် ဂုဏ်ယူကြောင်း ဦးစွာပဏာမ ပြောကြားလိုပြီး ဆွေးနွေးပွဲများတွင် အောင်မြင်မှုများ ရရှိပါစေဟု ဆုမွန်ကောင်းတောင်းလိုပါကြောင်း။

ယနေ့ မိမိတို့သည် အာရှတိုက်၏ သမိုင်းတွင် အထူးအရေးပါသည့်

စာမျက်နှာ ၃ ကော်လံ ၁ ◆

ကျေးလက်ဒေသ ဓာတ်အားပိုမိုရရှိရန် တီထွင်ဆန်းသစ်သည့်စနစ်များ မဖြစ်မနေဖော်ဆောင်

နေပြည်တော်ရှိ MICC ၌ ကျင်းပလျက်ရှိသော World Economic Forum 2013 မှ မြန်မာနိုင်ငံရှိ စွမ်းအင်ကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ရှေ့လုပ်ငန်းစဉ်ဖော်ဆောင်မှုများအတွက် အစီရင်ခံစာတစ်ရပ်ကို ဇွန် ၆ ရက်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရသည်။

ထိုအစီရင်ခံစာ၌ မြန်မာ့စွမ်းအင်ကဏ္ဍကို စိန်ခေါ်နေသည့် အခြေအနေများအား ဖော်ပြထားပြီး စွမ်းအင်ကဏ္ဍဆိုင်ရာမူဝါဒများကို လိုအပ်သလိုပြုပြင်ပြောင်းလဲခြင်းဖြင့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ နောက်ဆုံး ပေါ်ထွန်းလာသည့် စီးပွားရေးအခွင့်အလမ်း အပြည့်ဝဆုံးနိုင်ငံတစ်ခုဖြစ်လာနိုင်ကြောင်း သုံးသပ်ခဲ့ကြသည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်၏ စွမ်းအင်လုပ်ငန်းများဆိုင်ရာကဏ္ဍအားဦးဆောင်သည့် အကြီးတန်းဒါရိုက်တာ Roberto Bocca က မြန်မာ့အခန်းကဏ္ဍနှင့် ပတ်သက်၍ “မြန်မာနိုင်ငံဟာ ကမ္ဘာ့စီးပွားရေးမှာ နိုင်ငံအတွက် အရေးပါတဲ့နေရာတစ်ခုကို ဖန်တီးယူနိုင်ဖို့ သမိုင်းဝင်အခွင့်အရေးတစ်ခုကို ရရှိထားပြီးပါပြီ။ မြန်မာနိုင်ငံရဲ့ စွမ်းအင်ကဏ္ဍကို ရှိရင်းစွဲအခြေအနေတွေကနေ ပြောင်းလဲခြင်းအားဖြင့် အရေးအပါဆုံးကဏ္ဍကို လက်တွေ့အကောင်အထည် ဖော်ဆောင်ရာရောက်ပြီး နိုင်ငံရဲ့စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့လည်း အလားအလာကောင်းပါတယ်” ဟု ပြောကြားသည်။

အဆိုပါ စွမ်းအင်ကဏ္ဍဆွေးနွေးပွဲ၌ နိုင်ငံတကာပညာရှင်များက အချက် (၁၇) ချက်ကို အကြံပြုခဲ့ပြီး နိုင်ငံ၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကောင်းမွန်သည့်အုပ်ချုပ်ရေး

စာမျက်နှာ ၇ ကော်လံ ၁ ❖

ခင်ရတနာ

ယနေ့ မာတိကာ

ရိုးသားကြိုးစားပြီး ဝီရိယ ခွန်အား စိုက်ထုတ်ခြင်းတို့ဖြင့် ဆောင်ရွက်သွားကြပါက အနာဂတ် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အံ့မခန်းဖြစ်လာမည်ဟု ယုံကြည် (ခေါင်းကြီး) စာ - ၂

တစ်ပတ်လျှင် သုံးကြိမ်ကားဖြင့် စျေးသွားလေ့ရှိသည့် နယူးဇီလန်မှ အသက်အကြီးဆုံး ယာဉ်မောင်း စာ - ၄

နေလောင်ခံ ခရင်မ်လိမ်းပေးခြင်းက အသားအရေ ရင့်ရော်မှုကို တားဆီးပေးနိုင် စာ - ၅

အ ရက် သ မား နှင့် စာကြည့်တိုက် (ဆောင်းပါး) စာ - ၆

အရှေ့အာရှ၌ မျက်နှာပန်းလှနေသည့် မြန်မာ စာ - ၁၃

ယူအီးအက်ဖ်အေ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ အင်္ဂလန်တို့ အီတလီကို ရှုံးပွဲကြုံတွေ့ စာ - ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အကျိုးရလဒ်များရယူ

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် မိမိတစ်နိုင်ငံတည်း အထီးကျန်စွာ ရပ်တည်၍မရပါ။ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးအတွက် ပတ်ဝန်းကျင်ရှိနိုင်ငံများနှင့် သဟဇာတရှိစွာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာမှုများ၊ ဖွံ့ဖြိုးမှုနှင့် နည်းပညာကွာဟချက်များ ကျဉ်းမြောင်းစေရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်သော် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရချင်းသော်လည်းကောင်း၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေး မဟာဗျူဟာများ၊ ဖွံ့ဖြိုးမှုမဟာဗျူဟာများဖြင့် ဆောင်ရွက်လျက်ရှိကြသည်။

(၂၂)ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို မြန်မာနိုင်ငံ၌ လက်ခံကျင်းပလျက်ရှိရာ ယင်းဖိုရမ်သို့ နိုင်ငံပေါင်း ၇၈ နိုင်ငံကျော်က နယ်ပယ်အသီးသီးတွင် ထူးချွန်ပြောင်မြောက်ပြီး အလားအလာရှိသော လူငယ်ခေါင်းဆောင်များနှင့် ဖွဲ့စည်းထားသည့် ကမ္ဘာ့လူငယ်ခေါင်းဆောင် Young Global Leaders များလည်း တက်ရောက်ခဲ့ကြသည်။

ကမ္ဘာ့စီးပွားရေးအခြေအနေသည် လွန်ခဲ့သောနှစ် အနည်းငယ်က အလွန်ဆိုးရွားကျပ်တည်းသည့် အနေအထားနှင့် ရင်ဆိုင်ခဲ့ရပြီး ပိုမိုစိန်ခေါ်သည့် အခြေအနေကိုလည်း ရင်ဆိုင်နေကြရသည်။ ယနေ့ ကမ္ဘာကြီးသည် သဘာဝဘေးအန္တရာယ်များ၊ ကူးစက်မြန်ပြင်းထန်ရောဂါများ၊ ဆင်းရဲမွဲတေမှုများနှင့် စားနပ်ရိက္ခာမလုံလောက်မှုများ၊ အကြမ်းဖက်ဝါဒပျံ့နှံ့လာမှုများ စသည့် စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများ ကြုံတွေ့နေကြရသည်။ ယင်းစိန်ခေါ်မှုနှင့် ခြိမ်းခြောက်မှုများကို ကမ္ဘာ့မိသားစုဝင် နိုင်ငံအားလုံးက ဝိုင်းဝန်းပူးပေါင်းပြီး ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည်။ ယင်းသို့သော အခြေအနေကို လူငယ်ခေါင်းဆောင်များနှင့်ဖွဲ့စည်းထားသည့် Young Global Leaders ကွန်ရက်ကြီးသည် တီထွင်ဆန်းသစ်သော အကြံဉာဏ်များ၊ ချဉ်းကပ်မှုများနှင့် ဉာဏ်စိန်ခေါ်မှုများကို ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့အရေးအရာများတွင် တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်မှုကို အလေးအနက်ထားလျက်ရှိသည်။

မြန်မာနိုင်ငံသည် အာရှဒေသ၏ လမ်းဆုံလမ်းခွတွင်ရှိပြီး လူဦးရေသန်း နှစ်ထောင်ကျော်နေထိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလျင်အမြန်ဆုံးဖြစ်နေသော ဈေးကွက်များကို ချိတ်ဆက်ပေးမည့် မဟာဗျူဟာမြောက်နေရာဖြစ်သည်။ မြန်မာပြည်သူသန်းခြောက်ဆယ်၏ အနာဂတ်ကိုသာမက အာရှဒေသတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျယ်ပြန့်သောအမြင် တွေးခေါ်မှုပုံစံများနှင့် ချဉ်းကပ်မှုများ လိုအပ်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရာ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် ဗဟိုဦးစီးစနစ်၌ လွတ်လပ်သောဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းနိုင်ရန် ကြိုးစား ဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံဉာဏ်၊ အကူအညီများရယူပြီး မိမိနိုင်ငံနှင့်ကိုက်ညီမည့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အခြေခံမူဘောင်ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို မြန်မာနိုင်ငံတွင် လာရောက်ကျင်းပခြင်းဖြင့် နိုင်ငံ့ခေါင်းဆောင်အကြီးအကဲများ၊ အထင်ကရပုဂ္ဂိုလ်များ၊ ပညာရှင်များ၏ တွေးခေါ်ယူဆမှုများကို ကြားသိရပြီး မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲမှုများအတွက် နည်းလမ်းကောင်းများ ရရှိစေမည်ဖြစ်ပြီး မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာမိသားစုပုံစံနှင့် ပူးပေါင်းညှိနှိုင်းပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ရိုးသားကြိုးစားပြီး ဝီရိယခွန်အား စိုက်ထုတ်ခြင်းတို့ဖြင့် ဆောင်ရွက်သွားကြပါက အနာဂတ်မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အံ့မခန်းဖြစ်လာမည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

ဟသ်ာတ-ဇလွန်-ဓနုဖြူလမ်း ယာဉ်ကုန်တန်ချိန်သတ်မှတ်

ရန်ကုန် ဇွန် ၆

မိုးရာသီကာလ လမ်းများမပျက်စီးစေရန် ယာဉ်ကုန်တန်ချိန်သတ်မှတ်ခြင်းကိစ္စအတွက် ဟသ်ာတခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအင်ဂျင်နီယာမှူးရုံး၏ ဇွန် ၃ ရက်စွဲပါစာနှင့် ဟသ်ာတခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ဇွန် ၃ရက်စွဲပါစာတို့အရ ဟသ်ာတမြို့နယ် ကုန်တင်ကားများအသင်းက ကုန်တင်ကားပိုင်ရှင်များထံသို့ ဇွန် ၄ ရက်စွဲစာဖြင့် အကြောင်းကြားစာများပေးပို့လာကြောင်း ဟသ်ာတ-ဇလွန်- ဓနုဖြူလမ်းတွင် ယာဉ်ကုန် ၁၆ တန် အထက်ယာဉ်များ သွားလာခွင့်မပြုကြောင်း၊ အခြားခရိုင်အတွင်းရှိ လမ်းလေးလမ်းတွင် ယာဉ်+ကုန် ၁၆ တန် အထက်၊ လမ်းတစ်လမ်းတွင် ယာဉ်+ ကုန် ၁၀ တန်အထက်၊ လမ်းတစ်လမ်းတွင် ယာဉ်+ကုန် ရှစ်တန်အထက် (ခရီးသည်တင်မှန်လုံယာဉ်များမှအပ) သွားလာခွင့်မပြုကြောင်း ဇွန် ၁ ရက်မှ စက်တင်ဘာ ၃၀ ရက် အထိ မိုးတွင်းကာလ ကန့်သတ်ခြင်းဖြစ်ကြောင်း ကုန်ကားပိုင်ရှင်များက ဆိုသည်။

၂၀၁၂ ခုနှစ် မိုးတွင်းကာလတွင်မူ ဇွန် ၁၅ ရက်မှ အောက်တိုဘာ ၁၅ ရက်အတွင်း မိုးတွင်းကာလ ကန့်သတ်ထားခဲ့ရာ ယခုနှစ်တွင် ၁၅ ရက်စောနေကြောင်း ယာဉ်ပိုင်ရှင် အားလုံးထံသို့လည်း အပြည့်အဝ ကြိုတင်အကြောင်းကြားနိုင်မှုမရှိခဲ့၍ ဇွန် ၂ ရက် ညနေက ဟသ်ာတမြို့ထွက် နင်းကြမ်းလမ်းအသုံးပြုကောက်ခံရေးဂိတ်တွင် ယာဉ်+ကုန် ၁၆တန်ထက်ကျော်သော ကုန်တင်ယာဉ်ကြီးများ ရပ်တန့်ခဲ့ရကြောင်း သတင်းစာအချို့တွင် ဓာတ်ပုံနှင့်တကွ ဖော်ပြလာပြီးနောက် ဇွန် ၄ ရက် နေ့လယ်ပိုင်းတွင် သက်ဆိုင်ရာတို့ စီစဉ်ညှိနှိုင်းပေးမှုကြောင့် ၁၀ ဘီးတစ်စီး၊ ၁၂ ဘီး ခုနစ်စီး၊ နောက်တွဲပါ ၂၂ ဘီး တစ်စီး စုစုပေါင်း ကိုးစီး၊ ဟသ်ာတ- ရန်ကုန်ခရီးစဉ် အသွားအပြန် တစ်ကြောင်း သွားလာခွင့်ပြုလိုက်သဖြင့် အဆင်ပြေသွားကြောင်း ယာဉ်ပိုင်ရှင်များက ဆိုသည်။

ဟသ်ာတခရိုင်အတွင်း သာမက အခြားခရိုင်များအတွင်းရှိ ကျောင်းကုန်း-အိမ်မဲလမ်း၊ ဒါးက-အိမ်မဲလမ်း၊ မြင်းကဆိပ်လမ်း၊ ပုသိမ်ကြိုးတံတား အနီး ဓာတ်မြေသြဇာစက်ရုံ၊ မှန်စက်ရုံများသို့သွားသော လမ်းများတွင်ပါ ယာဉ်+ကုန်တန်ချိန် ကန့်သတ်မှုရှိလာသဖြင့် ယာဉ်+ကုန် ၁၆ တန်ရှိသော ခြောက်ဘီးယာဉ်များ ဟသ်ာတခရိုင်အတွင်းရှိ လမ်းနှစ်လမ်း အပါအဝင် အဆိုပါလမ်းများတွင် မိုးကာလ သွားလာခွင့် မရှိတော့ကြောင်း သိရသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနက လမ်းများမပျက်စီးစေရန် ဘီးနှင့်ဝင်ရိုးအလိုက် ကုန်တင်ယာဉ်များကို အာဆီယံ စံနှုန်းတစ်ရပ်အနေဖြင့် သတ်မှတ်ပေးပြီး ၂၀၁၅ မတိုင်မီ နွေကာလ၊ မိုးကာလဟူ၍ ခွဲခြားသတ်မှတ်ပေးခဲ့ကြောင်း၊ သို့သော် မြစ်ဝကျွန်းပေါ်ဒေသ လမ်းအချို့တွင် မိုးကာလ အာဆီယံစံနှုန်းအတိုင်း တင်ဆောင်သည့် ကုန်တင်ယာဉ်ကြီးများ သွားလာခွင့်မပြုသည့်အတွက် လမ်းများ အဆင့်မြှင့်တင်ပေးစေလိုကြောင်း၊ ကုန်တင်ယာဉ်များ သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်သွားလာလျှင် လမ်းများပျက်စီးမှုမရှိနိုင်ဟုဆိုသော်လည်း အဆိုပါမိုးတွင်းကာလ ကန့်သတ်လမ်းများနှင့် ဆက်စပ်နေသော ရန်ကုန်-ပုသိမ်လမ်းတွင် ကုန်တင်ယာဉ်မျိုးစုံ သတ်မှတ်ယာဉ်+ကုန် အလေးချိန်အပြင် တန်ပိုတင်ဆောင်သွားလာရာတွင် သတ်မှတ်ဒဏ်ကြေးပေးဆောင်ခြင်းသာရှိပြီး တားမြစ်မှုမရှိကြောင်း ရန်ကုန်- ပုသိမ်လမ်းပေါ် ပြေးဆွဲနေသော ယာဉ်မောင်းများကဆိုသည်။

ခင်ဆိုင်

ရေနုတ်မြောင်းအနီး စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေကြ

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများသည် နေ့ပူ၊ မိုးရွာမရှောင် လမ်းမကြီးများ၊ ဈေးများနှင့် ရပ်ကွက်အတွင်း လမ်းများပေါ်တွင် ပြည်သူတို့ နေ့စဉ်စွန့်ပစ်သောအမှိုက်များကို လိုက်လံသိမ်းဆည်းပေးနေသည့် မြင်ကွင်းများသည် နေ့စဉ်လိုပင် မြင်တွေ့နေကျ မြင်ကွင်းဖြစ်သည်။

သို့ရာတွင် ပြည်သူအချို့၏ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကိုလည်း ယနေ့တိုင် မြင်တွေ့နေရဆဲ ဖြစ်သည်။ ပုံမှာ ကမာရွတ်မြို့နယ် အမှတ်(၃) ရပ်ကွက်ထန်းတစ်ပင်လမ်းနှင့်စေတနာသုခလမ်းဆုံရှိ ရေနုတ်မြောင်းကြီးအနီးတွင် အမှိုက်များကို စည်းကမ်းမဲ့ လာရောက်စွန့်ပစ်ထားသည်ကို မြင်တွေ့ရသည့်ပုံဖြစ်သည်။ မြောင်းအတွင်းတွင် အမှိုက်စစ်ဆန်ခါများ တပ်ဆင်ထားပြီး သန့်ရှင်းရေး ဝန်ထမ်းများလာရောက်ဆယ်ယူပြီး သိမ်းဆည်းပေးလေ့ရှိကြောင်း ပတ်ဝန်းကျင်နေသူများကပြောကြသည်။ ဆယ်ယူထားသော အမှိုက်များကို လာရောက်သိမ်းဆည်းသော်လည်း ကားပျက်နေသောရက်များတွင် သိမ်းဆည်းနိုင်ခြင်းမရှိကြောင်း သန့်ရှင်းရေးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။ ယင်းကဲ့သို့ အမှိုက်များ စုပုံထားရာမှ အချို့သောသူများက အမှိုက်ပုံထင်မှတ်၍ လာရောက်စွန့်ပစ်သောကြောင့် အနံ့အသက်နှင့် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း အနံ့အသက်ဆိုးဒဏ်ကို မခံနိုင်သူတစ်ဦးကပြောကြားခဲ့သည်။

ယခုအခါ မြို့ရွာများအလိုက် မိမိဒေသဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုကော်မတီများ ဖွဲ့စည်းပြီးဖြစ်သဖြင့် ယင်းကော်မတီများသည် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ မိမိရပ်ရွာသန့်ရှင်းသာယာလှပစေရန် ဝိုင်းဝန်း လုပ်ဆောင်သင့်ကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ **(၁၆၃)**

ထင်သာမြင်သာ ပြုပြင်စရာ

နိုင်ငံခြားသားဆိုရင် ထန်ဆန်းဂူမှာလည်း ၁၀ ဒေါ်လာ ကောက်ပြီ

တောင်ကြီး မေ ၆

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ဟိုပုံးမြို့နယ်ရှိ ဟတ္ထိပါလမွေစက္က ထန်ဆန်းဂူသည် သဘာဝထုံးကျောက်ဂူဖြစ်ပြီး လှပသည့်ကျောက်စက်မိုးမျှော်၊ ကျောက်စက်ပန်းဆွဲနှင့် ဂူအတွင်း ကြည်ညိုသဒ္ဓါပွားဖွယ်ရာ ပြုပြင်ထားမှုကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ၊ ပြည်ပခရီးသွားများဖြင့် အစဉ်အမြဲစည်ကားလျက်ရှိရာ ယခုနှစ် ဆန်းပိုင်းမှစပြီး အလည်အပတ်လာရောက်ကြသည့် နိုင်ငံခြားသားဧည့်သည်များအား တစ်ဦးလျှင် ဝင်ကြေးငွေအဖြစ် ၁၀ ဒေါ်လာ ကောက်ခံမည်ဖြစ်ကြောင်း ကြေညာထားသည်။

ပြောကြားလျက်ရှိ

ရှမ်းပြည်နယ်အတွင်း ဝင်ကြေးပေးရသည့် နေရာများမှာ အင်းလေး၊ ပင်းတယ၊ ကက္ကူ စကားဒေသများတွင် ငါးဒေါ်လာစီနှင့် ရှေးဟောင်းသုတေသန၊ စာကြည့်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်ဦးစီးဌာန လက်အောက်ရှိ တောင်ကြီး၊ ညောင်ရွှေ ယဉ်ကျေးမှုပြတိုက်များတွင် နှစ်ဒေါ်လာစီသာ ကောက်ခံကြောင်း သိရသဖြင့် ထန်ဆန်းဂူတွင် ၁၀ ဒေါ်လာ ကောက်ခံမှုကို ပြန်လည်စဉ်းစားပေးစေလိုကြောင်း ခရီးသွားအဖွဲ့အစည်းများက ပြောကြားလျက်ရှိသည်။

နိုင်ထွန်း(TGI)

ရွှေစင်မြင်းမိုရ် အာဘိဓမ္မာ
တတိယတွဲ
စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)
09 73093079
09 425022069
ထွက်ပြီ

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Galaxy Software Services Co., Ltd.
Contact Us ...
YGN 09-43064181, 09-73138079, 01-554206
MDY 09-43200283, 09-91050973

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုဝန်ကြီးချုပ်အားလက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် (၂၀၁၃) ဖွင့်ပွဲအခမ်းအနားတက်ရောက်လာသည့် ဗီယက်နမ်ဝန်ကြီးချုပ် Nguyen Tan Dung ၊ လာအိုဝန်ကြီးချုပ် သွန်ဆင်းသမာဗောင်နှင့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(၂၀၁၃) သဘာပတိ Klaus Schwab တို့အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၂၂)ကြိမ်မြောက် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာမြအေး၊ ဦးကျော်လွင်၊ ဦးဇေယျာအောင်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဦးခင်မောင်အေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး လာအိုနိုင်ငံဝန်ကြီးချုပ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီး တက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး၊ မြန်မာ-လာအိုချစ်ကြည်ရေး တံတားတည်ဆောက်ရေး၊ နှစ်နိုင်ငံအကြားစိုက်ပျိုးရေး၊ မွေးမြူရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ခရီးသွားလုပ်ငန်း၊ လေကြောင်း ပို့ဆောင်ရေးကဏ္ဍများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

◆ ရှေ့ဖုံးမှ

အချိန်ကို ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်က ဤဒေသအတွင်းတွင် ကြီးကျယ်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို တွေ့ခဲ့ရပါကြောင်း၊ ဒေသအတွင်းရှိ လူငယ်များသည် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်း၊ ကိုလိုနီအုပ်ချုပ်မှုစနစ်မှ လွတ်မြောက်ခြင်းတို့အပြင် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများမှ လူငယ်များနည်းတူ တန်းတူအခွင့်အလမ်းများကိုလည်း ရရှိခံစားရင်း ကြီးပြင်းလာခဲ့ကြပါကြောင်း။

ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ဤဆွေးနွေးပွဲများတွင် စုပေါင်းဆွေးနွေးကြပြီး ထိုစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများအား ရှာဖွေဖော်ထုတ်နိုင်လိမ့်မည်ဟု မိမိယုံကြည်ပါကြောင်း၊ သာယာဝပြောပြီး ကြွယ်ဝမှုကို အညီအမျှ မျှဝေခံစားနိုင်ရေးအတွက် လက်တွေ့ကျကျ ကိုင်တွယ် လုပ်ဆောင်သွားကြရန်၊ ဆင်းရဲနွမ်းပါးသူများ၊ မိမိကိုယ်မိမိ ကာကွယ်နိုင်မှု အခွင့်အလမ်းအားနည်းသူများ အရေးကို အလေးပေးရန်၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့ ပေါင်းစည်းလာနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန် မိမိအနေဖြင့် တိုက်တွန်းလိုပါကြောင်း။

မိမိတို့ နိုင်ငံသမိုင်း၏ ယခုလို အရေးကြီးသည့် အချိန်ကာလတွင် အဆွေတော်တို့ အနေဖြင့် မြန်မာနိုင်ငံကို ရောက်ရှိလာကြခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့သည် တပ်မတော်အစိုးရအုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံအဖြစ်သို့ ပြုပြင်ပြောင်းလဲရေး၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရပြီးကတည်းက လွတ်လပ်ရေးနှင့်အတူ နိုင်ငံအတွင်း ပေါ်ပေါက်ခဲ့သော လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးနှင့် ဗဟိုကချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် ထိုသို့လုပ်ဆောင်နေသည့် လုပ်ငန်းများမှ သွေဖည်သွားမည်မဟုတ်ကြောင်းကို ကတိပေးပြောကြားလိုပါကြောင်း၊သို့သော် ဤလုပ်ငန်းများ အောင်မြင်ရန်အတွက် အကူအညီနှင့်ပံ့ပိုးမှုများ၊အဆွေတော်တို့၏ ရင်းနှီးမြှုပ်နှံမှုများနှင့်အတွေ့အကြုံ၊ဗဟုသုတ၊နည်းပညာများသည် မိမိတို့အတွက် လွန်စွာမှပင်အရေးပါလှပါကြောင်း၊ ဤကဲ့သို့ငြိမ်းချမ်းသာယာဝပြောနေသော ဒေသအတွင်းမှာရှိကြသည့် မြန်မာလူငယ်များအနေဖြင့်လည်း အလားတူသဘောထားခံယူချက်များထားရှိနိုင်ကြရန် တိုက်တွန်းလိုပါကြောင်း။

အဆွေတော်တို့အားလုံး မြန်မာနိုင်ငံတွင် ရောက်ရှိနေထိုင်စဉ်ကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးကို အလည်အပတ်လှည့်လည်သွားရောက်ကြည့်ရှုနိုင်ကြလိမ့်မည်ဟု မိမိမျှော်လင့်ပါကြောင်း၊ ထိုသို့ လှည့်လည်ကြည့်ရှုကြသည့်အခါ မြန်မာပြည်သူများအားလုံးသည် ၎င်းတို့၏ ဘဝပိုမိုတိုးတက်စေရေးနှင့် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို ဖန်တီးတည်ဆောက်နိုင်ရန် ဆုံးဖြတ်ချက်ချထားပြီး လုပ်ကိုင်ဆောင်ရွက် နေကြကြောင်းကို လက်တွေ့ကျကျ သိရှိခွင့်ရရှိကြမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဗီယက်နမ်ဝန်ကြီးချုပ် Nguyen Tan Dung က မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများဆောင်ရွက်နေမှုအတွက် ဗီယက်နမ်နိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အခြားသော ကမ္ဘာ့နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ယခုဖိုရမ်၌ အတွေးအမြင်သစ်များ ဖော်ထုတ်ပြီး တိုးတက်မှုများရရှိအောင် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် လာအိုဝန်ကြီးချုပ် သွန်ဆင်းသမာဗောင်က ယနေ့အချိန်သည် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်အချိန်ဖြစ်ပါကြောင်း၊ လာအိုနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့်အတွက် အခြားနိုင်ငံများနှင့် ဆက်သွယ်နိုင်ရန် အထူးအရေးကြီးပါကြောင်း၊ ယင်းသို့ဆက်သွယ်နိုင်ရန် တရုတ်နိုင်ငံ ကူမင်းနှင့် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တို့အား ဆက်သွယ်သည့် မီးရထားလမ်းဖောက်လုပ်ရန် စီမံကိန်းရှိပါကြောင်း၊ ယခုဖိုရမ်မှ ဆင်းရဲမှုလျှော့ချရေးနှင့် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး ဆွေးနွေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဖိုရမ်သဘာပတိက တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများအား ကျေးဇူးတင်ရှိကြောင်း ဂါရဝပြုပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုပြုလုပ်သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ဇွန် ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

များအား Master Plan အရ PE Coated Pipe များဖြင့် အစားထိုးလဲလှယ်လျက်ရှိရာ ၂၀၁၃- ၂၀၁၄ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း Master Plan စီမံကိန်းအရ ပိုက်လိုင်းအဟောင်းများကို PE Coated Pipe များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများ ပြီးစီးသွားပါက ပိုက်ပေါက်ခြင်းဖြစ်စဉ်များ မဖြစ်ပေါ်တော့ဘဲ သဘာဝဓာတ်ငွေ့ကိုစဉ်ဆက်မပြတ် ပို့လွှတ်သွားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

စွမ်းအင်ဝန်ကြီးဌာန

နိုင်ငံတကာသတင်း

ကီဆောင်စက်မှုဇုန် ပြန်လည်ဖွင့်လှစ်ရေး မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့ ဆွေးနွေးမည်

ပြုံယမ်း ဇွန် ၆

ကီဆောင်စက်မှုဇုန်ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးတို့အပြင် ကမ်ဂန်တောင်သို့ခရီးသွားလုပ်ငန်းများ ပြန်လည်သွားလာနိုင်ရေးတို့နှင့်ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ကေစီအင်န်အေသတင်းဌာနက ဇွန် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်မှာ မြောက်ကိုရီးယားနိုင်ငံမှ ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးဆိုင်ရာ ကော်မတီ(စီပီအာကေ)ကော်မတီမှ ထုတ်ပြန်သော အထူးထုတ်ပြန်ချက် အစီရင်ခံစာကို ကေစီအင်န်အေ သတင်းဌာနက ဖော်ပြခြင်းဖြစ်သည်။

တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ လာမည့် ဇွန် ၁၅ ရက်တွင် တွေ့ဆုံဆွေးနွေးကာ ကီဆောင်စက်မှုဇုန်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးနှင့် ကမ်ဂန်တောင်ခရီးစဉ်များ ပြန်လည်ဖွင့်လှစ်ရေးတို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ၄င်းအစီရင်ခံစာ၌ ဖော်ပြထားသည်။

လွန်ခဲ့သည့် ၂၀၀၀ ပြည့်နှစ် ဇွန် ၁၅ ရက်က တောင်ကိုရီးယားသမ္မတ ကင်ဒေးဂျုံနှင့်မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီတို့တွေ့ဆုံဆွေးနွေးပွဲနှစ်ပတ်လည်ရက်၌ ယခုတွေ့ဆုံဆွေးနွေးရန်စီစဉ်ခြင်းဖြစ်သည်။ ယခုနှစ် ဆွေးနွေးပွဲ၌ နှစ်နိုင်ငံကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်မှုများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြမည်ဖြစ်သည်။ **(ဆင်ဟွာ)**

အမေရိကန်ရေငုပ်သင်္ဘောနှစ်စင်း ဖိလစ်ပိုင်သို့ ဆိုက်ရောက်မည်

မနီလာ ဇွန် ၆

အမေရိကန်ရေတပ်မှ ရေငုပ်သင်္ဘော ယူအက်စ်အက်စ်ဖရန့်ကာဘယ် (AS 40) နှင့် ယူအက်စ်အက်စ်အက်ရှီဗီလီ (အက်စ်အက်စ်အင်န် ၇၅၈) တို့သည် ဖိလစ်ပိုင်နိုင်ငံသို့ ယခုသီတင်းပတ်ကုန်တွင် ဆိုက်ရောက်လာမည်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အမေရိကန်သံရုံးက ဇွန် ၆ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ ရေငုပ်သင်္ဘောများအနက် ယူအက်စ်အက်စ်ဖရန့်ကာဘယ်သည် ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း ဆူးဘစ်ပင်လယ်အော်ဆိပ်ကမ်းသို့ ဇွန် ၇ ရက်၌ ဆိုက်ရောက်လာမည်ဖြစ်ပြီး ယူအက်စ်အက်စ် အက်ရှီဗီလီမှာ ဇွန် ၈ ရက်တွင် ဆိုက်ရောက်လာမည်ဖြစ်သည်။

ဖရန့်ကာဘယ် ရေငုပ်သင်္ဘောတွင် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ ပါဝင်လာပြီး အမေရိကန်အမှတ် (၇) ရေတပ်မှ ရေကြောင်းလုံခြုံရေးဆိုင်ရာ ရွေ့လျား ရေငုပ်သင်္ဘောဖြစ်သည်။ ၄င်းရေငုပ်သင်္ဘော၏ အခြေစိုက်စခန်းမှာ ဂူအမ်၌ဖြစ်သည်။ အက်ရှီဗီလီရေငုပ်သင်္ဘော၏ အခြေစိုက်စခန်းမှာ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီရို၌ဖြစ်သည်။

ထို့အတူ အမေရိကန်ပစိဖိတ်ရေတပ်မှ တပ်မှူးအက်မီရယ်ဆမ်မြူရယ်ဂျေလော့ခ်လာ III သည် မနီလာမြို့သို့ လာရောက်ကာ ဖိလစ်ပိုင်စစ်ဘက်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ **(ဆင်ဟွာ)**

အိန္ဒိယနိုင်ငံမှ ငါးဖမ်းသမားများအား သီရိလင်္ကာ ဖမ်းဆီး

ကိုလံဘို ဇွန် ၆

သီရိလင်္ကာရေပြင်ပိုင်နက်အတွင်း ဝင်ရောက်ကာ တရားမဝင်ငါးဖမ်းသူ အိန္ဒိယနိုင်ငံသား ငါးဖမ်းသမား ၄၉ ဦးတို့အား သီရိလင်္ကာရေတပ်မှ ဖမ်းဆီးခဲ့ကြောင်း သီရိလင်္ကာအရာရှိများက ဇွန် ၆ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါ ငါးဖမ်းသမားများအနက် ၂၄ ဦးကို သီရိလင်္ကာနိုင်ငံ မင်နာမြို့မြောက်ပိုင်း ကမ်းလွန်ရေပြင်၌ ဖမ်းဆီးခဲ့ပြီး ကျန် ၂၅ ဦးကို ဂျက်ဖ်ဖာမြို့ မြောက်ပိုင်းကမ်းလွန်ရေပြင်၌ ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်ဟု သီရိလင်္ကာရေတပ်မှ ပြောရေးဆိုခွင့်ရှိသူ ကိုဆာလာက ပြောကြားသည်။

ထို့အပြင် ၄င်းငါးဖမ်းသမားများစီးနင်းလာသော ငါးဖမ်းရေယာဉ်ငယ် ၁၀ စီးကိုလည်း သီရိလင်္ကာအရာရှိများက သိမ်းဆည်းထားခဲ့သည်။ သီရိလင်္ကာရေပြင်ပိုင်နက်အတွင်းသို့ ဝင်ရောက်ငါးဖမ်းသည့် အိန္ဒိယငါးဖမ်းသမားများအနေဖြင့် ပထမဆုံး ရဲတပ်ဖွဲ့သို့ လွှဲပြောင်းခြင်းဖြစ်ကြောင်း သီရိလင်္ကာရေတပ်ပြောရေးဆိုခွင့်ရှိသူ ကိုလာက ပြောကြားသည်။

သဘောတူထား

ပြီးခဲ့သည့်လကလည်း အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့နှင့် သီရိလင်္ကာရေတပ်တို့သည် ငါးဖမ်းသမားများကို အပြန်အလှန်ဖမ်းဆီးမှုပြုလုပ်ခဲ့ကြသည်။ အိန္ဒိယနှင့် သီရိလင်္ကာနှစ်နိုင်ငံတို့သည် ငါးဖမ်းသမားများကို မိခင်နိုင်ငံပြန်ပို့ရန် သဘောတူထားပြီးဖြစ်သည်။ **(ဆင်ဟွာ)**

အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်မှ ကမ္ဘာ့စင်မြင့်သို့ တက်ရောက်မည့် မြန်မာ

မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပသည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သည် မည်သူမဆို မျှော်လင့်တောင့်တနေသည့် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် လှုပ်ရှားမှုဆိုင်ရာ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ကမ္ဘာပေါ်တွင် မွန်ဂိုလီးယားနှင့် ဂျော်ဂျီယာနိုင်ငံတို့ပြီးလျှင် စီးပွားရေးတိုးတက်မှု၌ နောက်ထပ်အသစ်မွေးဖွားဖြစ်ထွန်းလာမည့် မြန်မာနိုင်ငံ၏ အနေအထားကို ဖွင့်လှစ်ပြသရာရောက်စေသည့် ဖိုရမ်လည်းဖြစ်ကြောင်း သည်ဝေါစထရိ(တ်)ဂျာနယ်၌ ဖော်ပြသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆက်တိုက်လုပ်ဆောင်နေသည့် မြန်မာနိုင်ငံအတွက် ယခုကျင်းပနေသည့် ဖိုရမ်သည် ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ပြန်လည်ထိတွေ့ဆက်ဆံသည့် အရေးကြီးသော ခြေလှမ်းလည်းဖြစ်သည်။

လာမည့်နှစ်၌ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် လွှဲပြောင်းတာဝန်ယူဆောင်ရွက်ရမည့်အချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ယခုကျင်းပသည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်ကျင်းပခြင်း၏ အကျိုးကျေးဇူးများအား စတင်ထိတွေ့ခံစားရမှုကို သိရှိမြင်တွေ့ရမည်ဖြစ်သည်။ အာဆီယံနှင့် အိန္ဒိယကုန်သွယ်မှုပမာဏမှာ ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၃ ဘီလီယံအထိရှိပြီး လာမည့် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ အထိရှိလာအောင် ရည်မှန်းထားသည်။

ယခုကျင်းပသည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝသယံဇာတပေါကြွယ်ဝပြီး လူဦးရေအချိုးအစားမျှတသည်ဖြစ်ရာ ကမ္ဘာပေါ်တွင် နောက်ထပ်အသစ်ပေါ်ထွက်လာမည့် စီးပွားရေး တိုးတက်လာမည်ဖြစ်သော နိုင်ငံတစ်နိုင်ငံ၏ ပုံရိပ်ကိုလည်း ဖော်ပြရာရောက် ကြောင်း ရေးသားထားသည်။

" မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းများနှင့် စက်ရုံအလုပ်ရုံများ စုစည်းပေါင်းစုံလာမည့် ဗဟိုအချက်အချာကျသောနေရာ၌ တည်ရှိနေပြီး ကမ္ဘာ့စီးပွားရေးတွင် လှုပ်ရှားတက်ကြွမှု အရှိဆုံးဒေသ၏ အဓိကအသည်းနှလုံးနေရာ၌ တည်ရှိနေကြောင်း" မက်ကင်ဆေးကမ္ဘာ့စီးပွားရေးဆိုင်ရာ သိပ္ပံက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်ဟု သည်ဝေါစထရိ(တ်)ဂျာနယ်၌ ဖော်ပြထားသည်။

ယခုအခါ မြန်မာနိုင်ငံအား ကမ္ဘာတစ်ဝန်းမှ ပညာရှင်များ၊ ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံသူများအားလုံးကို ပေါင်းစည်းစေရာ မြန်မာအစိုးရက စိတ်စေတနာကောင်းဖြင့် အခြေခံအုတ်မြစ်တစ်ရပ်ချပေးခြင်းဖြစ်သည်။ ဤဖိုရမ်မှ မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ၊ အခွင့်အလမ်းကောင်းများကို မြန်မာနိုင်ငံအနေဖြင့် သေချာပိုင်နိုင်စွာ ဖမ်းယူဆုပ်ကိုင်ရမည်ဖြစ်ကြောင်း သည်ဝေါစထရိ(တ်)ဂျာနယ်၌ ရေးသားဖော်ပြထားသည်။ **(သည်ဝေါစထရိ(တ်)ဂျာနယ်)**

ကျူးဘားအနောက်ပိုင်းပြည်နယ်များ ရေလွှမ်းမှုဖြစ်ပေါ်နိုင်ဟု သတိပေး

ဟာဗားနား ဇွန် ၆

ကျူးဘားနိုင်ငံ အနောက်ပိုင်းပြည်နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် ရေလွှမ်းမှုဘေးအန္တရာယ်နှင့် ကြုံတွေ့ရနိုင်ကြောင်း ကျူးဘားနိုင်ငံ အမျိုးသားမြို့ပြကာကွယ်ရေးအဖွဲ့က ဇွန် ၆ ရက်တွင် သတိပေးချက်ထုတ်ပြန်ထားသည်။

ကျူးဘားနိုင်ငံ အနောက်ပိုင်းဒေသများတွင် လွန်ခဲ့သည့်ရက် အနည်းငယ်ကပင် မိုးများသည်းထန်စွာ ဆက်တိုက်ရွာသွန်းနေသဖြင့် ပီနာဒယ်ရီရို၊ ဟာဗားနား၊ မေယာဘီဂွီနှင့် အစ်လီပြည်နယ်များတွင် ရေလွှမ်းမှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း သတိပေးထားခြင်းဖြစ်သည်။

လောလောဆယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပီနာဒယ်ရီရိုပြည်နယ်တွင် ဒေသခံ ၁၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနေရသည်။ လာမည့် ၄၈နာရီအတွင်း မြေပြိုမှု၊ ရေလွှမ်းမှုများ ဆက်လက်ဖြစ်ပေါ်လာနိုင်ကြောင်း ၄င်းပြည်နယ်အရာရှိများက ပြောကြားသည်။ **(ဆင်ဟွာ)**

တစ်ပတ်လျှင် သုံးကြိမ် ကားဖြင့်ဈေးသွားလေ့ရှိသည့် နယူးဇီလန်မှ အသက်အကြီးဆုံးယာဉ်မောင်း

ဝါရှင်တန် ဇွန် ၆

နယူးဇီလန်နိုင်ငံသား ဘော့အက်ဒ်ဝပ်သည် အသက် ၁၀၅ နှစ်ရှိနေပြီး ကားများမောင်းနှင်နေဆဲဖြစ်သည်။ ၄င်းသည် နယူးဇီလန်နိုင်ငံတွင် ယာဉ်မောင်းလိုင်စင်ရှိသော အသက်အကြီးဆုံး ယာဉ်မောင်းတစ်ဦးဖြစ်ပြီး ကမ္ဘာပေါ်ရှိ အသက်အကြီးဆုံးယာဉ်မောင်းတစ်ဦးတွင် ပါဝင်သည်။

မစ္စတာအက်ဒ်ဝပ်သည် ယူကေမှ နယူးဇီလန်သို့ မပြောင်းရွှေ့မီ နှစ်နှစ်ခန့်ဖြစ်သော ၁၉၂၅ ခုနှစ်က သူ၏ အသက် ၁၇ နှစ်အရွယ်တွင် ပထမဆုံးယာဉ်မောင်းလိုင်စင် ရရှိခဲ့သည်။ ယခုလောလောဆယ် သူသည် လေးဘီးပါ မီဆူဘီရှိကားမောင်းနေလျက်ရှိပြီး သူ၏နေထိုင်မှုဘဝပုံစံအား အလွန်ဂုဏ်ယူလျက်ရှိသည်။

သူသည် တစ်ပတ်လျှင် သုံးကြိမ်ခန့် ကားဖြင့် ဈေးသွားလေ့ရှိကာ အသက် ၉၁ နှစ်အရွယ်ရှိ ဇနီးသည်အား ချက်ပြုတ်ကျွေးလေ့ရှိသည်။ " ကားမောင်းတာက ကျွန်တော့်ဘဝရဲ့တစ်စိတ်တစ်ပိုင်း ဖြစ်နေပါပြီဗျာ" ဟု ၄င်းက ပြောကြားသည်။

လက်ရှိ ကမ္ဘာ့အသက်အကြီးဆုံး ယာဉ်မောင်းမှာ အသက် ၁၀၈ နှစ်ရှိ ဖရက်ပေါးဆိုသူဖြစ်ပြီး ၄င်းသည် ကမ္ဘာ့အသက်အကြီးဆုံး ယာဉ်မောင်းအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်ထားသူဖြစ်သည်။ **(ဘီဘီစီ)**

အမေရိကန်၌ လေးထပ်အဆောက်အအုံပြိုကျ ခြောက်ဦးသေဆုံး၊ ပိတ်မိနေသူများကျန်ရှိ

ဝါရှင်တန် ဇွန် ၆

အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီးယားမြို့၌ ဖြစ်ပွားခဲ့သော လေးထပ်အဆောက်အအုံတစ်ခုပြိုကျမှုတွင် ခြောက်ဦးသေဆုံးခဲ့ပြီး ၁၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ယခုအချိန်အထိ အပျက်အစီးများကြား ပိတ်မိနေသူ ၁၀ ဦးခန့်ရှိနေနိုင်သေးကြောင်း အမေရိကန်သတင်းဌာနက ဇွန် ၅ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

ဖီလာဒဲလ်ဖီးယားမြို့လယ်ရှိ အဆိုပါလေးထပ်အဆောက်အအုံပြိုကျမှုသည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အဆောက်အအုံတွင်းနေထိုင်သူများ၏ ပြောကြားချက်အရ သိရသည်။

အစောပိုင်းထုတ်ပြန်သည့် သတင်းများအရ အပျက်အစီးများကြား၌ ရှစ်ဦးမှ ၁၀ ဦးခန့်အထိ ပိတ်မိနေနိုင်ကြောင်း သိရသည်။ ဖီလာဒဲလ်ဖီးယားမြို့ရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ အလျင်အမြန်ရောက်လာကြပြီး ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆောက်အအုံပြိုကျမှုနှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်းမသိရသေးမီ အဆောက်အအုံ၏နောက်ဘက် တံခါးမကြီးမှာ ဖျက်ဆီးခံထားရသည်ကိုတွေ့ရသည်ဟုဆိုသည်။ **(ဆင်ဟွာ)**

ဆက်ဆံရေးအရှိန် တိုးမြှင့်လာတဲ့ တရုတ်နဲ့ကရစ်ဘီယံနိုင်ငံများ

မောင်နွေသစ်

တရုတ်နိုင်ငံဟာ ခြေလှမ်းကျဲကျဲနဲ့ စီးပွားရေးကဏ္ဍမှာ အရှိန်မြှင့်နေသလို နိုင်ငံတကာဆက်ဆံရေးကိုလည်း အရှိန်မြှင့်လာတာ တွေ့ရပါတယ်။ တရုတ်သမ္မတသစ် ဖြစ်လာတဲ့ ရှီကျင့်ဖျင်အနေနဲ့ ယခုအခါမှာ ပြည်ပဆက်ဆံရေးကို အရှိန်တိုးမြှင့်လာတာ တွေ့ရပါတယ်။

ထရီနီဒက်နဲ့ တိုဘာဂိုသမ္မတနိုင်ငံကို အလည်အပတ်ရောက်ရှိနေတဲ့ တရုတ်သမ္မတက ဇွန် ၂ ရက်မှာ တရုတ်နဲ့ ကရစ်ဘီယံနိုင်ငံတွေအကြား ပိုမိုတက်တက်ကြွကြွပူးပေါင်းဆောင်ရွက်သွားဖို့ တိုက်တွန်းလိုက်ပါတယ်။ ဂိုင်ယာနာနိုင်ငံဟာ တရုတ်နဲ့သံတမန်ဆက်ဆံရေးထူထောင်မယ့် ပထမဆုံးအင်္ဂလိပ်စကားပြော ကရစ်ဘီယံနိုင်ငံဖြစ်လာလိမ့်မယ်လို့ ဂိုင်ယာနာသမ္မတဒေါ်နယ်ရာမော်တာနဲ့ တွေ့ဆုံစဉ်သမ္မတရှီကျင့်ဖျင်က ပြောဆိုလိုက်ပါတယ်။

တရုတ်နိုင်ငံအနေနဲ့ ဂိုင်ယာနာနိုင်ငံနဲ့ အစိုးရအချင်းချင်း၊ ပါလီမန်အချင်းချင်း၊ နိုင်ငံရေးပါတီအချင်းချင်း ပိုမိုဆက်ဆံ ပူးပေါင်းလိုကြောင်း၊ အခြေခံအဆောက်အအုံတွေ၊ သတ္တုတူးဖော်ရေး၊ စိုက်ပျိုးရေး၊ သစ်တောနဲ့ သားငါးကဏ္ဍတွေမှာ ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်လိုတဲ့အကြောင်း တရုတ်သမ္မတက ဖွင့်ဟပြောကြားလိုက်ပါတယ်။

ဂိုင်ယာနာမှာ လေဆိပ်တည်ဆောက်ရေး၊ ရေအားလျှပ်စစ်စက်ရုံတည်ဆောက်ရေးနဲ့ e-government ထူထောင်ရေးစတဲ့ စီမံကိန်းလုပ်ငန်းတွေဆောင်ရွက်သွားဖို့ တရုတ်က ကတိပြု ပြောကြားလိုက်ပါတယ်။

ဂိုင်ယာနာနိုင်ငံအနေနဲ့ တရုတ်ယခုလို တရုတ်နိုင်ငံအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို အကူအညီပေးရေးအတွက် ကမ္ဘာ့ငြိမ်းချမ်းရေး ခိုင်မာအောင် တည်ဆောက်နေတာ တွေ့ရတော့ အလွန်ပင် ဝမ်းမြောက်မိတဲ့အကြောင်း ဂိုင်ယာနာသမ္မတ ရာမော်တာက ပြောကြားခဲ့ပါတယ်။

ဂိုင်ယာနာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ယခုထက်အရှိန်မြှင့်သွားမယ်လို့လည်း ဂိုင်ယာနာသမ္မတက ပြောပါတယ်။

အင်တီဂွါနှင့် ဘာဘူဒါနိုင်ငံကလည်း ကရစ်ဘီယံဒေသမှာ တရုတ်နိုင်ငံရဲ့အရေးပါတဲ့ မိတ်ဖက်နိုင်ငံဖြစ်တယ်လို့လည်း တရုတ်သမ္မတ ရှီကျင့်ဖျင်က အင်တီဂွါနှင့်ဘာဘူဒါ ဝန်ကြီးချုပ် ဘယ်ဒါဝင်စပင်ဆာနဲ့ တွေ့ဆုံစဉ် ပြောကြားလိုက်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ပြည်သူတွေရဲ့ လူမှုဘဝနဲ့ ခရီးသွားလုပ်ငန်းဆက်စပ်နေတဲ့ အင်တီဂွါနှင့် ဘာဘူဒါနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားဖို့ အသင့်ရှိကြောင်း တရုတ်သမ္မတက ဆက်လက်ပြောကြားလိုက်ပါတယ်။ သံတမန်ဆက်ဆံမှုနှစ် ၃၀ ပြည့်မြောက်တော့မယ့် တရုတ်နဲ့ အဆိုပါနိုင်ငံအကြား ဆက်ဆံရေးကို အမြင့်ဆုံးတိုးမြှင့်သွားမယ်လို့ သမ္မတ ရှီကျင့်ဖျင်ကပြောပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အင်တီဂွါနှင့် ဘာဘူဒါနိုင်ငံကို အကူအညီတွေပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ဝန်ကြီးချုပ်စပင်ဆာက တုံ့ပြန်ပြောကြားလိုက်ပါတယ်။ စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုစတဲ့ ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်သွားမယ်လို့လည်း စပင်ဆာက ထပ်လောင်းပြောကြားလိုက်ပါတယ်။

တရုတ်နိုင်ငံအနေနဲ့ ယခုကဲ့သို့ ကရစ်ဘီယံနိုင်ငံတွေနဲ့ ဆက်ဆံရေး တိုးမြှင့်လာတဲ့အတွက် နှစ်ဦးနှစ်ဖက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုတွေ ဆက်လက်တိုးတက်လာမယ်လို့ မျှော်လင့်ရပါတယ်။

နိုင်ငံတကာသတင်း

လတ်ဗီးယားယူရိုငွေသုံးနိုင်ငံဖြစ်လာ

လတ်ဗီးယားနိုင်ငံသည် ဥရောပကော်မရှင် အဖွဲ့ဝင်အဖြစ် သဘောတူခဲ့ပြီးနောက် ၁၈နိုင်ငံမြောက် ယူရိုငွေသုံး နိုင်ငံဖြစ်လာတော့မည်ဖြစ်သည်။ ဘော်လ်တန်နိုင်ငံတစ်နိုင်ငံဖြစ်သည့် လတ်ဗီးယားသည် တစ်ခုတည်းသော ငွေကြေးအဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ဥရောပကော်မရှင်က အတည်ပြုထုတ်ပြန်ခဲ့သည်။ လတ်ဗီးယားနိုင်ငံသည် ရုရှားအပေါ် မှီခိုနေရခြင်းကို လျှော့ချပြီး အနောက်ဥရောပနှင့် ဆက်ဆံမှုကို တိုးမြှင့်သွားရန် လိုလားလျက်ရှိသည်။ ယင်းနိုင်ငံသည် လာမည့် ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး ယူရိုငွေသုံးနိုင်ငံဖြစ်လာမည် ဖြစ်သည်။

....

တူရကီရဲချုပ်နုတ်ထွက်ပေးရန် ပြည်သူတောင်းဆို

ဆန္ဒပြလူထုကို အကြမ်းဖက်လက်တုံ့ပြန်ခဲ့သော တူရကီရဲချုပ် နုတ်ထွက်ပေးရန် အစ္စတန်ဘူလ်၊ အန်ကာရာနှင့် အခြားသောမြို့ကြီးများ၌ ဆန္ဒပြသူများက တောင်းဆိုခဲ့သည်။ ဒဏ်ရာရဆန္ဒပြသူများအား ဒုတိယဝန်ကြီးချုပ် ဘူးလင့်အာရင့် အနေဖြင့်လည်း တောင်းပန်ရမည်ဟု ၎င်းတို့က ထပ်မံတောင်းဆိုထားသည်။ ဆန္ဒပြမှုတွင် ထောင်နှင့်ချီသောအလုပ်သမားများ ပါဝင်လာပြီး ဝန်ကြီးချုပ်ရေးဆက်တေရစ်အာဒိုဂန် အမြန်ဆုံးနုတ်ထွက်ပေးရန်လည်း တောင်းဆိုထားသည်။

....

ကန့်လေကြောင်းတိုက်ခိုက်မှု အဆုံးသတ်ရန် နာဝပ်ရှုရစ် တောင်းဆို

ပါကစ္စတန်နိုင်ငံအတွင်း အမေရိကန်တို့အနေဖြင့် မောင်းသူမဲ့ လေယာဉ်သုံးပြီးတိုက်ခိုက်ခြင်းကို အဆုံးသတ်ပေးရန် ဝန်ကြီးချုပ်သစ် နာဝပ်ရှုရစ်က တိုက်တွန်းလိုက်သည်။ မိမိတို့နိုင်ငံအနေဖြင့် အခြားသောနိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားပါကြောင်း၊ အခြားနိုင်ငံများကလည်း မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို လေးစားသင့်ပါကြောင်း နာဝပ်ရှုရစ်က ပထမဆုံးသော မိန့်ခွန်းတွင်ပြောကြားသည်။ ၁၉၉၉ ခုနှစ်က အာဏာသိမ်းခံရသော ဝန်ကြီးချုပ်သစ်နာဝပ်ရှုရစ်သည် ဇွန် ၅ ရက်နှောင်းပိုင်းတွင် တတိယအကြိမ်မြောက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

မြင့်မောင်စိုး-စုစည်းသည်

မင်းသမီး ကိတ်ဝင်းစလက် ခင်ပွန်းအတွက် သားသမီးရတနာမွေးပေးလို

တိုင်တန်းနစ်သင်္ဘောကြီး နစ်မြုပ်ခဲ့သည့် ဖြစ်ရပ်မှန်ဇာတ်ကားကို ဇာတ်လမ်းဆင်ရိုက်ကူးခဲ့သော ဟောလီးဝုဒ်ရုပ်ရှင် တိုင်တန်းနစ်ဇာတ်ကားမှ သရုပ်ဆောင်မင်းသမီး ကိတ်ဝင်းစလက်သည် တစ်လောက မင်္ဂလာဆောင်ခဲ့ပြီး ယခုအခါတွင် သားသမီးရတနာလိုချင်နေကြောင်း ပီတီအိုင်သတင်းဌာနက သတင်းဖော်ပြသည်။

မင်းသမီးကိတ်ဝင်းစလက်သည် ယခင်ခင်ပွန်းဟောင်းများနှင့် သားသမီးနှစ်ဦးထွန်းကားခဲ့သည်။ လက်ရှိခင်ပွန်းသည် နက်ဒ်ရော့ခ်အင်ရိုးနှင့် ကလေးရယူလိုသည့် စိတ်ဆန္ဒပြင်းပြနေကြောင်း အမေရိကစတားမဂ္ဂဇင်းက သတင်းရင်းမြစ်တစ်ခုကို ကိုးကားဖော်ပြသည်။

ခင်ပွန်းသည် နက်ဒ်က ဖခင်ဘဝကို အလွန်လိုချင်နေကြောင်း၊ မင်းသမီးက ဖြည့်ဆည်းပေးရန် ဆန္ဒရှိကြောင်း၊ တီတီတာတာ ချစ်စဖွယ်ကလေးငယ်ကို ၎င်းတို့နှစ်ဦးက ယခုနှစ်မကုန်ခင် မွေးဖွားရန် စိတ်ကူးကိုအကောင်အထည်ဖော်မည်ဖြစ်ကြောင်း ထိုမဂ္ဂဇင်းတွင် ဖော်ပြသည်။

ကိတ်ဝင်းစလက်တို့ ဇနီးမောင်နှံနှစ်ဦးအတွက် ရင်သွေးရတနာရရှိရေးသည် အိမ်ထောင်သည်ဘဝ ဦးစားပေးအိပ်မက်ဖြစ်နေကြောင်း ယင်းသတင်းရင်းမြစ်က ဆိုသည်။

မင်းသမီးကိတ်ဝင်းစလက်သည် နက်ဒ်မတိုင်မီ ပထမဦးဆုံး ခင်ပွန်းဖြစ်သူ ဂျင်ဘာရီယာပလီတွန်နှင့် သမီးငယ်လေး မီယာကို ရရှိခဲ့သည်။ မီယာသည် ယခုအချိန်တွင် အသက် ၁၁ နှစ်အရွယ်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။ ထို့နောက် ဒုတိယအိမ်ထောင် ဆမ်မင်းဒီက်စ်နှင့် ဂျိုးကို မွေးဖွားသည်။ ထိုကလေးငယ်သည် ယခုအခါတွင် အသက်ရှစ်နှစ်အရွယ်ရှိနေပြီ ဖြစ်သည်။

ယခုလက်ရှိခင်ပွန်းသည် နက်ဒ်နှင့် ပြီးခဲ့သည့်လ အနည်းငယ်အတွင်းက တတိယအကြိမ် အိမ်ထောင်တည်ထောင်ခြင်းဖြစ်သည်။ နက်ဒ်သည် နာမည်ကြီးပုဂ္ဂလိက အာကာသလုပ်ငန်းရှင်တစ်ဦး၏ တူတော်သူဖြစ်သည်။

မောင်သံဆင့်-ရေးသည်

နာဆာက သိပ္ပံဂြိုဟ်တု လွှတ်တင်မည်

နေ၏ အနိမ့်ဆုံးလေထုလွှာနှင့် ကြားခံဧရိယာကို လေ့လာရန် ယခုနှစ်ဇွန်လအတွင်း သိပ္ပံဆိုင်ရာဂြိုဟ်တုတစ်လုံးကို လွှတ်တင်ရန် စီစဉ်ထားကြောင်းအမေရိကန် အာကာသအေဂျင်စီ(နာဆာ)က ထုတ်ဖော် ပြောကြားသည်။

ယင်းဂြိုဟ်တုကို ကယ်လီဖိုးနီးယားပြည်နယ်အလယ်ပိုင်း ဗန်ဒန်ဘတ် လေတပ်အခြေစိုက်စခန်းမှ ပီဂါဆက်စ် အိတ်ချ်အယ်လ်ဒုံးပျံဖြင့် ဇွန် ၂၆ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

နေ၏ အနိမ့်ဆုံးလေထုလွှာအတွင်း နေမှ ထွက်ပေါ်လာသော ရောင်ခြည်များ ဖြတ်သန်းရွေ့လျားမှု၊ နေစွမ်းအင်များ စုစည်းဖြစ်ပေါ်မှု၊ ရောင်ခြည်များ ပျံ့နှံ့ဖြစ်ပေါ်မှုများကို ယင်းဂြိုဟ်တုက လေ့လာကာ အချက်အလက်များ ထုတ်ပြန်ပေးမည် ဖြစ်သည်။

နေမှထွက်ပေါ်လာသော ရောင်ခြည်များသည် ကမ္ဘာ့အနီး လေထုလွှာအတွင်းကျရောက်ကာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေနိုင်သည့် ရိုက်ခတ်မှုရှိသည်။ ထို့ကြောင့် ပထမဆုံးအကြိမ်အဖြစ် သိပ္ပံဂြိုဟ်တုကို လွှတ်တင်ကာ လေ့လာမှုများပြုလုပ်ရန် စီစဉ်နေခြင်းဖြစ်သည်။

မကြာမီလွှတ်တင်မည့် ယင်းဂြိုဟ်တုတွင် ခရမ်းလွန်ရောင်ခြည် တယ်လီစကုတ်တစ်ခု၊ အာကာသပုံရိပ်များကို ဖမ်းယူနိုင်သည့် ကိရိယာတစ်ခုတို့ကို သယ်ဆောင်သွားမည်ဖြစ်သည်။ ယင်းသိပ္ပံဂြိုဟ်တုသည် အဆိုပါ လေ့လာမှုကို နှစ်နှစ်ကြာပြုလုပ်ရန်စီစဉ်ထားကြောင်း နာဆာက ပြောကြားသည်။

အာကာဟိန်း-ရေးသည်

နေလောင်ခံခရင်မ် လိမ်းပေးခြင်းက အသားအရေရင့်ရော်မှုကို တားဆီးပေးနိုင်

နေ့စဉ် နေလောင်ခံခရင်မ် လိမ်းပေးခြင်းဖြင့် အသားအရေ အိုမင်းရင့်ရော်မှုကို တားဆီးပေးနိုင်ကြောင်း ဩစတြေးလျနိုင်ငံမှ လေ့လာမှုအသစ်တစ်ရပ်က ဆိုထားသည်။ နေလောင်ခံခရင်မ်လိမ်းပေးခြင်း၏ ကောင်းကျိုးများကို ယခင်ကတည်းက သိရှိပြီးဖြစ်သော်လည်း ဤကဲ့သို့ လိမ်းပေးခြင်းက အသားအရေနေလောင်ခြင်းကို ကာကွယ်ပေးကာ အရေပြားကင်ဆာဖြစ်ပေါ် မှုကို လျော့ကျစေနိုင်သည်ဟူသော ယခုလေ့လာမှုက အရေပြားဆရာဝန်များအနေဖြင့် ၎င်းတို့၏ လူနာများအား လမ်းညွှန်ရာတွင် အားဖြည့်ကူညီရာရောက်သည်ဟု လေ့လာမှုတွင် မပါဝင်သူတစ်ဦးက ဆိုသည်။

လေ့လာ

အဆိုပါတွေ့ရှိမှုသည် အသက် ၅၅ နှစ်အောက် အရွယ်ရောက်သူ ၉၀၃ ဦးကို လေးနှစ်ခွဲကြာ သုတေသနပြုလေ့လာခဲ့ခြင်းဖြစ်သည်။ တစ်နေ့လျှင် အနည်းဆုံးတစ်ကြိမ် နေလောင်ခံခရင်မ် ပုံမှန်လိမ်းသူများသည် အသားအရေရင့်ရော်မှု ၂၄ ရာခိုင်နှုန်း လျော့ကျမှုရှိကြောင်း တွေ့ရသည်ဟုဆိုသည်။ သို့သော် ယင်းလေ့လာမှုက အသက် ၅၅နှစ်ကျော်သူများတွင်လည်း အလားတူ အကျိုးသက်ရောက်မှုရှိသည်ဟု မဆိုထားပေ။ အဘယ်ကြောင့်ဆိုသော် အဆိုပါအသက်အရွယ်၌ အသားအရေပြောင်းလဲမှု ပိုလျှင်မြန်သောကြောင့်ဟု ဆိုသည်။ လေ့လာမှုတွင်ပါဝင်သူများသည် ပျမ်းမျှအားဖြင့် အသက် ၃၉နှစ်အရွယ်များဖြစ်ကြောင်း ဖော်ပြသည်။

နေခြည်-ရေးသည်

ဆောင်းပါး

အရက်သမားနှင့်စာကြည့်တိုက်

ချစ်နိုင် (စိတ်ပညာ)

ဒုက္ခတောင်လိုပုံ

အရှေ့အာရှမှာ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လာခဲ့လို့ အာရှရဲ့ကျားတစ်ကောင်လို့တောင် တင်စားချီးမွမ်းကြရတဲ့ တောင်ကိုရီးယားနိုင်ငံမှာ တစ်နှစ် တစ်နှစ်ကို လူ ၃၀၀၀၀လောက် ကိုယ့်ကိုယ်ကို သတ်သေမှုရှိသတဲ့။ လူတွေဟာ ရုပ်ဝတ္ထုပစ္စည်းပြည့်စုံကြွယ်ဝလာပေမယ့် စိတ်အလိုမကျမှုဆိုတာက ရှိနေတတ်သေးတာလို့ ဆိုရမလိုပဲ။

အာရှတိုက်မှာ အစောဆုံးစီးပွားရေး နာလန်ထူပြီး စက်မှုနဲ့သိပ္ပံနည်းပညာဖွံ့ဖြိုးမှုထိပ်တန်းနိုင်ငံတစ်ခုဖြစ်တဲ့ ဂျပန်နိုင်ငံမှာလည်း မိမိကိုယ်ကိုသက်သေနှုန်းဟာ နှစ်စဉ် သုံးသောင်း၊ လေးသောင်းရှိတယ်ဆိုပဲ။

သတင်းစာနဲ့ဂျာနယ်တွေထဲမှာ မိမိကိုယ်ကိုသတ်သေတဲ့ သတင်းတွေ မြန်မာပြည်နေရာအတော်များများမှာ ဖြစ်ပေါ်နေတာကြားရ သိရတယ်။ ဖတ်ရလို့ တွေ့ရတာ မနည်းပါလားထင်မိခဲ့တယ်။

လူဦးရေသန်း ၂၈၀ကျော်လောက်ရှိတဲ့ အမေရိကန်ပြည်ထောင်စုမှာတော့ တစ်နှစ်တစ်နှစ်ကို လူပေါင်း ၃၀၀၀၀၀ ကျော် ကိုယ့်ကိုယ်ကို သတ်သေနေကြတယ်ဆိုပါလား။ စီးပွားရေးအဖွံ့ဖြိုးဆုံး နိုင်ငံကြီးမှာတောင် ဒုက္ခတွေက တောင်လိုပုံနေပုံပဲ။

သတ်သေခြင်းမှရှောင်ကွင်းပါ

ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ သူမသိလို့ပါ။ မနုဿတ္တဘာဝေါ ဒုလ္လဘော လူ့ဘဝဆိုတာရခဲလှတယ်။ အလွန်တရာ အဖိုးတန်တယ်။ တန်ဖိုးရှိလွန်းလှတဲ့ဘဝကို အကျိုးရှိအောင် မိမိကိုယ်တိုင် ဘဝနေနည်းနဲ့ အတွေးအမြင် သဘောထားကို ပြုပြင်နိုင်တယ်ဆိုတာ သိဖို့လိုတာပေါ့။ ဒီလိုအမှုအခင်းမျိုးတွေ ရှောင်ကွင်းနိုင်ကြပါစေ။

သူ့ကိုယ်သူ သတ်သေဖို့ ကြံစည်ခဲ့ပေမယ့် မသေဖြစ်ခဲ့တဲ့ လူတစ်ယောက်ရဲ့အကြောင်းကို တင်ပြချင်ပါတယ်။

သူ့အမည်က အော့(ဂ်)မန်ဒီနိုတဲ့။ အမေရိကန်သား။

သူ့အမေက အိုင်ယာလန်သူ။

သူ့အဖေက အီတလီလူမျိုး။ ဉယျာဉ်မှူးလုပ်တယ်။ အော့(ဂ်)မန်ဒီနိုတို့မိသားစုဟာ သူငယ်စဉ်ကတည်းက ဆင်းရဲပါတယ်။ ၁၉၂၄ ခုနှစ်မှာ မွေးဖွားတယ်။ သူ့အသက် ၁၆နှစ်အရွယ်မှာ မိခင်ဟာ နေ့လယ်စာချက်ရင်း မတ်တတ်က ဗုန်းခနဲ လဲကျပြီး သူ့မျက်စိအောက်မှာတင် သေဆုံးသွားပါတယ်။

“ဆယ်တန်းအောင်ရင် မစ်ရီတက္ကသိုလ်ကို တက်မယ်အမေ”လို့ သူ့မိခင်ကို မကြာခဏပြောဖူးပေမယ့် သူ့ရဲ့အိပ်မက်ဟာ လွင့်ပြယ်သွားပါတော့တယ်။ လေတပ်ထဲဝင်ခဲ့တယ်။ ဗုံးကြဲလေယာဉ်တပ်ဖွဲ့ (၄၄၅)အုပ်စုမှာ တပ်သား၊ တပ်ကြပ်၊ ၁၉၄၀ မှ ၁၉၄၅အထိ တပ်မှာစစ်မှုထမ်းခဲ့တယ်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျာမနီကို ဗုံးသွားကြဲခဲ့တယ်။

လေတပ်ကထွက်တော့ အခြေခံပညာအထက်တန်းပဲ အောင်ခဲ့တဲ့ လူအတွက် အလုပ်ခေါ်မယ့်သူမရှိဘူး။ တပ်က ပင်စင်ယူပြီး ထွက်လာတဲ့အခါရှိစုမဲ့စု ဒေါ်လာ ၉၀၀ ကို ပိုက်ပြီး တစ်ပတ်ရစ် လက်နှိပ်စက်ဟောင်းတစ်လုံး ဝယ်ခဲ့တယ်။

သူငယ်ငယ်က သူ့ခေါင်းကို ပွတ်ရင်းနဲ့ “ငါ့သားက ကြီးလာရင် စာရေးဆရာဖြစ်မှာ၊ စာရေးဆရာမှ တော်ရုံတန်ရုံ စာရေးဆရာမျိုး မဟုတ်ဘူးနော်။ ကမ္ဘာကျော်စာရေးဆရာကြီးဖြစ်မှာတော့”ဆိုတဲ့စကားကို အမေက မကြာခဏ ပြောကြားလေ့ရှိခဲ့တယ်။ ဆင်းရဲတွင်း နက်တဲ့ကြားက အမေဟာ သူ့အပေါ်ရည်မှန်းချက်ကြီးကြီးနဲ့ နိမိတ်ဖတ်ပြီး အလွန်မျှော်လင့်ချက်ထားခဲ့တာကို သူအမြဲသတိရတယ်။

အမေ့မျှော်လင့်ချက်ကို အကောင်အထည်ဖော်ရမယ်လို့ စိတ်ကူးတယ်။ စာမျိုးစုံရေးပြီး မဂ္ဂဇင်းပေါင်း ၅၀လောက်ကို သွားပြတယ်။ တစ်တိုက်ပြီး တစ်တိုက် သူလှည့်ပြခဲ့ပေမယ့် တစ်ပုဒ်မှအရွေးချယ်မခံရပါ။ ခြောက်လကြာတဲ့အခါ သူ့မှာရှိသမျှ တစ်ပြားမှ မကျန်အောင် ကုန်သွားခဲ့ပြီ။

အိပ်မက်လက်မြှောက်

စာရေးဆရာအဖြစ် အသက်မွေးမယ်ဆိုတဲ့ အိပ်မက်ကိုဖျက်ပစ်လိုက်ပြီ။ လက်မြှောက်ပြီ။

စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့ရှိတဲ့ ဘော်စတွန်မြို့ကိုသွားပြီး လျှောက်လွှာတင်၊ တစ်ပတ် ဒေါ်လာ ၂၀ ရတယ်။ တစ်နှစ်နီးပါး စစ်မှုထမ်းဟောင်းထောက်ပံ့ကြေးနဲ့ မှီခိုနေထိုင်ခဲ့ရတယ်။

မသေရုံတမယ် မွဲမွဲချာချာနေလာရင်း အလုပ်အကိုင်ရှာပါတယ်။ အင်တာဗျူးတွေအဆင့်ဆင့်ဖြေပြီး အသက်အာမခံကုမ္ပဏီတစ်ခုမှာ အလုပ်ရတယ်။ သင်တန်းလေးရက်တက်ပြီး သူ့ကိုဝက်သ်သရော့ဆိုတဲ့ ပင်လယ်ကမ်းခြေမြို့လေးတစ်မြို့ကို လွှတ်လိုက်တယ်။ တစ်အိမ်တက်ဆင်း အသက်အာမခံပရီမီယံကြေး ကောက်ရတဲ့အလုပ်ပါ။

အသက်အာမခံပေါ်လစီရောင်းရတာလည်း သိပ်နည်းတော့ ဝင်ငွေလည်း မဖြစ်စလောက်ပဲရပါတယ်။ မိန်းမလည်းရ၊ သမီးလေးတစ်ယောက်လည်းရ၊ ဘဝဟာဆင်းရဲခက်ခဲလိုက်တာ။ မိသားစုသုံးယောက်ကိုရှာဖွေကျွေးမွေးဖို့ရာ မလွယ်ပါလား။ ဇနီးလည်း အလုပ်ထွက်လုပ်ပါရဲ့။ ဒါလည်း မလောက်ဘူး။

သက်ရှိငရဲတွင်း

အကြွေးတွေဟာ များသထက်များပြီး တောင်လိုပုံ။ စိတ်ပျက်လက်ပျက်နဲ့ အရက်စသောက်မိရာမှ အရက်စွဲပြီး အရက်သမားလုံးလုံးဖြစ်သွားပါလေရော။

ဆယ်နှစ်လုံးလုံး ဆင်းရဲမွဲတေတဲ့ အရက်သမားဘဝ နစ်မွန်းနေလိုက်တာ ဇနီးနဲ့သမီးက ပစ်ပြေးကြတဲ့ အခြေအနေရောက်သွားရော။ ခြေသလုံး အိမ်တိုင်ဘဝ။ သက်ရှိငရဲတွင်း ကျခဲ့ပြီ။

တစ်နေ့စာတစ်နေ့ အရက်ဖိုးရှာရတာနဲ့ ကြုံရာကျပန်းလျှောက်လုပ်ရတာပေါ့။ ဒီလိုနဲ့ အလုပ်လည်း ပြုတ်ခဲ့။ ဘယ်မှာမှတာရှည်မမြဲ။ တက္ကဆက်ပြည်နယ်မှာ ရေနံတင် ကားမောင်းတယ်။ အိုကလာဟိုးမားနယ်မှာ ဆောက်လုပ်ရေးအလုပ်သမား။ လောင်းဘိ(ချ်)မှာ လောင်းကစားဝိုင်းအကူစာရေး။ ကို(လ်)ဘက်(စ်)မှာ ဟိုတယ်စားပွဲထိုး။

နောက်ပြီးတော့ ကားစပယ်ယာ။ တစ်နေရာပြီးတစ်နေရာ။ ရေမျောကမ်းတင် အရက်သမားကြီးအဖြစ်နဲ့ သူဟာကလိ(ဖ်)လင်းကိုရောက်လာခဲ့တယ်။ မိုးတွေရွာနေတဲ့တစ်နေ့မှာ သူဟာ အပေါင်ဆိုင်တစ်ခုထဲဝင်ပြီး သေနတ်ဝယ်ဖို့ ကြံစည်တယ်။ ခြောက်လုံးပြူးတစ်လက်တွေ့တယ်။ ရောင်းဈေးတန်ဖိုး ရေးထားတယ်။ ၂၉ဒေါ်လာ။ သူ့ဘောင်းဘီအိတ်ထဲစမ်းကြည့်ပြီး ဆွဲထုတ်လိုက်တော့ ငွေဒေါ်လာ ၁၀တန် သုံးရွက်ထွက်လာတယ်။ အတော်ပဲ တစ်ဒေါ်လာဖိုး ကျည်ဆန်ဝယ်နိုင်ပါသေးတယ်။

ကိုယ့်ကိုယ်ကိုသတ်သေဖို့ အခါခါကြံနေမိတယ်။ အမေ့ငါကို စာရေးဆရာဖြစ်စေချင်တာ မဖြည့်ဆည်းနိုင်ဘဲ လက်မြှောက်အရှုံးပေးသွားမလား။

အမေ့ရဲ့သားဖြစ်သူအပေါ် အားကိုးတကြီး ယုံကြည်တဲ့မျက်နှာကို မြင်ယောင်လာတယ်။ အမေ၊ အမေ။

ပါးပေါ်ကိုမျက်ရည်တွေဖြိုင်ဖြိုင် စီးကျနေတယ်။ မိုးရေနဲ့အပြိုင်ပါပဲ။

ခြောက်လုံးပြူးသေနတ် ၂၉ ဒေါ်လာကို မဝယ်တော့ဘူး။ စိတ်တွေထွေပြားပြီး ခြေဦးတည့်ရာ လျှောက်သွားနေမိပါတယ်။ မိုးရေထဲမှာ။ ကလေကချေဘဝနဲ့ မသေစေရဘူးအမေ။

မိုးရေတော်တော်ကြာစိုရွှဲလွန်းတော့ တစ်နေရာရာဝင်ခိုမယ်လို့ ကြည့်လိုက်တော့ ပြုန်းခနဲ“စာကြည့်တိုက်” ကို ရှေ့မှာတွေ့ရတယ်။ မိုးခိုရင်း စာကြည့်တိုက်ထဲရောက်သွားမိတယ်။

အမှောင်ထဲမှ အလင်းရောင်

စာအုပ်တွေကိုတွေ့ရတယ်။ စာအုပ်မျိုးစုံပဲ။ ဩော်စာအုပ်တွေဆိုရင် အမေက အမြတ်တနိုးပဲ။

အမေပေးခဲ့တဲ့အမွေက စာပေဖတ်ရှုရတာ ဝါသနာပါတဲ့သူ့စရိုက်လေး ရှိနေသေးရဲ့။ စာကြည့်တိုက်မှူးဆီကခွင့်တောင်းပြီး မိုးခိုနေရင်း စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ဖတ်ဖြစ်တယ်။

စာအုပ်တွေထဲမှ လမ်းညွှန်သင်ပြဆုံးမတဲ့ ဘဝနေနည်းတွေက သူ့ကို ချောက်ထဲကျလုလုကလေးမှာ ဆွဲယူကယ်တင်လိုက်ပါပြီ။

စာအုပ်တွေဟာ သူ့ရဲ့အဖော်မွန်တွေဖြစ်လာတယ်။ စာအုပ်စာပေဟာ သူ့ရဲ့ဆရာတွေဖြစ်လာတယ်။

အသက် ၃၅ နှစ်အရွယ်အရက်သမား၊ စစ်မှုထမ်းဟောင်း၊ ကျပန်းအလုပ်သမား၊ တစ်နေ့လုပ်တစ်နေ့စားရတဲ့ ဆင်းရဲသားဟာ အရက်ဖြတ်လိုက်တယ်။ တစ်နေ့စာ စားစရာရှာဖွေလုပ်ကိုင်ပြီးရင် သူစာကြည့်တိုက်ထဲမှာလာပြီး စာအုပ်တွေကို မွှေနှောက်ကာ လေ့လာဆည်းပူးတယ်။ နေ့စဉ်စာလာဖတ်ဖြစ်တယ်။

စာဖတ်လိုက်၊ ကူးလိုက်၊ စဉ်းစားလိုက်၊ ပေပေချာချာနေလာတဲ့ အကျင့်ကိုလည်း ပြုပြင်လိုက်တယ်။ အဝတ်အစားသပ်သပ်ရပ်ရပ်ဝတ်လာပြီ။

ပြောင်းလဲပစ်ပြီ

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ညင်းသိုးသိုးတွေကိုလည်း ရိတ်ပစ်လိုက်ပြီ။ စာကြည့်တိုက်ထဲက စာအုပ်တွေက အရက်သမားကို ချွတ်ပစ်လိုက်ပါပြီ။

ဒီလိုနဲ့ နယူးဟမ့်(မ်)ရှိုင်းယားမြို့က ပြည်သူ့စာကြည့်တိုက်ထဲက စာအုပ်တစ်အုပ်ဟာ တစ်ခုသော နံနက်ခင်းမှာ သူ့ဘဝကို ၁၈၀ ဒီဂရီထာဝရပြောင်းလဲပစ်လိုက်ပါတော့တယ်။ စာရေးဆရာ ဒဗလျူကလီးမင့်စတုန်းနဲ့ နပိုလီယံဟီး(လ်)တို့ရေးတဲ့ “အပြုသဘောစိတ်နေစိတ်ထားဖြင့် အောင်မြင်အောင်လုပ်ခြင်း” စာအုပ်ပါ။(ဆရာအောင်ဝင်း-စိတ်ပညာ)နှင့် အခြားစာရေးဆရာများ မြန်မာဘာသာသို့ပြန်ဆိုဖူးပါသည်။

စာအုပ်ထဲမှာ နပိုလီယံဟီး(လ်)က ဆိုထားတယ်။ “ခင်ဗျားတို့လိုချင်တာ အကုန်ဖြစ်စေရမယ်။ ခင်ဗျားက ထိုက်သင့်တဲ့တန်ရာတန်ကြေးတော့ ပေးရမယ်လေတဲ့”။ ဟုတ်တာပဲ။ ခင်ဗျားတို့ ကျွန်တော်တို့က အိပ်မက်တွေအတွက် တန်ဖိုးပေးပြီးဝယ်ရမယ်လေ။ (အလကားအချောင်ရဖို့ပဲ စိတ်ကူးနေရင်တော့ မရဘူး)

တိုတိုချုပ်ရရင် အရက်သမား၊ စစ်ပြန်၊ ကျပန်းအလုပ်သမားအော့(ဂ်)မန်ဒီနိုဟာ ဘော်စတွန်မြို့ကိုသွားပြီး ဒဗလျူကလီးမင့်စတုန်းရဲ့ ဟတ်(သ်)စတုန်း အသက်အာမခံကုမ္ပဏီမှာ အလုပ်သွားလျှောက်တာ အသက်အာမခံ အရောင်းစာရေးအလုပ် ရလာပါတယ်။

သေသေချာချာ ကြိုးကြိုးစားစားအလုပ်လုပ်လေတော့ ဟတ်(သ်)စတုန်းကုမ္ပဏီမှာ အောင်မြင်တဲ့အရောင်းသမားဖြစ်လာပါတယ်။ လုပ်သက်တစ်နှစ်အတွင်းမှာပင် အရောင်းမန်နေဂျာရာထူးရခဲ့ပါတယ်။

အစွမ်းအစပြနိုင်တော့အရောင်းမြှင့်တင်ရေးဌာနမှာ သတင်းတွေ၊ ကြော်ငြာတွေရေးတဲ့တာဝန် ယူရပါတယ်။

၁၉၅၄ မှာ ဒဗလျူကလီးမင့်စတုန်းနဲ့ နပိုလီယံဟီး(လ်)တို့က အကန့်အသတ်မဲ့ အောင်မြင်ရေးဆိုတဲ့ လစဉ်မဂ္ဂဇင်းကို ထုတ်ကြတယ်။ အော့(ဂ်)မန်ဒီနိုက ဝင်ရေးပါတယ်။

ရိုးသားကြိုးစား

၁၉၅၆ မှာ မဂ္ဂဇင်းအယ်ဒီတာက အငြိမ်းစားယူသွားလို့ အဲဒီနေရာလစ်လပ်တဲ့အခါ အော့(ဂ်)မန်ဒီနိုက အဲဒီရာထူးကို ဝင်လျှောက်တယ်။ အင်တာဗျူးမှာ သူ့ကိုအရွေးခံရတယ်။ တာဝန်ခံအယ်ဒီတာ ဖြစ်လာပြီ။

၁၉၅၆ မှ ၁၉၆၆ ဆယ်နှစ်ကာလအတွင်း မဂ္ဂဇင်းမှာ ဝန်ထမ်း ၅၀အထိ တိုးချဲ့လာရတယ်။ စောင်ရေကလည်း အော့(ဂ်)မန်ဒီနိုလက်ထက်မှာ ၂၀၀၀ မှ ၁၅၅၀၀၀ သို့ ၇၇ဆ တိုးတက်လာခဲ့တယ်။ ကြိုးစားမှုရဲ့ ရလဒ်ပါပဲ။

သူရေးတဲ့ ဆောင်းပါးတစ်ပုဒ်ကို ကြိုက်လို့ဆိုပြီး နယူးယောက်မှ ထုတ်ဝေသူတစ်ဦးက သူနဲ့လာတွေ့ဖို့ စာရေးဖိတ်ခေါ်တယ်။ ဒီလိုနဲ့ နယူးယောက်မြို့က ဖရက်ဒရစ်ဖဲလ်စာအုပ်တိုက်က သူ့ရဲ့စာအုပ်ထုတ်ဝေတယ်။

လူသစ်စိတ်သစ်

အော့(ဂ်)မန်ဒီနိုရဲ့ “ကမ္ဘာကျော် အရောင်းဈေးသည်ကြီး” စာအုပ်ဟာ စောင်ရေ ၁၀ သန်းရောင်းရတဲ့ အရောင်းရဆုံး စာအုပ်စာရင်းဝင် စာအုပ်ဖြစ်သွားပြီ။ လမ်းပေါ်ရောက်နေတဲ့ ကလေကချေအရက်သမားကြီး တစ်ယောက်ဟာ မိုးရေထဲမှာ ခြေဦးတည့်ရာသွားနေရင်းက စာကြည့်တိုက်ထဲရောက်လာတော့ ကမ္ဘာကျော်အောင်မြင်ရေးအကြံပေး စာရေးဆရာ တစ်ယောက် ဖြစ်လာခဲ့ပါတော့တယ်။ စာအုပ် ၁၄ အုပ် ရေးခဲ့ပြီး ကမ္ဘာတစ်ဝန်းမှာ အုပ်ရေ သန်း ၄၀ ကျော်ရောင်းခဲ့ရသတဲ့။ သူဟာသူဌေးကြီးဖြစ်နေပါပြီ။ ပြည်သူ့စာကြည့်တိုက်တံခါးတွေ ဖွင့်ထားပါတယ်။ စာအုပ်စာပေနဲ့ ဘာကြောင့် မိတ်ဆွေမလုပ်ရမှာလဲ။

ဘဝသစ်စလို့ရပြီ

မိမိဘဝနိမ့်ကျညှိုးငယ်နေရရင် ဘယ်သူ့မှ အပြစ်မတင်ပါနဲ့။ ဘယ်သူမပြု မိမိမှုပါ။ ကိုယ့်ရဲ့သဘောထားအမြင်နဲ့ အမူအကျင့်ကိုသာ ပြုပြင်ပြောင်းလဲပစ်ရမှာ။

အစိုးရရဲ့ ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စာကြည့်တိုက်တွေ မြို့တိုင်း မြို့တိုင်းမှာ အခမဲ့လာဖတ်ကြဖို့ နေ့စဉ် (တနင်္ဂနွေနှင့်တနင်္လာနေ့ နှစ်ရက်မှအပ) နေ့တိုင်း တံခါးဖွင့်ပြီး လူတိုင်းကို လှိုက်လှိုက်လှဲလှဲကြိုဆိုနေကြပါတယ်။ ဘယ်လိုစာအုပ်မျိုးတွေ ဖတ်ချင်တာလဲ။ လာပါ။ ၁၉၄၀-၄၅ ပခုက္ကူနယ်ဘက်မှာ နာမည်ဆိုးနဲ့ ကျော်ကြားခဲ့တဲ့ ဓားပြဗိုလ် ကိုအုံးဖေဟာ ထောင်ထဲမှာစာဖတ်ရင်း အသိအမြင်ပြောင်းလဲသွားပြီး ရွာမှာသူကြီး၊ ပခုက္ကူမြို့မှာ ၁၉၅၀ ဆေးရွက်ကြီးကုန်သည်၊ ဗာဂျီးနီးယားဆေးပေါင်းရုံပိုင်ရှင်၊ အချိန်ပိုင်းပြည်သူ့တရားသူကြီး၊ လူမှုရေးအလှူရှင် မြို့မျက်နှာဖုံး။ ၁၉၉၅မှာ စာရေးဆရာ။ ပခုက္ကူဦးအုံးဖေရဲ့ငယ်စဉ်ဘဝ ဆိုးတေပေနေခဲ့ရာမှ လူကြီးလူကောင်းဖြစ်လာရတာ“စာပေကျေးဇူး”ပါလို့ သူက ပြောနေကျပါ။ ပခုက္ကူဦးအုံးဖေပြည်သူ့စာကြည့်တိုက်ကို တည်ထောင်လှူဒါန်းခဲ့ပါတယ်။

စာဖတ်တဲ့အကျင့်လေးတစ်ခု ပြုစုပျိုးထောင်ကြည့်ပါလား။ အရက်သမားနဲ့သူခိုး၊ ဓားပြတွေတောင် သူဌေးသူကြွယ်၊ စာရေးဆရာ ဖြစ်လာကြတယ်ဆိုမဟုတ်လား။ စာအုပ်စာပေကို အဖော်လုပ်စမ်းကြည့်လိုက်ပါလား။ ပျော်လည်း ပျော်ရွှင်ရမယ်၊ ဘဝကိုလည်းပြောင်းလဲတိုးတက် စေတယ်။ အချိန်မနှောင်းသေးပါဘူး။ ယနေ့ သွားလိုက်ပါလား။ ဘဝသစ်တစ်ခု စလို့ရပြီလေ။

ပဲခူးမြို့တွင် စတုတ္ထမြောက် မီးပွိုင့်စတင်ဖွင့်လှစ်

ပဲခူး ဇွန် ၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ မြို့နေပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ပြီး လမ်းဆုံများတွင် မီးပွိုင့်များတပ်ဆင်ပေးခဲ့ရာ စတုတ္ထမြောက် မီးပွိုင့်အဖြစ် ယာဉ်အသွားအလာများသော သနပ်ပင်လမ်းနှင့် ဗန္ဓုလလမ်းဆုံရာ၌ မီးပွိုင့်တပ်ဆင်ပြီးစီးကြောင်း **(ယာပုံ)**နှင့် မီးပွိုင့်တပ်ဆင်မှုကို မြို့နေပြည်သူများက ဝမ်းမြောက်စွာ ကြိုဆိုလျက်ရှိကြောင်း သိရသည်။ **သန့်စင်**

မြောင်မြို့နယ် နဘက်စံပြကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

မြောင် ဇွန် ၆

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် နဘက်စံပြကျေးရွာ ဇီးခြံရပ်ကွက်တွင် ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒေါ်ညွန့်မေ၏ နေအိမ်တွင် မွန်းလွဲ ၁ နာရီခွဲတွင် မီးကြွင်းမီးကျန်မှတစ်ဆင့် ကူးစက်လောင်ကျွမ်းရာ ဖြစ်လျှင်ဖြစ်ချင်း အနီးကျေးရွာများမှ ပြည်သူများနှင့် ဒေသခံများက အမြန်ငြိမ်းသတ်နေစဉ် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့်အနီးကျေးရွာများရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မှ တာဝန်ရှိသူများပါ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသောကြောင့် မွန်းလွဲ ၂ နာရီခန့်တွင် မီးညွန့်ကျိုးကာညနေ ၃ နာရီခန့်တွင် မီးငြိမ်းခဲ့ကြောင်းသိရသည်။

မီးလောင်မှုကြောင့် လူနေအိမ် နှစ်လုံး၊ နွားစာကိုဒေါင်တစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ခုနစ်သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး မီးငြိမ်းသတ်စဉ် မီးလောင်နေသော သစ်သားချောင်းပြုတ်ကျ၍ ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရသူ ဦးရာမင်းသည် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိပြီး အခြား ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း၊ မီးစတင်လောင်ကျွမ်းသည့် အိမ်ပိုင်ရှင် ဒေါ်ညွန့်မေအသက် (၈၀နှစ်) ကို မြောင်မြို့နယ်ရဲစခန်းက ဥပဒေအရစစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်နိုင်စိုး

ပြည်တွင်းသတင်း

ကမ္ဘာ့စီးပွားရေးဖိုရမ် အကြိုဆွေးနွေးပွဲအဖြစ် အပြန်အလှန်ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်

နေပြည်တော် ဇွန် ၆

ယနေ့ ကမ္ဘာ့စီးပွားရေးဖိုရမ် အကြိုဆွေးနွေးပွဲအဖြစ် အပြန်အလှန်ဆွေးနွေးပွဲတစ်ရပ်ကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်သူ့လွှတ်တော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

ဆွေးနွေးခဲ့

ယင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ လက်ရှိပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေး၊ ပွင့်လင်းမြင်သာမှုရှိရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ မီဒီယာလွတ်လပ်ခွင့်၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ ***ရှေ့ဖုံးမှ***

ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ရှိရမည့်အပြင် ထိရောက်အားကောင်းသည့် လူမှုအဖွဲ့အစည်းများထားရှိရေး၊ စွမ်းအင်ကဏ္ဍဆိုင်ရာ စည်းမျဉ်းနည်းဥပဒေများ ဖော်ဆောင်ရေး၊ စွမ်းအင်ကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအား လူထုထောက်ခံမှု ပိုမိုရရှိလာစေရေး၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက်လည်း ပိုမိုပွင့်လင်းမြင်သာသည့်အခြေအနေများ တည်ဆောက်ပေးနိုင်ရေးတို့ လိုအပ်ကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်ကြသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ ဒုတိယဥက္ကဋ္ဌ Stephen Groff ကလည်း World Economic Foum 2013 East Asia တွင် "နိုင်ငံရဲ့ လျင်အမြန်တိုးတက်လာနေတဲ့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရေး၊ ကျေးလက်ဒေသ စွမ်းအင်ပိုမိုသုံးစွဲနိုင်ရေးနဲ့ သဘာဝပတ်ဝန်းကျင်ကို ရေရှည်ထိန်းသိမ်းနိုင်ရေးတို့အတွက် မြန်မာနိုင်ငံအနေနဲ့ ပြည်ပရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်ဖို့လိုအပ်ပါတယ်။ အဲဒီအတွက် စည်းမျဉ်းနဲ့ နည်းဥပဒေတွေကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ပြီး နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုကို ပိုမိုတိုးတက်စေပြီး မဖြစ်မနေ ပြုပြင်ပြောင်းလဲရေးတွေပါ ဆောင်ရွက်နိုင်ရမှာဖြစ်ပါတယ်" ဟု ဆွေးနွေးပြောကြားသည်။

လက်ရှိတွင် မြန်မာနိုင်ငံလူဦးရေ၏ ၇၄ ရာခိုင်နှုန်းခန့်မှာ လျှပ်စစ်ဓာတ်အားကို သုံးစွဲနိုင်ခြင်းမရှိသည့်အပြင် မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင်း အဆိုပါလူဦးရေ၏ ၁၆ ရာခိုင်နှုန်းသည်သာ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနေကြကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာရှတိုက်၏ လျှပ်စစ်စွမ်းအင်သုံးစွဲမှုအနည်းဆုံး တိုင်းပြည်တစ်ခုဖြစ်သည့် မြန်မာနိုင်ငံ၌ လျှပ်စစ်စွမ်းအင် မလုံလောက်ခြင်း၊ စိတ်ချရသည့် စွမ်းအင်ဖြည့်ဆည်းပေးသည့်စနစ်မရှိပါက မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပါ တုံ့ဆိုင်းနိုင်ခြင်းကြောင့် ပြည်တွင်းစွမ်းအင် အရင်းအမြစ်သစ်များလိုအပ်ပြီး ခေတ်မီသည့်ဓာတ်အားဖြန့်ဖြူးရေးစနစ်များ၊ ကျေးလက်ဒေသဓာတ်အားပိုမိုရရှိရန် တီထွင်ဆန်းသစ်သည့်စနစ်များ မဖြစ်မနေဖော်ဆောင်နိုင်ရမည်ဖြစ်ကြောင်း ဆွေးနွေးပွဲ၌ သုံးသပ်ကြသည်။

"ဖွံ့ဖြိုးမှုအခန်းကဏ္ဍသစ်တစ်ခုသို့ ဦးတည်နေချိန်မှာ စွမ်းအင်ကဏ္ဍက အရေးပါပါတယ်။ အခုထွက်ရှိလာတဲ့ အစီရင်ခံစာက အသေးစိတ်ကျပြီး လိုအပ်ချက်တွေကို မီးမောင်းထိုးပြလို့ မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူဖြစ်ပါလိမ့်မယ်"ဟု စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက မှတ်ချက်ပြု ပြောကြားခဲ့သည်။

ယခုဆွေးနွေးပွဲအပြီး ထုတ်ပြန်သည့် အစီရင်ခံစာအား အစိုးရအဖွဲ့အစည်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတကာမှ စွမ်းအင်ဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်များ စုပေါင်းရေးသားပြီး အာရှဖွံ့ဖြိုးရေးဘဏ်နှင့် Accenture's Energy စက်မှုလုပ်ငန်းစုများကလည်း ပါဝင်ဆွေးနွေးထားကြောင်း သိရှိရသည်။

Accenture's Energy စက်မှုလုပ်ငန်းစု၏ အကြီးတန်း ဦးဆောင်ညွှန်ကြားရေးမှူး Arthur Hannam က "လိုအပ်ချက်ကဏ္ဍအားလုံးကို ခြုံငုံမိစေတဲ့ စွမ်းအင်စနစ်သစ်တစ်ခုကနေ မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့ပြီး စိတ်ချရတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်နေတဲ့ လမ်းကြောင်းပေါ်ရောက်စေဖို့ အခွင့်အရေးရရှိစေမှာပါ။ ဖွံ့ဖြိုးတိုးတက်မှုအားလုံးဟာ စွမ်းအင်ကဏ္ဍအဆင့်မြှင့်တင်လာတာနဲ့အပြိုင် အားကောင်းလာမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထင်အောင်ကလည်း "မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍမှာ ပြည်တွင်းဖူလုံစေရေးက အဓိကကျပြီး အမျိုးသားအကျိုးစီးပွားအတွက် အဓိကထားပါတယ်။ တိုင်းပြည်အတွင်း စွမ်းအင်လိုအပ်ချက်ဖူလုံမှသာ ပိုမိုတဲ့စွမ်းအင်တွေကို ပြည်ပကိုရောင်းချနိုင်ရေးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ဆွေးနွေးပွဲ၌ ထည့်သွင်းပြောကြားခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲ ကျင်းပ

မိုးနဲ ဇွန် ၆

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် သစ်ပင်ပေးအပ်ပွဲကို မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း ပုလဲခန်းမတွင် ဇွန် ၅ ရက် နံနက် ၉ နာရီ ၁၅ မိနစ်မှ ၁၀ နာရီ ၁၅ မိနစ်အထိ ကျင်းပရာ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ တို့ တက်ရောက်ကြသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးလှမြင့်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများဟောပြောပြီး သစ်ပင်မျိုးစုံ အပင် ၉၀၀ တို့ကို ဒေသစိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရန် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သစ်တောဦးစီး)**

စလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်နှစ် အထွေထွေထောက်ပံ့ငွေချီးမြှင့်

နေပြည်တော် ဇွန် ၆

စလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် အထွေထွေထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ကျင်းပရာအဖွဲ့ဥက္ကဋ္ဌမှ ထောက်ပံ့ငွေပေးအပ်ရခြင်းအကြောင်းကိုရှင်းလင်းပြီး အတွင်းရေးမှူးက အဖွဲ့ဝင် ၂၁၀ တို့အား ထောက်ပံ့ငွေ ၁၆ သိန်း ရှစ်သောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စစ်မှုထမ်းဟောင်း)**

ရန်ကုန်-နေပြည်တော် အမြန်လမ်း၌ ယာဉ်နှစ်စီးမတော်တဆမှုဖြစ်ပွား ဆွစ်ဇာလန်နိုင်ငံသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးသေဆုံး

နေပြည်တော် ဇွန် ၆

ရန်ကုန်-နေပြည်တော် အမြန်ကားလမ်း၏ မိုင်တိုင် ၁၈၀/၄ ဖာလုံနှင့် ၅ ဖာလုံကြားတွင် ယနေ့ညနေ ၃ နာရီခန့်က ကားနှစ်စီး ကျော်တက်ရာမှ ယာဉ်တိုက်မှု ဖြစ်ပွားပြီး လမ်းဘေးထိုးကျခဲ့သဖြင့် ကားနှစ်စီးပေါ်တွင် လိုက်ပါလာသော အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ သေဆုံးကြောင်း အမြန်လမ်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လမ်းဘေးထိုးကျ

ဖြစ်ပွားမှုမှာ ယနေ့ ညနေ ၃ နာရီခန့်က အမြန်လမ်း မိုင်တိုင် ၁၈၀/ ၄ ဖာလုံနှင့် ၅ ဖာလုံ ကြားတွင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးလေးဦးတို့ လိုက်ပါလာသော ၁င/---- ဗင်ကား အဖြူရောင်ကို ၉င/---- ပါရာဒိုအမျိုးအစားကားက ကျော်တက်ရာမှ ယာဉ်မတော်တဆဖြစ်ပွားကာ လမ်းဘေးထိုးကျခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ယာဉ်နှစ်စီးမတော်တဆဖြစ်ပွားမှုကြောင့် ၁င/---- AD Van အမျိုးအစားကားမှ ဒေါ်သင်းသင်းခိုင် (၅၀ နှစ်) နှင့် ဒေါ်ကြည် (၇၅ နှစ်)တို့ သေဆုံး ခဲ့သည်။ ထို့အတူ ၉င/---- ပါရာဒို အမျိုးအစားကားမှ ဆွစ်ဇာလန်နိုင်ငံသား အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။ ပါရာဒိုကားတွင် အင်္ဂလန်နိုင်ငံသားအမျိုးသားတစ်ဦး၊ ဆွစ်ဇာလန်နိုင်ငံသား အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အပြင် ယာဉ်မောင်းအမျိုးသားတစ်ဦးတို့ လိုက်ပါလာခြင်းဖြစ်ပြီး ၎င်းတို့အနက် ဆွစ်ဇာလန်နိုင်ငံသားမှာ သေဆုံးသွားခြင်းဖြစ်သည်။

အခြေအနေကောင်းမွန်

ပါရာဒိုကားတွင် လိုက်ပါလာသော အမျိုးသမီးမှာ ဒဏ်ရာ အနည်းငယ်ရရှိသဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့တင်ပို့ကာ ဆေးကုသမှုခံယူစေလျက်ရှိရာ ကျန်းမာရေးအခြေအနေ ကောင်းမွန်လျက်ရှိသည်။

ကျန်းမာရေးကောင်းမွန်

ထို့အတူ ၎င်းပါရာဒိုကားတွင် လိုက်ပါလာသည့် အင်္ဂလန်နိုင်ငံသား တစ်ဦးကိုလည်း ခုတင် ၁၀၀၀ ဆေးရုံ၌ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ခဲ့ရာ မည်သည့်ထိခိုက်မှုမျှမရှိဘဲ ကျန်းမာရေးကောင်းမွန်ကြောင်း သိရသည်။

ချက်ချင်းရောက်ရှိ

အဆိုပါ ယာဉ်မတော်တဆမှုဖြစ်ပွားရာသို့ အခင်းဖြစ်ပွားပြီး ခုနစ်မိနစ်အတွင်း အနီးရှိ အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမှ တာဝန်ရှိသူများ ချက်ချင်းရောက်ရှိလာကာ ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက်ပေးခဲ့ကြသည်။

တိုက်တွန်းနှိုးဆော်

အမြန်လမ်းပေါ်တွင် မောင်းနှင်သွားလာနေကြသော ယာဉ်မောင်းများအနေဖြင့် မိုးရာသီရောက်ရှိလာပြီဖြစ်ရာ မိုးရေများကြောင့် ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရန် ထိန်းထိန်းသိမ်းသိမ်းမောင်းနှင်ကြရန် အမြန်လမ်းတာဝန်ရှိသူများက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်-နေပြည်တော် အမြန်ကားလမ်း၌ လမ်းဘေးထိုးကျသွားသော ဗင်ကားနှင့် တိမ်းမှောက်သွားသော ပါရာဒိုကားတို့ကို တွေ့ရစဉ်။

ငရဲပြည်မှ သေမင်းကို စိန်ခေါ်သူ ကားတိုက်သေဆုံး

ကျောက်တံခါး ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းတွင် ဇွန် ၄ ရက်က တာဝန်မှူး ဒုရဲအုပ်သိန်းဗိုလ် ဆောင်ရွက်နေစဉ် အမြန်လမ်း မိုင်တိုင်အမှတ် ၈၃/၀ နှင့် ၈၃/၁ အကြား လူတစ်ဦး ကားတိုက်ခံရပြီး သေဆုံးနေကြောင်း သတင်းရရှိသဖြင့် သွားရောက်စစ်ဆေးရာ လမ်းမပေါ်တွင် အသားအပိုင်းအစများ ပြန့်ကျဲပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်လျက် အသက် ၃၀ ကျော်ရှိ အမျိုးသားအလောင်းကို တွေ့ရှိရသည်။ သေဆုံးသူ ရင်ဘတ်ပေါ်တွင် ဆေးမှင်ကြောင်၊ တက်တူးဖြင့် "ငရဲပြည်မှ သေမင်းကို စိန်ခေါ်သည်" ဆိုသော စာတန်းကို ရေးထိုးထားသည်ကို တွေ့မြင်ရ၍ ယာဉ်တိုက်မိပြီး သေဆုံးမှုကြောင့် အနီးနားတွင် ကားမှန်ကွဲစများကို တွေ့ရှိရပြီး အခြားသက်သေခံ အထောက်အထားများ ရရှိရေးအတွက် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **ဗိုလ်သိန်း(ဖဒို)**

ညောင်လေးပင်မြို့ ဆွဲဒလွဲကျေးရွာ၌ မိုးကြိုးပစ်

ညောင်လေးပင် ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဆွဲဒလွဲကျေးရွာ ချောင်းကျိုးကူးအင်း၌ ဇွန် ၃ ရက် ညနေ ၄ နာရီ ၅၅ မိနစ်ခန့်က မိုးကြိုးပစ်ခဲ့ရာ ဆိတ်နှစ်ကောင်နှင့် ခွေးတစ်ကောင်သေဆုံးခဲ့ပြီး ၎င်းနေရာအနီး စျေးဝယ်နေသော မရတနာလင်း အသက် (၇ နှစ်)မှာ မိုးကြိုးစက်ကွင်းမိကာ ညောင်လေးပင်ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရှိရသည်။ **ခင်မောင်လွင်**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗီယက်နမ်ဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးမြတ်ဟိန်း၊ ဒေါက်တာကံဇော်နှင့် ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဦးထင်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တက်ရောက်

အလားတူ ဧည့်သည်တော် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့်အတူ အစိုးရအဖွဲ့ရုံးဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီး၊ အမျိုးသားလွှတ်တော်နိုင်ငံခြား ဆက်ဆံရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ ဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်းနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံရေး၊ အထည်ချုပ်လုပ်ငန်း၊ တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်း၊ ရေချိုငါးမွေးမြူရေး၊ ရော်ဘာကုန်ချောလုပ်ငန်း၊ သစ်တောစိုက်ခင်းများ ထူထောင်ခြင်းနှင့် သစ်အချောထည်လုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ လက်ရှိ ပြေးဆွဲနေသည့် ဟိုချီမင်း-ရန်ကုန်လေကြောင်းလိုင်းအပါအဝင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၆-၆-၂၀၁၂

မာန်အောင်မြို့	**စစ်တွေမြို့**
၇ ဒသမ ၈၇ လက်မ	၂ ဒသမ ၅၂ လက်မ
ကျောက်ဖြူမြို့	**သရက်မြို့**
၆ ဒသမ ၃၀ လက်မ	၂ ဒသမ ၁၇ လက်မ

ခိုလမ်မြို့နယ်ခွဲ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ စတင်စမ်းသပ်ထုတ်လွှင့်

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ခိုလမ်မြို့နယ်ခွဲ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် လုပ်ငန်းများပြီးစီးခဲ့ပါသည်။

အဆိုပါစက်ရုံမှ လွှင့်အား ၅၀W၊ လှိုင်းနှုန်း (UHF Channel J-13) ဖြင့် ၂၀၁၃ ခုနှစ် ဇွန်လ ၃ ရက်နေ့မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်/အသံကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဟာရချို့တဲ့ ကလေးငယ်များအတွက် အကူအညီပေးရေးအစီအစဉ် မြန်မာနိုင်ငံတွင် စတင်ပြီ

အာဟာရချို့တဲ့သော ကလေးငယ်များအတွက် အကူအညီပေးရေး အစီအစဉ်တစ်ရပ်ကို မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများရှိ အခြေခံပညာမူလတန်းကျောင်းများတွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်လာကြသည့် ကမ္ဘာ့လူငယ်ခေါင်းဆောင်များ (Young Global Leaders- YGLs) မှ ဇွန် ၆ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

YGL ၏ Table For Two (TFT) အစီအစဉ်သည် ၂၀၀၇ ခုနှစ်တွင် စတင်ခဲ့သော အကျိုးအမြတ်မမျှော်ကိုးသည့် ဂျပန်နိုင်ငံအခြေစိုက် လူမှုရေးဆိုင်ရာ အကူအညီပေးရေး အစီအစဉ်တစ်ရပ်ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လိုအပ်နေသော စားနပ်ရိက္ခာလုံလောက်ပြည့်မီစေရန် ကျောင်းတွင်း အာဟာရကျွေးမွေးရေးအစီအစဉ်များ၌ အလေးထား ပူးပေါင်းပါဝင်လာကြစေရေးကို ရှေးရှုလုပ်ဆောင်နေသော အဖွဲ့အစည်းလည်းဖြစ်သည်။

TFT သည် အီသီယိုးပီးယား၊ ကင်ညာ၊ မာလဝီ၊ ရဝမ်ဒါ၊ တန်ဇန်နီးယားနှင့် ယူဂန်ဒါနိုင်ငံများရှိ ကလေးငယ်များအား အာဟာရတိုက်ကျွေးမှုပေါင်း သန်း ၂၀ မျှ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ၏ မူလတန်းကျောင်းများတွင် အာဟာရတိုက်ကျွေးရေးအစီအစဉ်များနှင့် ကျောင်းတွင်းစိုက်ခင်းဥယျာဉ်များ ပျိုးထောင်ရေးလုပ်ငန်းများကို ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးနှင့် ပူးပေါင်းကာ အကောင်အထည်ဖော်လျက်ရှိနေပြီ ဖြစ်သည်။ ယခုအစီအစဉ်တွင် ကျောင်းတွင်းသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းဥယျာဉ်များ ပျိုးထောင်ရာတွင် ငွေကြေး အကူအညီပေးခြင်းဖြင့် မြန်မာကလေးငယ်များ ရေရှည်အတွက် အာဟာရရှိနေမည့်အပြင် ဒေသတွင်း စီးပွားရေးမညီမျှမှုနှင့် ကုန်ဈေးနှုန်း မြင့်မားလာမှုတို့ကို ရင်ဆိုင်ရာတွင် အတန်အသင့် အထောက်အကူ ရရှိနိုင်စေမည်ဟု (TFT) က ရည်မှန်းထားသည်။

အဆိုပါ အဖွဲ့အစည်းသို့ အာရှ၊ မြောက်အမေရိကနှင့် ဥရောပတိုက်ရှိ နိုင်ငံပေါင်း ၁၂ နိုင်ငံတို့မှ ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းပေါင်း ၄၅၀ ကျော်တို့မှ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ ပေးလျက်ရှိသည်။

YGL ၏ဖိုရမ်ခေါင်းဆောင်နှင့် အကြီးတန်းဒါရိုက်တာဖြစ်သူ David Aikman က "ဒီ YGL ဖိုရမ်ဟာ ကောင်းမွန်တဲ့ အနာဂတ်တစ်ခုရှိနေတယ်လို့ခံယူကြသူတွေက သူတို့ရဲ့ အယူအဆတွေကို ဖော်ထုတ်ရာနေရာလည်းဖြစ်သလို အပြောင်းအလဲအတွက် တွန်းအားပေးရာလည်း ဖြစ်ပါတယ်။ TFT အစီအစဉ်ဟာ ကျွန်တော်တို့ရဲ့ အအောင်မြင်ဆုံး စီမံချက်တွေထဲက တစ်ခုဖြစ်ပြီး ဒီစီမံချက်ကို အရှေ့တောင်အာရှမှာ အကောင်အထည် ဖော်ခွင့်ရတာ အလွန်ပဲကံကောင်းပါတယ်။ ဘာကြောင့်လည်းဆိုတော့ FAO ရဲ့ စာရင်းဇယားများအရ အရှေ့တောင်အာရှဒေသတွင်းလူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းဖြစ်တဲ့ လူ ၆၅ သန်းလောက်ဟာ အာဟာရချို့တဲ့နေကြလို့ပဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

TFT ကို စတင်တည်ထောင်သူဖြစ်ပြီး လက်ရှိတွင် အစီအစဉ်၏ ဒါရိုက်တာ တစ်ဦးလည်းဖြစ်သော Daniel Goldstein က "မြန်မာနိုင်ငံမှာ ဝင်ငွေနည်းသူတွေအတွက် အာဟာရပြည့်ဝတဲ့အစားအသောက်တွေကိုလက်လှမ်းမီဖို့ဆိုတာ စိန်ခေါ်မှုကြီးတစ်ခုလိုဖြစ်နေပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ရဲ့ စာရင်းဇယားတွေအရ လူပေါင်းသုံးသန်းဟာ စားနပ်ရိက္ခာမလုံလောက်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါ့အပြင် အသက်ငါးနှစ်အောက် ကလေးငယ်တွေရဲ့ ၃၅ ရာခိုင်နှုန်းဟာကြီးထွားမှုနှုန်းနှေးကွေးတာဟာလည်း အများစုရင်ဆိုင်နေရတဲ့ပြဿနာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အစီအစဉ်ဟာ အာရှမှာ ကြုံတွေ့နေရတဲ့ ပြဿနာများကို အားလုံးစုပေါင်းချဉ်းကပ်ဖြေရှင်းနိုင်တဲ့ ပညာရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အကူအညီပေးမယ့်သူတွေ အဆင်သင့်ရှိနေတဲ့အတွက် စီမံချက်ကို ချက်ချင်းအကောင်အထည်ဖော်သွားဖို့အသင့်ဖြစ်နေပါတယ်" ဟု ပြောကြားသွားသည်။

'ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်တိုင်းမှာ ပေါ်ပေါက်လာတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်ရပါမယ်။'

Mrs. Karen I.Tse

ဆွစ်ဇာလန်နိုင်ငံ ကိုယ်စားပြု International Bridges to Justice အဖွဲ့ CEO and Founder ဖြစ်သူ Mrs.Karen I.Tse က "မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုတွေဟာ အင်မတန်မှထူးခြားပြီး စိတ်လှုပ်ရှားစရာကောင်းပါတယ်၊ နောက်ကြောင်းပြန်မလှည့်ဘဲ ရှေ့ဆက်လှမ်းတဲ့နေရာမှာ ဆုံးဖြတ်ချက်တွေမမှားဖို့ လိုပါတယ်။ တစ်ဆင့်ပြီးတစ်ဆင့် မှန်မှန်မြန်မြန်သွားဖို့လိုပါတယ်။ ကောင်းမွန်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဖန်တီးရင် အကောင်းဆုံး ပြုပြင်ပြောင်းလဲမှုတွေ ရရှိပါတယ်။ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တိုင်းမှာ ပေါ်ပေါက်လာတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်ရပါမယ်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံဟာ နိုင်ငံတကာနှင့် နှိုင်းယှဉ်လေ့လာနေတဲ့အတွက် တစ်ဆင့်ပြီးတစ်ဆင့်မဟုတ်ဘဲ ခုန်တက်နိုင်တဲ့အခြေအနေရှိတယ်လို့ ယူဆပါတယ်။ ဒါတွေဟာ မြန်မာနိုင်ငံအတွက်ပါ။ တစ်ကမ္ဘာလုံးမှာ ဒီလိုပဲ ပြုပြင်ပြောင်းလဲနေကြပါတယ်" ဟု ပြောကြားခဲ့သည်။

➤ မိုးသူဇာစိုး ≺

Citymart Holding Co., Ltd. မှအုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်ဝင်းဝင်းတင့်က "ကျွန်မတို့အနေနဲ့ မျိုးဆက်သစ်ခေါင်းဆောင်တွေအများကြီး ပေါ်ထွက်လာဖို့ ဆွေးနွေးခဲ့ကြပါတယ်။ အခုနောက်ပိုင်းမှာ လူငယ်တွေရဲ့ စွမ်းရည်နဲ့လုပ်နိုင်စွမ်း၊ သင်ယူမှုစတာတွေမှာ အားကောင်းလာတာနဲ့အပြိုင် ကမ္ဘာလုံးဆိုင်ရာ ပူးတွဲလုပ်ဆောင်မှုတွေ၊ ပြည်တွင်းပြည်ပလုပ်ငန်းရှင်တွေက အမြင်ချင်းပူးပေါင်းဖလှယ်မှုဆိုင်ရာတွေ အဆက်မပြတ်ပြုလုပ်သင့်ပြီ Young Global Leaders တွေအခုထက်မက ပိုမိုများပြားလာစေဖို့ ဆောင်ရွက်ပေးသင့်ပါတယ်။ ဒီဖိုရမ်ကနေပြီး အကောင်းမွန်ဆုံး ရလဒ်တွေ ရလာနိုင်ပါတယ်" ဟု ပြောပြခဲ့သည်။

မြန်မာနိုင်ငံမှ လက်ခံကျင်းပလျက်ရှိသည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် ကမ္ဘာတစ်ဝန်းမှ လူငယ်ခေါင်းဆောင် ၃၀၀ ကျော်တက်ရောက်လျက်ရှိပြီး အရှေ့အာရှဒေသနှင့် မြန်မာနိုင်ငံတို့ လတ်တလောရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို စုဝေးဆွေးနွေး အမြင်ဖလှယ်ကြမည်ဖြစ်သည်။

နိုင်ငံပေါင်း ၇၈ နိုင်ငံကျော်၏ ဒေသအသီးသီးတွင် ထူးချွန်ပြောင်မြောက်ပြီး အလားအလာကောင်းများရှိသော လူငယ်ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသည့် Young Global Leaders ကွန်ရက်ကြီး၏ထက်မြက်သွက်လက်သော လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံအပါအဝင် အရှေ့အာရှဒေသတစ်လွှားတွင် စတင်ဖော်ဆောင်တော့မည်ဖြစ်ကြောင်း အကြိုသတင်းကောင်းပါးလိုက်ရပါသည်။

မိုးလေဝသ အခြေအနေ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းမျာ
သက်ဆိုင်ရာဝန်ကြီးဌာနများ၏

မီးရထားလမ်းများ ကောင်းမွန်လာသည့်အ
အချိန်တိကျမှုမရှိဘဲ နောက်ကျနေခြင်
အချိန်ကြာမြင့်သည့် အကြောင်းအရင်းမှာ
မီးပွိုင့်များစွာရှိနေခြင်းကို ပြုပြင်ပေးပါရန်
ပို့ဆောင်ရေးဝန်ကြီးဌာန၏ စိစ

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေ
နှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်လျက်ရှိ
ရထားများကို အန္တရာယ်ကင်းရှင်းစွာဖြင့်
ပြေးဆွဲနိုင်ရန်အတွက် နိုင်ငံတကာရထား
ချက်များနှင့်အညီ အလိုအလျောက် အချ
nalling System)ကို တပ်ဆင်အသုံးပြုခဲ့
သတ်မှတ်ထားသော အချက်ပြမီးပွိုင့် အရေ
အတိုင်း တပ်ဆင်အသုံးပြုခြင်း ဖြစ်ပါသည

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလ
ဝက်မေ့ကျေးရွာ၌ မြေယာများလျော်
ဖြေရှင်းပေးနေသောကြောင့် မြို့နယ်အ
သွားရောက်မေးမြန်းသောအခါတွင်လည်း
လျော်ကြေးပေးခြင်းကို ကွင်းဆင်းစ
အကြံပြုချက်အပေါ် စိစစ်ဆေ

အကြံပြုချက်နှင့်ပတ်သက်၍ စစ်ကိုင်း

မှ

ာ်လွှင့်

ရှမ်းပြည်နယ်
င်အထည်ဖော်

ရက်နေ့မှစ၍
က်ရှိပါကြောင်း
(သတင်းစဉ်)

သ

ခနေ

ွက် ခန့်မှန်း
ပေါ်ဒေသများ
ည်။
အနီးတစ်ဝိုက်
ကြိမ်၊ နှစ်ကြိမ်
ရွာရန်ရာနှုန်း

တစ်ဝိုက်တွင်
တင့် ထစ်ချုန်း
နှုန်း ၈၀ ဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် UNDP မှ အုပ်ချုပ်ရေးမှူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် UNDP မှ အုပ်ချုပ်ရေးမှူးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအုပ်စု၏ ဥက္ကဋ္ဌ Ms. Helen Clark ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဒေါက်တာကံဇော်၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့ဝန်ထမ်းများ၏ စွမ်းဆောင်မှုအရည်အသွေးမြှင့်တင်ရေး၊ အားလုံးပါဝင်နိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရေး၊ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးဒဏ်ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် UNDP မှ အုပ်ချုပ်ရေးမှူးနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအုပ်စု၏ဥက္ကဋ္ဌ Ms. Helen Clark ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၅ ခုနှစ်
ကဆုန်လပြည့်ကျော် ၁၄ ရက်
(အဖိတ်နေ့)
၇-၆-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရား
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း

နေ့လယ်ပိုင်း

၁၁း၀၀ ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
၁၁း၅၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

ညနေပိုင်း

၁၅း၁၅ Live Broadcasting (World Economic Forum on East Asia 2013) Special Conversation with U Thein Sein
၁၅း၄၅ ကမ္ဘာ့စီးပွားရေးဖိုရမ်
၁၈း၀၀ ပြည်တွင်းသတင်း၊
၂၀း၀၀ ပြည်တွင်းသတင်း၊
၂၀း၃၅ ပြည်သူတို့ရဲ့စကားသံများ
၂၁း၀၀ ပြည်တွင်းသတင်း
နိုင်ငံခြားဇာတ်လမ်းတွဲ
နိမိတ်ပုံရိပ် (အပိုင်း-၆)

▲ *ကျောဖုံးမှ*

တက်ရောက်ခြင်းအားဖြင့် သိနိုင်တဲ့အတွက် အများကြီးအကျိုးရှိပါတယ်။

မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ကတော့ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံက တော်တော်လေးကို ထင်ပေါ်လာတဲ့ အနေအထား သတင်းဆောင်းပါး တစ်ခု ထဲမှာတွေ့တယ်။ နိုင်ငံတကာ Business Community မှာ စကားတစ်ခု ဖြစ်နေတယ်။ 'မင်းရဲ့ ပတ်စ်ပို့စာအုပ်မှာ မြန်မာဗီဇာတံဆိပ် မထုရသေးရင် မင်းဟာဘာမှမဟုတ်သေးဘူး'ဆိုပြီး အဲဒီလောက်အထိကို မြန်မာနိုင်ငံရဲ့ အနေအထားက အလွန်ကို Image က တက်နေတယ်ပေါ့၊ ဒီဖိုရမ်ကြီးကြောင့်လည်း ပိုပြီး ပိုပြီးတော့ အဆင့်မြင့်သွားနိုင်တယ်။ ကိုယ့်နိုင်ငံအတွက်လည်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေပိုပြီး တိုးတက်လာနိုင်တယ်။

" မြန်မာနိုင်ငံမှာ အိုင်စီတီနဲ့ ပတ်သက်ပြီး လျင်မြန်စွာ ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဖြစ်ပါတယ်။"
Nguyen Huu Thai Hoa (Chief Strategy Officer, FPT Corporation)

Nguyen Huu Thai Hoa (Chief Strategy Officer, FPT Corporation)

ဆွေးနွေးမယ့် အကြောင်းအရာကတော့ မြန်မာနိုင်ငံမှာ အိုင်စီတီနဲ့ ပတ်သက်ပြီး လျင်မြန်စွာ ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး အိုင်စီတီနဲ့ဆိုင်တဲ့ အင်တာနက်ဖောင်ဒေးရှင်းဟာ နိမ့်ကျနေပါသေးတယ်။ အဲဒီအတွက် အင်တာနက်ဖွံ့ဖြိုးတိုးတက်မှု နည်းလမ်းသစ်တွေကို ဆွေးနွေးတဲ့အခါ ဒီဖိုရမ်ကအများကြီး အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ကလည်း မြန်မာနိုင်ငံမှာ အိုင်စီတီနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားဆွေးနွေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီက အမေရိကန်နဲ့ ဂျပန်တို့နဲ့ ဆက်စပ်အလုပ်လုပ်တာ ၂၅ နှစ် ရှိခဲ့ပါပြီ။ ဗီယက်နမ်မှာ နာမည်ကြီး ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၂ ခုနှစ်က ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရှိပြီးတော့ အလုပ်အကိုင် အခွင့်အလမ်း ၁၅၀၀၀ ဖော်ဆောင်နိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့လည်း ဒီဖိုရမ်ကနေ ကျွန်တော်တို့အတွေ့အကြုံ ဗဟုသုတနဲ့နည်းပညာတွေ အများကြီးရနိုင်ပြီး မြန်မာနိုင်ငံအတွက်လည်း အများကြီးအကျိုးကျေးဇူးရနိုင်မှာဖြစ်ပါတယ်။

"စီးပွားရေးဖိုရမ် လုပ်ခွင့်ရတဲ့ အတွက် စီးပွားရေးလုပ်ငန်းရှင်တွေ ပိုလာမယ်။ ပိုပြီး ရင်းနှီးမြှုပ်နှံကြမယ်။"
ဦးကိုကို (Chairman, Yangon Media Group Limited)

ကျွန်တော်တို့ကုမ္ပဏီက မြန်မာနိုင်ငံမှာ အိုင်စီတီနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံလိုပါတယ်။ မြန်မာနိုင်ငံကနေ အင်ဂျင်နီယာပေါင်း ၅၀၀၀ လောက် ကျွန်တော်တို့လိုချင်ပါတယ်။ မြန်မာနိုင်ငံမှာ အင်ဂျင်နီယာကျောင်းဖွင့်ဖို့ ကူညီပေးသွားမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းတွေဟာ နောင်လာမယ့် ငါးနှစ်အတွင်း အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။

ဦးကိုကို (Chairman, Yangon Media Group Limited)

ကျွန်တော်တို့ တိုင်းပြည်ကို ကမ္ဘာကသိအောင် ဒီဖိုရမ်က ကြော်ငြာပေးတာပေါ့ဗျာ။ ကျွန်တော်က အလွန်စိတ်ဝင်စားပါတယ်။ ဝင်ရောက်လည်း ဆွေးနွေးပါတယ်။ ကျွန်တော့်အနေနဲ့ပြောရရင် ဒီ စီးပွားရေးဖိုရမ်လုပ်ခွင့်ရတဲ့အတွက် စီးပွားရေးလုပ်ငန်းရှင်တွေ ပိုလာမယ်။ ပိုပြီးရင်းနှီးမြှုပ်နှံကြမယ်။ တစ်ဖက်မှာလည်း ကျွန်တော်တို့ ပြည်တွင်းပိုင်းက ကဏ္ဍအလိုက်၊ Sector အလိုက် Human Resources တွေ ဖွံ့ဖြိုးလာအောင် လုပ်ဆောင်ဖို့ ကျိန်းသေပေါက်လိုအပ်နေပြီဆိုတာ ဖြစ်ပါတယ်၊ လက်ရှိမှာ ဝင်ရောက်လာနေတဲ့ စီးပွားရေးလုပ်ငန်းအလိုက် ပြည်တွင်းမှာ တိုးတက်မှုတွေ ရှိလာမှာမလွဲပါဘူး။

ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ပေးပို့တင်ပြလာသည့် အကြံပြုစာများအပေါ် ဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုများကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ကြေညာခြင်း

ကောင်းမွန်လာသည့်အတွက် မြို့ပတ်ရထားများသည် မရှိဘဲ နောက်ကျနေခြင်းကို ပြုပြင်ပေးပါရန်နှင့် ည့် အကြောင်းအရင်းမှာ လမ်းတစ်လမ်းတည်းတွင် ခြင်းကို ပြုပြင်ပေးပါရန် အကြံပြုချက်အပေါ် ရထား င်ရေးဝန်ကြီးဌာန၏ စိစစ်ဆောင်ရွက်မှုများ

င်ရေးဝန်ကြီးဌာနအနေဖြင့် ရထားပြေးဆွဲချိန်မှန်ကန်မှု စိစစ်ဆောင်ရွက်လျက်ရှိပြီး မြို့ပတ်ရထားလမ်းပိုင်းတွင် န္တရာယ်ကင်းရှင်းစွာဖြင့် ငါးမိနစ်ခြား ရထားတစ်စင်း ွက် နိုင်ငံတကာရထားပြေးဆွဲမှုစံချိန်စံညွှန်းသတ်မှတ် အလိုအလျောက် အချက်ပြစနစ် (Automatic Sig-)ကို တပ်ဆင်အသုံးပြုခဲ့ရာ ထိုစနစ်၏ စံချိန်စံညွှန်းဖြင့် ာ အချက်ပြမီးပွိုင့် အရေအတွက်အတိုင်း၊ အကွာအဝေး အသုံးပြုခြင်း ဖြစ်ပါသည်။

ာကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်၊ ရွာရှည်အုပ်စု ရွာ၌ မြေယာများလျော်ကြေးပေးရာတွင် လွဲမှားစွာ သောကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးသို့ မှန်းသောအခါတွင်လည်း တိကျစွာဖြေရှင်းမပေးနိုင်၍ ပေးခြင်းကို ကွင်းဆင်းစစ်ဆေးပေးစေလိုကြောင်း ကြံပြုချက်အပေါ် စိစစ်ဆောင်ရွက်မှုများ

နှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးစီးသော မြေယာမှုခင်းစစ်ဆေးရေးအဖွဲ့မှ ကျေးရွာအုပ်စုအလိုက် ကွင်းဆင်း၍ တောင်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီးဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အကြံပြုတင်ပြခဲ့သော မြေယာကိစ္စသည် ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိပါကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူညှိနှိုင်းရာတွင် ပြေလည်မှု မရရှိပါသဖြင့်သက်ဆိုင်ရာတရားရုံးတစ်ခုခုတွင် အဆုံးအဖြတ်ရယူ ဆောင်ရွက်နိုင်ပါရန် အကြံပြုသူသို့ အကြောင်းကြားထားပြီးဖြစ်ကြောင်း တင်ပြထားပါသည်။

ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားများ တစ်နှစ်လျှင် နှစ်သန်းခန့် ဝင်ရောက်နေကြောင်း၊ ထိုနိုင်ငံခြားသားများ ဟိုတယ်၌ နံနက်စာပါ တစ်ညတည်းခိုခြင်း ဈေးနှုန်းကို (25 US$ မှ 400 US$) အထိ သတ်မှတ်ပေးထားခြင်းကို မြန်မာနိုင်ငံဟိုတယ်များအနေဖြင့် ထိုသို့ဈေးနှုန်းသတ်မှတ်ပေးထားသင့်ကြောင်း အကြံပြုချက်အပေါ် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စိစစ်ဆောင်ရွက်မှုများ

ထိုင်းနိုင်ငံသို့ နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုမှာ ၂၀၁၂ ခုနှစ်တွင် ၂၂ သန်းခန့်ရှိပြီး ဗန်ကောက်မြို့တစ်မြို့တည်းတွင်ပင် ဟိုတယ်ပေါင်း ၇၃၂ လုံးခန့်ရှိရာ အချို့ဟိုတယ်များ၌ ဈေးနှုန်းများလျှော့ချသကဲ့သို့ နာမည်ကြီးဟိုတယ်များအနေဖြင့် သတ်မှတ်ဈေးဖြင့်သာ လုပ်ကိုင်လျက်ရှိခြင်းကို လေ့လာသိရှိရပါကြောင်း၊ ယခုအချိန်သည် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်နေချိန်ဖြစ်၍ ဟိုတယ်အခန်းခများနှင့်ပတ်သက်၍ ပုံသေဈေးနှုန်း သတ်မှတ်ရန် မသင့်ပါကြောင်းနှင့် မကြာသေးမီကာလအတွင်း၌ ရန်ကုန်မြို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ အခန်းခဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်ခဲ့ခြင်းနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများနှင့် ဟိုတယ်များအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ဟိုတယ်များအနေဖြင့် အခန်းခဈေးနှုန်းနှင့် ဝန်ဆောင်မှုသင့်တင့်မျှတရေးတို့အတွက် ပညာပေးခြင်း၊ သတိပေးနှိုးဆော်ခြင်း၊ ပြည်တွင်းဟိုတယ်များအနေဖြင့် နိုင်ငံခြားဧည့်သည်များကို ယုံကြည်စွာလက်ခံထားရှိအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မျက်ခြည်မပြတ် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုင်းနိုင်ငံတွင် ဂျပန်နိုင်ငံမှ ကားကုမ္ပဏီများ လာရောက်လုပ်ကိုင်ရာ ဂျပန်နိုင်ငံမှ အင်ဂျင်နီယာတစ်သောင်းငါးထောင်ကျော်နှင့် ထိုင်းမှကျွမ်းကျင်လုပ်သား ငါးသောင်းကျော်ဖြင့် အလုပ်လုပ်ကိုင်လျက်ရှိနေကြသဖြင့် နိုင်ငံခြားသားများအတွက် ဆွဲဆောင်မှုဖြစ်စေရန် မြန်မာနိုင်ငံအနေဖြင့်လည်း ထိုင်းနိုင်ငံ၏လူဝင်မှုကြီးကြပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများအား လေ့လာသင့်ကြောင်း အကြံပြုချက်အပေါ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ စိစစ်ဆောင်ရွက်မှုများ

အကြံပြုချက်နှင့်ပတ်သက်၍ ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ လေ့လာဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ Investment Facilitation အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြပြီး အဆင့်ဆင့်ဆောင်ရွက်လျက်ရှိပါသည်။

သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အရေးယူဆောင်ရွက်မှုအပေါ် မကျေလည်မှုများ၊ မေးမြန်းစုံစမ်းလိုသည်များရှိခဲ့ပါက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့သို့ ထပ်မံပေးပို့အကြောင်းကြားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့

အသိပေးကြေညာခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် ဆောင်ရွက်လျက်ရှိသော မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့် ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းများအနက် နိုင်ငံခြားငွေဖြင့် ကောက်ခံဆောင်ရွက်လျက်ရှိသည့် အောက်ပါလုပ်ငန်းရပ်များအား ၂၀၁၃ ခုနှစ် ဇွန်လ ၁၀ ရက်နေ့မှစတင်၍ ညီမျှသော မြန်မာကျပ်ငွေဖြင့် ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) ပြည်ပတင်သွင်းယာဉ် ကနဦးမှတ်ပုံတင်ခများ။
(ခ) နယ်စပ်ဒေသဝင်ပေါက်များတွင် ဝင်ရောက်ယာဉ်အပေါ် ကောက်ခံသည့် နယ်စပ်ဒေသဖြတ်သန်းခများ။
(ဂ) အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့် လက်မှတ်ထုတ်ပေးခြင်း။
(ဃ) သံတမန်နှင့် အဖွဲ့အစည်းများ၏ သံတမန်အခွင့်အရေးမရသောပုဂ္ဂိုလ်များထံမှကောက်ခံသည့် ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်ဆိုင်ရာ မှတ်ပုံတင်ခများ။
(င) နိုင်ငံခြားသားနှင့် နိုင်ငံခြားကုမ္ပဏီအမည်ပေါက် ယာဉ်မှတ်ပုံတင်ခများ။
(စ) နိုင်ငံခြားသား ယာဉ်မောင်းလိုင်စင်အား မြန်မာနိုင်ငံယာဉ်မောင်းလိုင်စင်သို့ ပြောင်းလဲထုတ်ပေးသည့် ကိစ္စရပ်များ။

၂။ မြန်မာကျပ်ငွေဖြင့် ကောက်ခံရာတွင် နိုင်ငံခြားငွေနှုန်းထားအပေါ် ဗဟိုဘဏ်မှ ထုတ်ပြန်သော ညီမျှ Exchange rate အရ ကောက်ခံသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာပေမြင့်မှ လူမျိုးတင့်မည်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

စိုက်ပျိုးမြေဧက ၈၀၀၀ ကျော်ကို ရေဘေးကာကွယ်နိုင်မည့်ရွှေလီတာတမံ

ကသာ ဇွန် ၆

တရုတ်ပြည်မှ မြစ်ဖျားခံစီးဆင်းလာသည့် ရွှေလီမြစ်သည် ကသာမြို့နယ်အတွင်းသို့ လှေဘိုကျေးရွာဘက်မှ စတင်ဝင်ရောက်စီးဆင်းလာကာ အင်းရွာကျေးရွာအနီးတွင် ဧရာဝတီမြစ်အတွင်းသို့ ပေါင်းဆုံစီးဝင်သည်။ ရွှေလီမြစ်သည် နွေရာသီတွင် ရေနည်းပါးသော်လည်း မိုးရာသီတွင် ကမ်းလုံးပြည့်လျှံအောင်ရေကြီးမြင့်သဖြင့် မြစ်ကမ်းဘေးနှစ်ဖက်ရှိ မြေဧကများစွာ နစ်မြုပ်ခြင်းခံကြရသည်။ ရေလွှမ်းမိုးနစ်မြုပ်ခြင်းခံရသည့် မြေဧကများတွင် မည်သည့်သီးနှံမျှ စိုက်ပျိုးမရသဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍထုတ်လုပ်ရေးကို ထိခိုက်နစ်နာစေခဲ့သည်။

သို့ဖြစ်၍ ဆည်မြောင်းဦးစီးဌာနက ၁၉၈၂ ခုနှစ်တွင် နန်းနွဲ့ကျေးရွာမှ ဝက်တူးကျေးရွာအထိ တာတမံအမြင့် ၇ ပေ၊ တာတမံအပေါ်ထိပ်အကျယ် ၆ ပေ၊ တာတမံအရှည် ပေ ၃၆၈၀၀ ၊ ၇ မိုင်ခန့်ရှိ မြေသားတာပေါင်ကြီးကို စတင်တည်ဆောက်ခဲ့ရာ ၁၉၈၃ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ မြေသားတာတမံကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သဖြင့် မိုးစပါး၊ စိုက်ဧက ၆၈၆၂ ဧကနှင့် အခြားသီးနှံ ၁၅၇၇ ဧက စုစုပေါင်းစိုက်ပျိုးမြေဧက ၈၄၃၉ ဧကကို ရွှေလီမြစ်ရေလွှမ်းမိုးခြင်းမှ ကာကွယ်နိုင်ခဲ့သည်။

အဆိုပါ ရွှေလီတာတမံကြီးကို မပြုပြင်သည်မှာ နှစ်ကာလကြာမြင့်ပြီဖြစ်သဖြင့် ယခုအခါ တာပေါင်တစ်လျှောက်လုံး ပြိုပျက်နေပြီး နေရာတော်တော်များများတွင် ချုံနွယ်ပိတ်ပေါင်းများ ပေါက်ရောက်ဖုံးလွှမ်းလျက်ရှိကာ ဝက်တူးကျေးရွာအနီးရှိ မြေသားတာပေါင်မှာ အရှည်ပေ ၂၀၀ ခန့် လုံးဝပျက်စီးကျိုးပေါက်သွားခဲ့ကြောင်း တွေ့ရှိရသည်။ တာတမံပျက်စီးကျိုးပေါက်နေသဖြင့် မိုးရာသီတွင် စိုက်ပျိုးမြေဧက ၈၀၀၀ ကျော် ရေနစ်မြုပ်ခြင်းခံရပြီး လယ်ယာကဏ္ဍအတွက်နှုန်း ထိခိုက်လျော့နည်းခဲ့ကြောင်း သိရသည်။

ကသာခရိုင် ဆည်မြောင်းဦးစီးဌာနက ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်၍ ရွှေလီတာတမံပြုပြင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ တာတမံပိုမိုခိုင်မာကြံ့ခိုင်မှုမရှိရေးအတွက် ယခင်တာတမံအမြင့် ၇ ပေရှိရာမှ ၁၂ ပေအမြင့်ထိလည်းကောင်း၊ တာတမံအပေါ်ပိုင်းအကျယ် ၆ ပေရှိရာမှ ၁၅ ပေအကျယ်အထိလည်းကောင်း တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ် မေလကုန်အထိ ငွေကျပ်သိန်းပေါင်း ၁၅၀၀ အကုန်အကျခံ၍ တာတမံအရှည်ပေ ၈၁၀၀ ကို မြေကျင်းပေါင်း ၃၅၄၀၀ ဖြင့် မြေဖို့ပြုပြင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျန်အစိတ်အပိုင်းများကို ဆက်လက်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေလီတာတမံ ပြုပြင်တည်ဆောက်နိုင်မှုကြောင့် စိုက်ပျိုးမြေဧက ၈၀၀၀ ကျော်ကို ရွှေလီမြစ်ရေလွှမ်းမိုးခြင်းမှကာကွယ်နိုင်မည့်အပြင် မြေသားတာပေါင်အပေါ်ပိုင်းမှာ ၁၅ ပေကျယ်ဝန်းပြီး ၇ မိုင်ခန့် ရှည်လျားသည်ဖြစ်ရာဝက်တူး၊ ကျွန်းကုန်း၊ ဆိပ်သာ၊ ဆင်ဆင်း၊ ငါးတဲကြီး၊ နန်းနွဲ့ စသည့်ကျေးရွာများအတွက် ကျေးရွာချင်းဆက်ကုန်ထုတ်လမ်းမအဖြစ် ရာသီမရွေးအသုံးပြုနိုင်မည် ဖြစ်ကြောင်း လေ့လာသိရှိရသည်။

စမ်းဦး(ကသာ)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်နှင့် စုပေါင်းပလတ်စတစ်ကောက်သိမ်းပွဲ စစ်ကိုင်းမြို့တွင် ကျင်းပ

စစ်ကိုင်း ဇွန် ၆

စစ်ကိုင်းမြို့နယ် သစ်တောဦးစီးဌာနက ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲတော်နှင့် စုပေါင်းပလတ်စတစ်ကောက်သိမ်းပွဲကို စစ်ကိုင်းမြို့ စစ်ကိုင်းတက္ကသိုလ်သိပ္ပံဆောင်ရှေ့၌ ဇွန် ၅ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားကို တိုင်းဒေသကြီး သစ်တော၊ သတ္တု၊ စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပါမောက္ခချုပ်နှင့်ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူ ၇၀၀ ကျော် တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးနှင့်အတူ ယူကလစ်ပင် ၂၀၀၊ စိန်ပန်း ၁၀၀၊ တမာပင် ၁၀၀၊ ကျွန်းပင် ၅၀၊ ပိတောက်ပင် ၅၀၊ ဗာဒံပင် ၅၀၊ ငုစပ်ပင် ၅၀၊ စွယ်တော်ပင် ၅၀၊ ရေတမာပင် ၅၀၊ မယ်ဇယ်ပင် ၅၀ တို့ကို တပျော်တပါးစိုက်ပျိုးကြပြီး **(အောက်ပုံ)**တက္ကသိုလ်ကျောင်းပတ်ဝန်းကျင်နှင့် လမ်းဘေးဝဲယာတစ်လျှောက်တွင် သန့်ရှင်းသာယာလှပစေရန်အတွက် ပလတ်စတစ်များကိုလည်း စုပေါင်းကောက်ယူခဲ့ကြသည်။

သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြရာ "အခုလို စိုက်ပျိုးခြင်းဟာ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်သာမကမြေဆီလွှာထိန်းသိမ်းရေးနဲ့ လေဘေးကြိုတင်ကာကွယ်ရေးအတွက်လည်း အဓိကကျပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

မျိုးဝင်း

ဗန်းမော်မြို့ နန့်စရီးချောင်းကူးကြိုးတံတားဖွင့်ပွဲ ကျင်းပ

ဗန်းမော် ဇွန် ၆

ဗန်းမော်မြို့ နန့်စရီးချောင်းကူးကြိုးတံတားဖွင့်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီက ခိုကျင်ကျေးရွာ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးညွန့်ဝင်းက အမှာစကားပြောကြားပြီး တံတားဖြစ်မြောက်ရေး ကျေးရွာကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရှိန်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်းတို့က နန့်စရီးချောင်းကူးကြိုးတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့သည် ကြိုးတံတားကမ္ပည်းမှတ်တိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ကြိုးတံတားပေါ်သို့ လမ်းလျှောက်ကြည့်ရှုကြသည်။ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုငွေကျပ် ၇၆ ဒသမ ၂ သိန်း၊ ပြည်သူများ၏ လုပ်အားအကူအညီတို့ဖြင့် တည်ဆောက်နိုင်ခဲ့သည်။

အဆိုပါကြိုးတံတားကို ဇန်နဝါရီလ ဒုတိယပတ်မှစတင်တည်ဆောက်ခဲ့ရာ မေ ၃၁ ရက်တွင် အပြီးတည်ဆောက်နိုင်ခဲ့သည်။ အရှည်ပေ ၂၅၀၊ သစ်သားကြမ်းခင်းအကျယ် ၆ ပေ၊ အမြင့် ၆ ပေရှိသည်။

နန့်စရီးချောင်းကူး ကြိုးတံတားတည်ဆောက်ပေးခြင်းကြောင့် ခိုကျင်၊ စီဟဲ၊ မံဖာကျေးရွာများမှ ခိုကျင်တစ်ဖက်ကမ်းရှိ စိုက်ပျိုးမြေဧက ၄၀၀ ခန့်နှင့် ဆက်သွယ်ပေးသောကြိုးတံတားဖြစ်သည်။ နွေမိုးဆောင်းရာသီမရွေး၊ အချိန်အခါမရွေး သွားလာနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ ရာသီပေါ်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် တောင်သူများ ဆန်စပါး၊ ဝမ်းစာဖူလုံမှုရရှိစေခြင်း၊ အခြားဝင်ငွေများ ရရှိစေခြင်း၊ ဆင်းရဲမှုလျော့ကျစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို အထောက်အကူဖြစ်စေ၍ ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာရှိနေကြသည်။

ရွှေခြံသား(ဗန်းမော်)

မင်းတပ်တွင် ဟိုတယ်ဇုန်တည်ဆောက်ရန် ချင်းပြည်နယ်အစိုးရစီစဉ်

ကလေး ဇွန် ၆

ချင်းပြည်နယ် မင်းတပ်မြို့ ကျောက်ဆစ်တိုးချဲ့ ကြိုးဝိုင်းအတွင်းရှိ အကွက်အမှတ်(၁၉)တွင် မြို့ဧရိယာတိုးချဲ့ရန်နှင့် ဟိုတယ်ဇုန်တည်ဆောက်ရန်အတွက် ချင်းပြည်နယ်အစိုးရက စီစဉ်နေကြောင်း ဒေသတွင်း သတင်းများအရ သိရသည်။

မြို့ဧရိယာတိုးချဲ့ရန်နှင့် ဟိုတယ်ဇုန်ဆောက်လုပ်မည့် ကြိုးဝိုင်းဧရိယာသည် ဧက ၁၀၀ ကျော်ရှိပြီး မင်းတပ်မြို့သည် ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ ၄၈၆၀ တောင်တန်းဒေသတွင်တည်ရှိသည့် တောင်ပေါ်မြို့ဖြစ်သည်။ သစ်တောကြိုးဝိုင်းအတွင်း သစ်တောများ ထိခိုက်ပျက်စီးမှုနည်းနိုင်သမျှနည်းအောင် လုပ်ဆောင်သင့်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။ မြို့မြေတိုးချဲ့ရန်နှင့် ဟိုတယ်ဇုန်စီမံကိန်းစီစဉ်နေသည့် ကျောက်ဆစ်(၂)သစ်တောကြိုးဝိုင်းသည် မင်းတပ်မြို့ အရှေ့ဘက်တွင်တည်ရှိပြီး သစ်တောကြိုးဝိုင်းဧရိယာအကျယ်မှာ ဧက ၁၄၅၀၀ ဝန်းကျင်ကျယ်ဝန်းကြောင်း သိရသည်။ မင်းတပ်မြို့နယ်တွင် ကျောက်ဆစ်(၂)၊ မိအယ်၊ ဘူတောင်း၊ ကြီးတိုးချဲ့စသည့် သစ်တောကြိုးဝိုင်းများရှိပြီး သစ်တောမြေဧရိယာ ၄၀၀၀၀ ကျော်ကျယ်ဝန်းကြောင်း သိရသည်။

သျှင်နေမင်း

စက်မှုဝန်ကြီးဌာန
အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းအား CIF(Yangon) နိုင်ငံခြားငွေ (USD)ဖြင့် ဝယ်ယူလိုပါသည်-

Tender No-02/No(1) HIE/2013-2014/CP

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Component Parts for Dump Truck (25 Ton)(6x4)	18 Sets

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၇-၆-၂၀၁၃ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

၃။ တင်ဒါများ နောက်ဆုံးထားတင်သွင်းရမည့်ရက်မှာ ၂၄-၆-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ဝယ်ယူအသုံးပြုရန်လိုအပ်သော စာရေးကိရိယာပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများအားဦးစီးဌာနအလိုက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၇-၆-၂၀၁၃ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၅-၇-၂၀၁၃ ရက်
(ဂ) **တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

(က)	**ဝန်ကြီးရုံး**	ရုံးအမှတ် ၁၅၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၀၉၄၊ ၄၁၀၀၉၈
(ခ)	**စိုက်ပျိုးရေးဦးစီးဌာန**	ရုံးအမှတ် ၄၃၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၅၁၅
(ဂ)	**ဆည်မြောင်းဦးစီးဌာန**	ရုံးအမှတ် ၄၃၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၇
(ဃ)	**ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန**	ရုံးအမှတ် ၄၃၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၁၂၉
(င)	**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**	ရုံးအမှတ် ၅၀၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၁၁၇
(စ)	**ရေအရင်းအသုံးချရေးဦးစီးဌာန**	ရုံးအမှတ် ၅၀၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၄၃၁၃၀၈
(ဆ)	**စက်မှုလယ်ယာဦးစီးဌာန**	ရုံးအမှတ် ၅၀၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၂၁၉
(ဇ)	**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**	ရေဆင်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၆၅၉၂
(ဈ)	**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**	ရေဆင်း၊ ဖုန်း-၀၆၇-၄၁၆၆၈၆
(ည)	**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**	ဖုန်း-၀၁-၃၈၁၅၃၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆီကြိမ်းစမ်းသပ်သန့်စင်ထုတ်လုပ်ရေးစက်ရုံ(သဃ်န်းကျွန်း)မှ ထုတ်လုပ်ထားသော ဆီအုန်း ဆီကြိမ်းလက်ကျန် ၂၃၁ ဒသမ ၃၀၅ မက်ထရစ်တန်အား Lot အဖြစ် သတ်မှတ်၍လည်းကောင်း၊ ဆီကြိမ်းစမ်းသပ်ထုတ်လုပ်ရေးစက်ရုံ(အင်္ဂဘို)မှ ထုတ်လုပ်ထားသော ဆီအုန်းဆီကြိမ်းလက်ကျန် ၂၂၀ ဒသမ ၂၄၈မက်ထရစ်တန်အားလည်း Lot အဖြစ်သတ်မှတ်၍လည်းကောင်း၊ စုစုပေါင်း ဆီအုန်းဆီကြိမ်းလက်ကျန် ၄၅၁ ဒသမ ၅၅၃မက်ထရစ်တန်အား မျက်မြင်အခြေအနေအတိုင်း မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၇-၆-၂၀၁၃ ရက်မှ ၂၈-၆-၂၀၁၃ ရက်အထိ နံနက် ၉း၃၀ နာရီမှ ၁၆း၀၀နာရီအတွင်း စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးချုပ်တွင် စည်းကမ်းချက်များနှင့်အတူ တစ်စုံလျှင် ငွေ ၅၀၀၀ိ/-ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ ၁-၇-၂၀၁၃ ရက် မွန်းလွဲ ၁၃း၀၀နာရီတွင် ရုံးအမှတ် ၅၀၊ နေပြည်တော်၌ မျက်နှာစုံညီ တင်ဒါဖွင့်မည်ဖြစ်ပြီး ကြီးကြပ်ရေးကော်မတီ၏ ရှေ့မှောက်၌ (တင်ဒါအောင်မြင်သည့်အခါ စာချုပ်ချုပ်ဆိုမည့်သူ) ကိုယ်တိုင်အိတ်ဖွင့်တင်ဒါ လာရောက်ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် ၅၀၊ နေပြည်တော်၊
ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၃၁၂၀၃၊ ၄၃၁၁၀၇

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်မြင့်မြင့်၏ ပတ်စပို့အမှတ် ၆၇၈၅၀၄ မှာ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

ဖုန်း-၆၈၇၀၅၆

အမည်မှန်

ဦးအောင်မင်းသိန်း၏သမီး အထက(၄) အင်းစိန် Grade -10(C)အောင်မှ မအိရွှေဇင်၏ အမည်မှန်မှာ မအိရွှေစင်ဖြစ်ပါသည်။

မအိရွှေစင်

မြေနှင့်အဆောက်အအုံရောင်းမည်

- ရတနာပုံ၊ ဒိုင်းမွန်းပလာဇာရှေ့၊
- ၇၇ လမ်းမပေါ်၊ ၃၃ လမ်းနှင့် ၃၄လမ်းကြား၊
- ဘိုးဘွားပိုင်မြေ၊ ပေ (၄၀×၁၂၀)၊ ပိုင်ရှင်ကိုယ်တိုင်ရောင်း၊ အရှုပ်အရှင်းကင်း၊
- ညှိနှိုင်းဈေး
- ဖုန်း-၀၂-၆၄၀၈၂

သီတဂူဒီပင်္ကရာ စက္ခုဒါနဆေးရုံတော်တွင် မျက်စိဝေဒနာရှင်များအား ရှစ်ကြိမ်မြောက် အခမဲ့ကုသ

မကွေး ဇွန် ၆

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဒီပင်္ကရာစာသင်တိုက် ဘုန်းကြီးကျောင်းဝင်းအတွင်း၌ သီတဂူဗုဒ္ဓတက္ကသိုလ်ဆရာတော် အရှင်ဉာဏိဿရ ဦးဆောင်၍ အလှူရှင်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသောသီတဂူဒီပင်္ကရာစက္ခုဒါန ဆေးရုံတော်တွင် ယခုနှစ် ဇွန် ၄ ရက်မှစတင်၍ မျက်စိဝေဒနာရှင်များကို အခမဲ့ကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆေးရုံတွင် ၂၀၀၉ ခုနှစ်မှ စတင်၍ မျက်စိဝေဒနာရှင်များအား ဆေးဝါးများ အခမဲ့ကုသပေးခဲ့ရာတွင် နတ်မောက်မြို့နယ်နှင့် ထိစပ်လျက်ရှိသော မြို့နယ်များမှ လူမျိုးဘာသာမရွေး မျက်စိဝေဒနာရှင်များကို ကုသပေးခဲ့ရာ ၂၀၁၂ ခုနှစ်အထိ မျက်စိခွဲစိတ်ဝေဒနာရှင်ပေါင်း ၉၁၁ ဦးအား ကုသပေးခဲ့ကြောင်း၊ ဇွန် ၄ ရက်မှ ၉ ရက်အထိ မျက်စိဝေဒနာရှင်များကို ရှစ်ကြိမ်မြောက် အခမဲ့ကုသပေးမည်ဖြစ်ပြီး နတ်မောက်မြို့နယ်နှင့်ထိစပ်လျက်ရှိသော မြို့သစ်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ မကွေးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့မှ လူမျိုးဘာသာမရွေး ကုသပေးလျက်ရှိခြင်းကြောင့် မျက်စိဝေဒနာရှင်များ လာရောက်ကုသလျက်ရှိကြောင်း သီတဂူစက္ခုဒါန ဆေးရုံတာဝန်ခံဆရာတော်ဦးယုဇနထံမှ သိရသည်။ **နတ်မောက်သား**

ကာလတန်ဖိုး သိန်း ၁၀၀၀ ကျော်ရှိ ဘိန်းဖြူဆပ်ပြာခွက်များ ဖမ်းမိ

မိုးညှင်း ဇွန် ၆

ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်မှုကြားချက်အရ မိုးညှင်းမြို့နယ် ဟိုပင်မြို့နယ်ခွဲ နယ်မြေရဲစခန်း စခန်းမှူး ရဲအုပ်မျိုးမြင့်ဦး ဦးစီး တပ်ဖွဲ့ဝင်များသည် မေ ၃၁ ရက်က ဟိုပင်မြို့နယ်ခွဲ နယ်မြေရဲစခန်း၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ ဟိုပင်-တကွင်း-လုံးတုံ ကားလမ်းပေါ်တွင် ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် တကွင်းကျေးရွာဘက်မှ ဟိုပင်မြို့ဘက်သို့ လမ်းလျှောက်လာသည့် မသင်္ကာသူ အမျိုးသားတစ်ဦးကို စစ်ဆေးရန် ရပ်တန့်စေခဲ့ရာ ၎င်းက ထွက်ပြေးရန်ကြိုးစားပြီး ပြန်လည်ခုခံခဲ့သဖြင့် ရဲအုပ်မျိုးမြင့်ဦးနှင့် တပ်ဖွဲ့ဝင်များက လုံးထွေးသတ်ပုတ်ဖမ်းဆီးပြီး ၎င်းသယ်ဆောင်လာသည့် ပိန်အိတ်ကို သက်သေများနှင့်အတူ ရှာဖွေစစ်ဆေးရာ ဘိန်းဖြူမှုန့်များဖြစ်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။

ဖမ်းဆီးရမိသူသည် အင်ခွန်လ (၃၅ နှစ်) မြဇေယျာရပ်ကွက် ဟိုပင်မြို့နယ်ခွဲနေသူဖြစ်ပြီး ၎င်းသယ်လာသော ပိန်အိတ်ကို ဖွင့်ဖောက်စစ်ဆေးရာ ရောင်စုံဆပ်ပြာခွက် တစ်ခွက်လျှင် အလေးချိန် ၁၃ ဂရမ်ခန့်စီပါ စုစုပေါင်း ဆပ်ပြာခွက် ၁၅၄ ခွက် စုစုပေါင်း အလေးချိန် ၂၀၀၂ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၁၂၀၁၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ဇွန် ၁ ရက်က အမှုဖွင့်ပြီး ဒုရဲအုပ် အောင်ကျော်မိုးက စစ်ဆေးလျက်ရှိသည်။

အင်ခွန်လ၏ အစစ်ခံချက်အရ ၎င်း၏အစ်ကိုအရင်းဖြစ်သူ မဆော့ဂမ် (၄၃ နှစ်) မြဇေယျာရပ်ကွက် ဟိုပင်မြို့နေသူက တကွင်းကျေးရွာတောင်ဘက် နှစ်ဖာလုံခန့်အကွာရှိ တကွင်းသုသာန်အနီး ရွှေဘို-မြစ်ကြီးနားကားလမ်းဘေးတွင် ရပ်တန့်ထားသော ယာဉ်အမှတ်၊ ယာဉ်အမျိုးအစား (စိစစ်ဆဲ) ကုန်တင်ကားကြီးပေါ်မှ အဆိုပါ ဘိန်းဖြူများပါသော အိတ်ကို ယူဆောင်ခိုင်းခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မဆော့ဂမ်ကို ဆက်လက်ဖမ်းဆီးရမိခဲ့သည်။ ကျန်ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေးအတွက် အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မိုးဃ်းကျ(မြစ်ကြီးနား)**

ကျောင်းစရိတ်နှင့် စာအုပ်ဖိုးငွေများပေးအပ်

နတ်မောက် ဇွန် ၆

၂၀၁၃-၂၀၁၄ ပညာသင်နှစ် နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ပျော်ဘွယ်ဆရာတော်ကြီးက ကျောင်းစရိတ်နှင့် စာအုပ်ဖိုးငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဇွန် ၄ ရက် မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ပျော်ဘွယ်ဆရာတော် ဦးဝိဇယကဩဝါဒကထာချီးမြှင့်သည်။ ယင်းနောက် ပျော်ဘွယ်ဆရာတော်ကြီး ဦးဝိဇယက ၂၀၁၃-၂၀၁၄ ပညာသင်နှစ် လေးအိမ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေသော ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းစရိတ်စာအုပ်ဖိုးငွေကျပ် ၉၄၈၉၅၀ ကို ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)** ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသန်းကြည်က လက်ခံယူသည်။ ဆက်လက်ပြီး ပျော်ဘွယ်ဆရာတော်ကြီးနှင့်အလှူရှင်နတ်မောက်မြို့နယ် လေးအိမ်ကျေးရွာနေ ဦးလှရွှေ- ဒေါ်တင်မြ၊ သားကိုဟန်ဇော်နှင့် ညီအစ်ကိုများ ကျောက်မျက်ရောင်းဝယ်ရေး မန္တလေးမြို့က လှူဒါန်းသော ဗလာစာအုပ် ၃၅၇ ဒါဇင်၊ ဘောပင် ၁၂၄၇ ချောင်း၊ ခဲတံအချောင်း ၅၀၀ တို့ကို ကျောင်းသား ကျောင်းသူများအား တိုက်ရိုက်ပေးအပ်လှူဒါန်းကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြသန်းကြည်က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(၁၂၇)**

သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မူဆယ် ဇွန် ၆

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ၂၀၁၃ ခုနှစ်ဆောင်ပုဒ်(ပတ်ဝန်းကျင်ထိန်းသိမ်းဖို့ စားနပ်ရိက္ခာချွေတာစားသုံးစို့ Think-Eat Save) အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲတော်စိမ်းလန်းသစ်မျိုးစိုက်ပျိုးခြင်းကို ရှမ်းပြည်နယ် မူဆယ်မြို့ မိုင်းယု(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်စေတီတောင်ကုန်းပေါ်တွင် ယနေ့ နံနက် ၉ နာရီမှ ၁၀ နာရီခွဲထိ ပြုလုပ်ရာ (ရေသင်းဝင်၊ ယူကလစ်၊ ဆူးထင်းရှူး၊ ချယ်ရီ၊ ရေပိတုံး၊ ပိတောက်၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ တန်းစီ၊ ပျဉ်းမ)သစ်မျိုးအပင် ၁၃၅၀ ကို ဒေသခံပြည်သူများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘိုးအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင်နှင့် ကိုယ်စားလှယ်များ၊ မူဆယ်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇော်ဦး၊ မြို့နယ်ဦးစီးအရာရှိ ဦးဟန်မင်းနောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့အစည်းပေါင်းစုံ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀၀ က ပြိုင်တူစနစ်တကျ စိုက်ပျိုးကြကြောင်း သိရသည်။ **အယ်လ်စိုး(Ciprd)**

ယဉ်ကျေးမှုသင်တန်းဆင်း

လက်ပံတန်း ဇွန် ၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် မြင်ကဝ အုပ်စု လယ်တီကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဇွန် ၁ ရက် မွန်းတည့် ၁၂ နာရီက ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း အင်္ဂလိပ်၊ မြန်မာသင်တန်းဆင်းပွဲကျင်းပရာ ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကုသလ၊ သင်တန်းနည်းပြ အရှင်သုတာလင်္ကာရ၊ အရှင်ဝိသုဒ္ဓတို့က ဩဝါဒကထာ မြွက်ကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သင်တန်းဖြစ်မြောက်ရေးအကျိုးဆောင်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ အရှင်ဝိသုဒ္ဓ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်း သာယာဝတီမြို့မှ ဦးကြည်ခိုင်၊ ဒေါ်အေးမွန်တို့က အလှူငွေများ ပေးအပ်လှူဒါန်းရာ အရှင်သုတာလင်္ကာရက လက်ခံယူပြီး သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

(၀၉၈)

ပြည်တွင်းသတင်း

ကြံတောင်သူများမိုးရွာ၍ ဝမ်းသာလျက်ရှိ

ဖြူး ဇွန် ၆

အနောက်တောင် မုတ်သုံရာသီလေသည် မြန်မာနိုင်ငံအနှံ့အပြားသို့ ဝင်ရောက်ခဲ့ပြီဖြစ်၍ မြန်မာပြည်တစ်ခွင် အနယ်နယ်အရပ်ရပ်တို့တွင် မိုးများစတင်ရွာသွန်းလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၊ ကျောက်ကြီးမြို့နယ်နှင့် ကျောက်တံခါးမြို့နယ်များတွင်လည်း ယခုမိုးဦးအစကာလ၌ မိုးတစ်လှည့် လေတစ်လှည့်ဖြင့် အပူအအေးမျှတကောင်းမွန်လျက်ရှိသည်။

လက်ရှိရာသီဥတုအနေအထားသည်ကြံစိုက်တောင်သူများ အကြိုက်ဖြစ်ပြီး ယခု ၂၀၁၂-၂၀၁၃ ခုနှစ် ကြံစိုက်ရာသီတွင် ဖြူးမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့မှ ကြံစိုက်တောင်သူများက ကြံစိုက် ဧက ၆၆၀၀ ခန့်စိုက်ပျိုးထားခဲ့ပြီးဖြစ်ရာ ကြံစိုက်ပျိုးရေးလုပ်ငန်းစဉ်အရ ယခုအခါ ပေါင်းလုံး၍ မြေဩဇာများ ထည့်လျက်ရှိနေကြသည်။

ကြံစိုက်ခင်းများအနေဖြင့် မိုးရွာသွန်းမှုကြောင့် အောင်ရေကိုလည်း အပြည့်အဝရရှိနေပြီဖြစ်၍ ကြံစိုက်ဧကများတွင် အပင်များပွားများလျက်ရှိပြီး ကြံစိုက်ခင်းများသည်လည်း ရှင်သန်ဖြစ်ထွန်းအောင်မြင်လျက် ရှိကြသဖြင့် ကြံတောင်သူဦးကြီးများ ဝမ်းသာရွှင်ပြုံးလျက်ရှိနေကြသည်။

ကြံတောင်သူများ စတင်စိုက်ပျိုးစဉ်ကစပြီး ကျော်သာကုမ္ပဏီလီမိတက် ဆင်ဖြူတောင်အဆင့်မြင့်သကြားစက်၊ ဇေယျဝတီကလည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများကို အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိနေသဖြင့် အထက်ပါ ဒေသများ၌ လာမည့်နှစ်များတွင် ကျေးရွာအုပ်စုအလိုက် ကြံများတိုးချဲ့စိုက်ပျိုးသွားရန် ဆင်ဖြူတော်အဆင့်မြင့် သကြားစက်ရုံသို့ လာရောက်ဆက်သွယ်ဆောင်ရွက်လျက်ရှိနေကြကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၆-၆-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၁၀၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၈၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၄၇ ကျပ်
ဥရောပ	တစ်ယူရို	၁၂၄၄ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၀ ကျပ်
ထိုင်း	တစ်ဘတ်	၃၂. ၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၇. ၁၁ ကျပ်
တရုတ်	တစ်ယွမ်	၁၅၃ ကျပ်
မလေးရှား	ရင်းဂစ်	၃၁၄ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၀၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၅၀၀ - ၅၀၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၂၀၀ - ၂၈၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၄၀၀၀ - ၆၅၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၅၀၀ -၁၂၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀ - ၇၀၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၅၀၀ -၂၀၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၉၀၀၀ -၂၄၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀ -၁၂၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၇၀၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၀၃၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၂၂
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၀၀-၄၅၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၇၅၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၀၀-၁၅၀၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၇၀၀-၈၃၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၈၀၀-၁၈၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၁၂။	သကြား	တစ်ပိဿာ	၉၀၀-၉၇၅

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

သွေးလွန်တုပ်ကွေးရောဂါမဖြစ်ခင် ကြိုတင်ကာကွယ်

ကလေး ဇွန် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် မိုးရာသီသွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းကို ဒေသဆိုင်ရာအစိုးရအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ကလေးမြို့ပြည်သူ့ဆေးရုံကြီးမှ သွေးလွန်တုပ်ကွေးရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင်ဒေါက်တာ ဒေါ်ဂိုခန့်နွမ်က ပြောကြားသည်။

ကလေးမြို့တွင် ၂၀၀၅ ခုနှစ်က သွေးလွန်တုပ်ကွေးရောဂါ ပြင်းထန်စွာဖြစ်ပွားခဲ့ပြီး ဆေးရုံသို့ယင်းရောဂါဖြင့်လူနာ ၅၄၈ ဦးတက်ရောက်ကာ နှစ်ဦးသေဆုံးခဲ့ကြောင်း၊ အလားတူ ၂၀၀၉ ခုနှစ်တွင်လည်း သွေးလွန်တုပ်ကွေးရောဂါဖြင့် လူနာ ၂၃၄ ဦး ဖြစ်ပွားကာ နှစ်ဦးသေဆုံးခဲ့ကြောင်း ပြည်သူ့ဆေးရုံကြီး၏ စာရင်းများအရ သိရသည်။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားတတ်ပြီး မူလတန်းအရွယ်ကလေးငယ်များတွင် ပိုမိုဖြစ်ပွားတတ်ကာ ရောဂါပျံ့နှံ့မှုနှင့် သေဆုံးမှုများအကြောင်း ပြောကြားသည်။ **သျှင်နေမင်း**

စိန်ကန့်လန့်လမ်း မြို့ချောင်းတံတားအနီး သုံးလုံးချဲထီသယ်လာသူ ဖမ်းမိ

ကျောက်တံခါး ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်လမ်းဘေး ပဲခူးရိုးမတောင်ခြေအနီး ဖဒိုရဲစခန်းအပိုင်တွင် တရားမဝင် သုံးလုံးချဲထီ ဖမ်းဆီးရမိမှုတစ်ခု ဖြစ်ပွားခဲ့သည်။

အမှုဖြစ်စဉ်မှာ ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီခွဲက ဖဒိုရဲစခန်းမှ နယ်ထိန်းအဖွဲ့ တပ်ကြပ်ကြီး ဟိန်းမျိုးကျော် ဦးဆောင်ပြီး ဒုတပ်ကြပ် မြင့်အောင်၊ ဒုတပ်ကြပ် တင်အောင်ဟိန်း၊ သက်သေ ဦးကိုကိုလွင်၊ ကိုဝေလင်းအောင်၊ ဒေါ်ဥမ္မာဝင်းတို့နှင့်အတူ သတင်းအရ စောင့်ဆိုင်းနေစဉ် ကင်းကျေးရွာအုပ်စု သဘော်တိုက်ရွာနေ ကားလမ်းအတိုင်း လမ်းလျှောက်လာသူ မသင်းသင်းအေး (၂၄နှစ်) ကျပန်းလုပ်သူကို ရပ်တန့်စစ်ဆေးရာ တရားမဝင် သုံးလုံးချဲထီလောင်းကစားရာတွင် အသုံးပြုသည့် စာအုပ်စာရွက်၊ ဘောပင်၊မင်ခံပစ္စည်းများနှင့် လောင်းကစားရာတွင် ရရှိသည့် ငွေစက္ကူရောရာ ငွေကျပ် ၅၅၄၄၀ ကျော်တို့ကို ၄င်းဝတ်ဆင်ထားသည့် အပေါ်အင်္ကျီအောက်အိတ်ကပ်များထဲမှ ရှာဖွေတွေ့ရှိသဖြင့် သက်သေများရှေ့တွင် သိမ်းဆည်းပြီး အရေးယူပေးရန် တကက ဟိန်းမျိုးကျော်က တရားလိုပြုလုပ် တိုင်ကြားသဖြင့် ဖဒိုရဲစခန်းက အမှုဖွင့်ပြီး အမှုစစ်အရာရှိ ဒုရဲအုပ်အောင်လွင်က အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ဗိုလ်သိန်း(ဖဒို)**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ



ပြင်ဆင်ဖတ်ရှုပါရန်

၁-၆-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၇)ပါ မင်းဘူးခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာတွင် လမ်းတံတားလုပ်ငန်းအစား လမ်းခင်းကျောက်မျိုးစုံဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် မှားယွင်းစွာဖော်ပြမိသည့်အတွက် အနူးအညွတ်တောင်းပန်အပ်ပါကြောင်း။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၅-၂၁၀၄၉

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)မှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ကျောက်ကြီးတံတား တည်ဆောက်ရေးလုပ်ငန်းတွင် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

ပစ္စည်းအမျိုးအမည် **အရေအတွက်**

၁။ (က) **သစ်ခွဲသားရှယ်စုံ** ၅၀ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၅-၆-၂၀၁၃ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - မွန်းတည့် ၁၂ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်ရက် - ၁၅-၆-၂၀၁၃ရက်
တင်ဒါစိစစ်ရွေးချယ်မည့်အချိန် - ၁၃း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ကျောက်ကြီးတံတားတည်ဆောက်ရေး စီမံကိန်း၊ ကျောက်ကြီးမြို့။

၂။ တင်ဒါလျှောက်လွှာပုံစံများကိုဖော်ပြပါဌာနတွင် ၆-၆-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၁-၆၂၉၀၃၅၊ ၀၉-၄၅၀၀၀၆၄၈၈

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းအချက်အလက်နှင့် နည်းပညာဌာနအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများအား ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	အမည်	အရေအတွက်
၁။	1000 KVA လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း 11-6.6/0.4kV (1000 KVA) Transformer	(1) No
၂။	အရန်လျှပ်စစ်ဓာတ်အားပေးစက်တည်ဆောက်ခြင်းလုပ်ငန်း Diesel Generator (500 KVA)	(1) No
၃။	"Liebert" PEX Precision Air Con. (Model P 2070)	(2) Nos
၄။	19" 42 U Rack	(54) Nos
၅။	DSLAM (240 Ports)	(10) Nos
၆။	Insulation displacement connector & Accessories (Krone Block and Accessories)	(11) Lots
၇။	Indoor Cables and Accessories	(11) Lots

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification) များ၊ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ (၅-၆-၁၃)ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများနောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ (၁၈-၆-၁၃)ရက် ၁၆း၀၀နာရီဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/ တံတား လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်လမ်းခင်းပစ္စည်းများကို မြို့နယ်အလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
၁။	**ခွဲကျောက်မျိုးစုံ**	၂၁၄၃၆.၇၅ကျင်း
	တင်ဒါလျှောက်လွှာပိတ်ရက်	၁၂-၆-၂၀၁၃ရက်
	တင်ဒါလျှောက်လွှာပိတ်မည့်အချိန်	မွန်းလွဲ ၂ နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မင်းဘူးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မင်းဘူးခရိုင်အင်ဂျင်နီယာမှူးရုံးတွင် ၇-၆-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၅-၂၁၀၄၉

ပျောက်ဆုံး

ကျွန်တော် မောင်နိုင်လင်းထွန်း ၁၂/ကတန(နိုင်)၀၈၃၅၉၆၏ ပတ်စ်ပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃၆၃၄၅၉

သတ်မှတ်ရက်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အင်ဂျင်နီယာချုပ်ရုံး
သတင်းအချက်အလက်နှင့် နည်းပညာဌာန
ပြည်ပဆက်သွယ်ရေးအဆောက်အအုံ
ကမ္ဘာအေးဘုရားလမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၅၆၉၃၇၊ ၀၁-၆၅၀၃၅၆

အရှေ့အာရှ၌ မျက်နှာပန်းလှနေသည့် မြန်မာ

နေပြည်တော် ဇွန် ၆

အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် ၂၀၁၃ကို ဇွန် ၅ ရက်၌ စတင်ကျင်းပခဲ့ပြီဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်း အာဆီယံဥက္ကဋ္ဌအဖြစ် လက်ခံဆောင်ရွက်ရန် အသင့်ရှိနေပြီဖြစ်သည့် မြန်မာနိုင်ငံအတွက် ယခုကျင်းပသည့်ဖိုရမ်သည် အာရှဒေသအတွင်း ပထဝီနိုင်ငံရေးနှင့် စီးပွားရေးအခင်းအကျင်းပိုမိုလှပလာခဲ့သည့်အပြင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် လေ့လာစောင့်ကြည့်နေကြသည့် စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံသူများအတွက် အတွင်းကျကျလေ့လာခွင့်ရရှိစေပြီး လုပ်ငန်းညှိနှိုင်းမှုများလုပ်ကိုင်ရန် စိတ်ဝင်စားသူများပြားကြောင်း အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်မှ ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရပါသည်။

ဒေသတွင်း၌ နိုင်ငံတကာနှင့် ဆက်ဆံရေး၊ ကုန်သွယ်ရေးပိုမိုအဆင်ပြေဖြစ်ထွန်းသည့် နိုင်ငံများရှိသော်လည်း မြန်မာနိုင်ငံ၌ ကျင်းပရခြင်းမှာ လက်ရှိမြန်မာနိုင်ငံ၏ အသွင်းကူးပြောင်းရေးလမ်းကြောင်းကို နိုင်ငံတကာက ထောက်ခံအားပေးသည့် အသွင်ရောက်ကြောင်း အဆိုပါဖိုရမ်၏ အချက်အလက်များအရ သိရှိရသည်။

မြန်မာနိုင်ငံအနေနှင့် လာမည့် ၂၀၁၅ ခုနှစ်အထိ အာဆီယံနိုင်ငံအသီးသီးတို့နှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်များ၌ ယခုကျင်းပသည့် World Economic Forum သည် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်၍ မြန်မာနိုင်ငံအတွင်းရင်းနှီးမြှုပ်နှံရန် ကိစ္စရပ်များနှင့် ကမ္ဘာ့စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ၏ အချက်အချာအာရုံစိုက်စရာ ဈေးကွက်တစ်ခုဖြစ်လာနေကြောင်း၊ ယခုကျင်းပမည့် ဖိုရမ်အတွင်းအကျယ်တဝင့် ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံအနေနဲ့ လာရောက်ဆွေးနွေးကြတဲ့ နိုင်ငံအသီးသီးတို့ရဲ့ အတုယူသင့်တာတွေကို အခုဖိုရမ်ကနေ သင်ခန်းစာရယူပြီး ကမ္ဘာ့နိုင်ငံအသီးသီးက ရင်းနှီးမြှုပ်နှံသူ စီးပွားရေးသမားတွေအတွက် ခိုင်မာတဲ့ကတိကဝတ်တွေ၊ အာမခံချက်တွေ၊ ရင်းနှီးမြှုပ်နှံဖို့ သတ္တိတွေပေးအပ်ဖို့ လိုအပ်ပါတယ်" ဟု Mr. Jose Luis Silva Martinot၊ ပီရူး နိုင်ငံခြားကုန်သွယ်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးက ၎င်း၏ လူမှုကွန်ရက် အင်တာနက်စာမျက်နှာ၌လည်း ဖော်ပြထားသည်။

ပက်ပ်စီကုမ္ပဏီ၏ အမှုဆောင်တစ်ဦးဖြစ်သည့် Richard Mc Glone ကလည်း "မြန်မာနိုင်ငံက အာရှဒေသမှာ အလားအလာကောင်းတဲ့နိုင်ငံဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲလာတဲ့ နိုင်ငံရေးနဲ့အတူ စီးပွားရေး၊ လူနေမှုဘဝတွေနဲ့ နိုင်ငံတကာအမြင်တွေကလည်း လိုက်ပါပြောင်းလဲနေမယ်ဆိုတာ ယခုကျင်းပနေတဲ့ World Economic Forum ကြီးကနေတစ်ဆင့် တွေ့မြင်နိုင်မှာဖြစ်ပါတယ်" ဟု အရှေ့အာရှဆိုင်ရာကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ရောက်ရှိနေစဉ် သူကပြန်လည်ဖြေကြားသည်။

ယခုကျင်းပလျက်ရှိသည့် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ နိုင်ငံပေါင်း ၅၅ နိုင်ငံမှ လူဦးရေ ၁၀၀၀ နီးပါး တက်ရောက်နေကြပြီး လူငယ်စီးပွားရေးလုပ်ငန်းရှင်များ၊ အမျိုးသမီးလုပ်ငန်းရှင်များနှင့် မီဒီယာပေါင်း ၅၀ ခန့်မှ သတင်းစာဆရာများ တက်ရောက်နေကြကာ နေ့စဉ်ဆွေးနွေးပွဲများကို ခေါင်းစဉ်ငယ်များခွဲ၍ ကျင်းပနေကြောင်း သိရသည်။

ခင်ရတနာ

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၆

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ဖြစ်သော ဇွန် ၅ ရက်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒစောင့်ကြည့်လေ့လာရေးအဖွဲ့(Myanmar Climate Change Watch)မှ အမှုဆောင်အရာရှိချုပ် ဒေါက်တာဦးထွန်းလွင်နှင့် မြန်မာနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (Myanmar Environmental Working Group)မှ အကြံပေးအရာရှိ ပါမောက္ခ ဦးခင်မောင်ချိုတို့က မြန်မာနိုင်ငံ ရာသီဥတုအခြေအနေပြောင်းလဲခြင်းကြောင့် ပစ္စုပ္ပန်နှင့်အနာဂတ် အကျိုးသက်ရောက်မှုဖြစ်စဉ်နှင့် ကမ္ဘာကြီးပူနွေးလာမှု အကြောင်းအရာများကို ဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် ဇွန် ၁၁ ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ အွန်လိုင်းလိပ်စာ http:// www. research. net/s/Climate Talk မှ ဖြစ်စေ အီးမေးလ်လိပ်စာ Library enquires @mm. britishcouncil. org နှင့် ဖုန်း- ၂၅၄၆၅၈၊ ဖုန်း-၂၅၆၂၉၀ လိုင်းခွဲ အမှတ် ၃၃၁၆ သို့ ဆက်သွယ်၍ဖြစ်စေ စာရင်းပေးနိုင်ကြောင်း သိရသည်။ အသင်းဝင်မဟုတ်သူများသာလျှင် မှတ်ပုံတင်သို့မဟုတ်ကျောင်းသားကတ်ယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။

ကျင်းပ

အဆိုပါ ဆွေးနွေးပွဲကို ဗြိတိသျှကောင်စီစာကြည့်တိုက်၌ ဇွန် ၁၂ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

အောင်မင်္ဂလာ အဝေးပြေးကားဂိတ်လမ်းအား ခြောက်လမ်းသွားအဖြစ် တိုးချဲ့ပြုပြင်

ရန်ကုန် ဇွန် ၆

ရန်ကုန်မြို့ရှိ အောင်မင်္ဂလာ အဝေးပြေးကားဂိတ်ဝင်း၏ ဘေးဘက်တွင်ရှိသော ယခင်နှစ်လမ်းသွား အောင်မင်္ဂလာလမ်းကို ယခုအခါ ခြောက်လမ်းသွားကားလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်ခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) က ဦးစီး၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါကားလမ်းသည် အောင်မင်္ဂလာ အဝေးပြေးကားဂိတ်ဝင်းအတွင်းသို့ ဝင်ထွက်သွားလာသော လိုင်းကားများ၊ အငှားယာဉ်များနှင့် အဝေးပြေးကားများက အသုံးပြုနေသော လမ်းဖြစ်ရုံသာမက ရွှေပေါက်ကံမြို့သစ်သို့ ဖြတ်သန်းသွားလာသော မော်တော်ယာဉ်များပါ အသုံးပြုနေသောလမ်းဖြစ်၍ ယာဉ်ကြောကျပ်လေ့ရှိသဖြင့် ယခုကဲ့သို့ တိုးချဲ့ဖောက်လုပ်ရခြင်းဖြစ်ကြောင်းနှင့် လမ်းဖောက်လုပ်ပြီးစီးပါက လမ်းဘေးဝဲယာ ပလက်ဖောင်းများကိုပါ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း လမ်းဖောက်လုပ်ရာတွင် တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယခုလက်ရှိတွင် ထိုလမ်းကို တစ်လမ်းမောင်းအဖြစ် ယာယီသတ်မှတ်ပေးထားသော်လည်း လမ်းတိုးချဲ့ဖောက်လုပ်ခြင်းပြီးစီးပါက နှစ်လမ်းမောင်းအဖြစ် ပြန်လည်ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **မိုးယံ**

ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက် နှစ်ဦးသေဆုံး

နေပြည်တော် ဇွန် ၆

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပရဆေးဥယျာဉ်မီးပွိုင့်အနီးတွင် ဇွန် ၅ ရက် နံနက် ၄ နာရီ မိနစ် ၄၀ က ပျဉ်းမနားဘက်မှ ယာဉ်မောင်း ဦးဝင်းလွင် မောင်းနှင်လာသည့် ၁၀/---- Ford အစိမ်းရောင် မော်တော်ကားသည် ၆ယ/---- ဟွန်ဒါဒရင်း မော်တော်ဆိုင်ကယ်ကို ဆိုင်ကယ်၏ ယာဉ်ကြောအတွင်း ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ နေပြည်တော် သုခသိဒ္ဓိရပ်ကွက်နေ မောင်မောင်ဆိုသူနှင့် ဆိုင်ကယ်နောက်တွင် လိုက်ပါစီးနင်းလာသူ ဦးကျော်ခိုင် ပိတောက်(၂)လမ်း မြောက်ဥက္ကလာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတို့ နှစ်ဦးစလုံး ဒဏ်ရာများရရှိ၍ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားခဲ့ပြီး နေပြည်တော် ယာဉ်မှုစစ်ဌာန ရဲအုပ်မိုးမင်းကိုက နေပြည်တော် အမှတ်(၃)ရဲစခန်းသို့ တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရ သည်။

ကိုကိုလွင်(နေပြည်တော်)

ကလေးဝမြို့၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေး

ကလေး ဇွန် ၆

သားစဉ်မြေးဆက် အာမခံချက်ရှိစေမည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်သည့် အခမ်းအနားကို ကလေးဝမြို့နယ်တွင် မေ ၃၁ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများတက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အတွင်းရေးမှူး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသိန်းစိုးမင်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်နိုင်ရန်အတွက် ဆောင်ရွက်ရသည့် လုပ်ငန်းအဆင့်ဆင့်နှင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျေးရွာအုပ်စု ကိုးအုပ်စုမှ ကွင်းပေါင်း ၁၁ ကွင်း၊ ဦးပိုင်ပေါင်း ၃၆၀၊ တောင်သူပေါင်း ၂၁၁ ဦးတို့အတွက် လယ်ယာမြေသားစဉ်မြေးဆက်အာမခံချက်ရှိစေမည့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ပေးအပ်ခဲ့ကြောင်းသိရသည်။

သျှင်နေမင်း

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၇၇၁၊ ၁၇၇၂၊ ၁၇၇၃၊ ၁၇၇၄၊ ၁၇၈၃၊ ၁၇၈၄၊ ၁၇၈၅၊ ၁၇၈၆၊ ဧရိယာ ၀ ဒသမ ၄၄ဧကရှိ ဦးစရိန်းဘို ပါ-၃ အမည်ဖြင့်ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဦးစရိန်းဘို၊ ဦးဘရန်ရှောင် ၁၂/ဥကမ(နိုင်)၀၅၈၂၀၃၊ ၁/ပတအ(နိုင်) ၀၁၆၁၆၂ (ဘ) ဦးဖာရော၊ ဦးဂျိုင်ဝါလက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်။

[illegible]

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ အင်းလျားလမ်း၊ အမှတ်(၁၁၆)နေ (၁)ဦးမြင့်စိုး၊ (၂) ဒေါ်ဖြူဖြူမြင့်၊ (၃) ဦးရန်နောင်စိုး၊ (၄) ဒေါ်စုရီဝင်း၊ (၅) ဦးချစ်ညီစိုး[မိမိကိုယ်တိုင်နှင့်(၂)(၃)(၄)(၅)တို့၏အခွင့်ရကိုယ်စားလှယ်-ဦးမြင့်စိုး]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၇)ရုံး၏ ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၆၉၆တွင် (၁) ဦးမြင့်စိုး၊ (၂) ဒေါ်ဖြူဖြူမြင့်၊ (၃) ဦးရန်နောင်စိုး၊ (၄) ဒေါ်စုရီဝင်း၊ (၅) ဦးချစ်ညီစိုး [မိမိကိုယ်တိုင်နှင့်(၂)(၃)(၄)(၅)တို့၏ အခွင့်ရကိုယ်စားလှယ်-ဦးမြင့်စိုး]က တရားလိုပြုလုပ်၍ (၁)ဦးသန်းဝင်း၊ (၂) ဒေါ်ညိုညိုရှင်၊ (၃) ဒေါ်လှလှဌေး (ကွယ်လွန်သူ ဒေါ်စိန်ရင်၏ တရားဝင်ကိုယ်စားလှယ်)၊ (၄) ဒေါ်ဥမ္မာမေ(ကွယ်လွန်သူ ဦးစိုးညွန့်၏ တရားဝင်ကိုယ်စားလှယ်)၊ (၅) ဒေါ်ထိပ်တင်စိန် (ကွယ်လွန်သူ ဒေါ်အေးအေးကြီး၏တရားဝင်ကိုယ်စားလှယ်)၊ (၆) ဒေါ်ထိပ်တင်အေး၊ (၇) ဒေါ်ထိပ်တင်ထွေး၊ (၈)ဒေါ်ထိပ်တင်စိန်၊ (၉) ဦးအောင်အောင်၊ (၁၀) မခိုင်ဇာလွင်၊ (၁၁)ဒေါ်နန်းလုံ၊ (၁၂) မောင်မြတ်မောင်ရှင်၊ (၁၃) မောင်သက်မောင်ရှင်တို့အပေါ် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အမှတ်(၁၁၆)ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အရှေ့သရက်ကုန်းတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-ဘီ)၊ ဦးပိုင်အမှတ် (၃၉-ဘီ)၊ ဦးပိုင်အမှတ်(၆-အေ)၊ ဧရိယာ ၂ဒသမ၀၁၁ဧကရှိ မြေပိုင်မြေအမျိုးအစား မြေကွက်အနက်မှ မခွဲမစိတ်ရသေးသော၊ ဧရိယာ ၁ဒသမ၃၄ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁) နှစ်ထပ်တိုက်အိမ်တစ်လုံး၊ (၂) နှစ်ထပ်တိုက်ခံအိမ်တစ်လုံး၊ (၃) တစ်ထပ်တိုက်အိမ်တစ်လုံး၊ (၄) တစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံး၊ (၅) တိုက်တန်းလျားတစ်လုံး အစရှိသည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ ပဋိညာဉ်အတိုင်း မြေကွက်နှင့်အဆောက်အအုံများ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး မှတ်ပုံတင်ပေးစေလိုမှုနှင့် လက်ရောက်ရလိုမှုဖြင့် စွဲဆိုထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးဌေးမောင် B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၆)
အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဆရာဌေး အင်္ဂလိပ်စာသင်တန်း

Ph: 01-376970, 0951 72096, 0950 47516

ပျောက်ဆုံးကြောင်း

ကျွန်မ မလွင်လှိုင်ဖြိုး၏ ပတ်စ်ပို့နံပါတ် MA-178266 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၃၆၃၄၅၉

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးမြင့် ၁၂/သကတ(နိုင်) ၁၀၇၀၄၀ ၏ သွင်းကုန်ပါမစ်အမှတ် ISP-IDV8 12-13 331737 6-3-13 သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၁၅၀၁၉၆**

ပျောက်ဆုံးကြောင်း

ကျွန်မ မခိုင်ဇာဝင်း၏ နိုင်ငံကူးလက်မှတ်အမှတ် A-၀၂၅၁၈၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၁၇၈၁၄

သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ဦးအောင်သန့်ဇင်(ကွယ်လွန်)နှင့် ဒေါ်ခိုင်မာဝင်း ၅/ကလဝ(နိုင်)၀၀၀၆၃၀ တို့၏ သား မောင်ဘိုဘိုဟန် (ခ) ချစ်မင်းသူ ၁၂/သဃက(နိုင်) ၁၈၂၉၅၉ သည် မိခင်ဖြစ်သူ၏ဆုံးမခြင်းကို နာခံမှုမရှိဘဲ မိခင်ဖြစ်သူမှ ခွင့်မလွှတ်နိုင်သည့် ကိစ္စကို မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်ခိုင်မာဝင်း

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ကျော်အောင် ၅/ကလထ(နိုင်)၁၀၅၈၇၀ ၏ မော်တော်ယာဉ် တင်သွင်းခွင့်ပါမစ်အမှတ် SCP 12-13 12981 12/12/12 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

အိမ်အမှတ် ၁၇၊ ၅၇၅ ရပ်ကွက်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၈၆၂၀၇၆

နိုင်ငံတကာအားကစားသတင်း

ယူအီးအက်ဖ်အေ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ အင်္ဂလန်တို့ အီတလီကို ရှုံးပွဲကြုံတွေ့

ယူအီးအက်ဖ်အေ ယူ-၂၁ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲကို အစ္စရေးနိုင်ငံ၌ မေ ၅ ရက်က စတင်ကျင်းပရာ အုပ်စု (A) မှ အစ္စရေးနှင့်နော်ဝေတို့ပွဲတွင် နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး အင်္ဂလန်နှင့် အီတလီတို့ပွဲ၌ အင်္ဂလန်တို့ပွဲဦးထွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

အင်္ဂလန်အသင်းသည် ပွဲစတင်သည်နှင့် အပေးအယူအချိတ်အဆက်မိမိဖြင့် ကစားနိုင်ခဲ့ပြီး ထိုးဖောက်ဖြတ်ကျော်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း အီတလီခံစစ်မှူးများက ဟန့်တား ထိန်းချုပ်နိုင်ခဲ့သည်။ အီတလီအသင်းက ကွင်းလယ်ကစားအားကိုယူပြီး အင်္ဂလန်နောက်တန်းကို အကြိမ်ကြိမ်ခြိမ်းခြောက်နိုင်ခဲ့သည်။

ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့သဖြင့် ဒုတိယပိုင်းပွဲချိန်၌ ဂိုးရရေးအပြိုင်ကြိုးစားခဲ့ရာ ပွဲချိန် ၇၉ မိနစ်၌ အီတလီမှ အင်စီနေက ဂိုးသွင်းယူခဲ့သဖြင့် အီတလီတို့ ဦးဆောင်ဂိုးရရှိသွားခဲ့သည်။

အင်္ဂလန်အသင်း ချေပဂိုးရရှိရေး ကစားအားတင်ခဲ့သော်လည်း အီတလီဂိုးဧရိယာအတွင်း ဘောလုံးဆုံးရှုံးမှု များနေခဲ့သဖြင့် အရာမထင်ဖြစ်နေခဲ့သည်။ အင်္ဂလန်တို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့မှုကြောင့် ဂျို့လူးနှင့်ဆီနေတို့ အဝါကတ်များ ထိခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့်ပွဲအပြီး အီတလီတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ သုံးမှတ်အပြည့် ရယူသွားနိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး အုပ်စု (A)မှ အိမ်ရှင်အစ္စရေးနှင့် နော်ဝေအသင်းတို့ပွဲတွင် အစ္စရေးတို့က ပွဲစတင်သည်နှင့် တိုက်စစ်ဖွင့်ကစားခဲ့ပြီး နော်ဝေဘက်သို့ ထိုးဖောက်ကာ ဂိုးရရှိရေးကြိုးစားခဲ့သည်။ အစ္စရေးတို့၏ တိုက်စစ်ကိုဟန့်တား ထိန်းချုပ်ရန်ကြိုးစားခဲ့ရာမှ နော်ဝေတို့ ပယ်နယ်တီအပေးခံရရာ ယင်းပယ်နယ်တီကို အစ္စရေးအသင်းခေါင်းဆောင် နာဘီတန်က ကန်သွင်းယူခဲ့သဖြင့် အစ္စရေးတို့ အဖွင့်ဂိုးရရှိခဲ့သည်။

သို့သော် ပွဲချိန် ၂၄ မိနစ်၌ နော်ဝေကစားသမား ပီဒါဆင်က ချေပဂိုးပြန်သွင်းယူခဲ့သဖြင့် တစ်ဂိုးစီဖြစ်နေခဲ့သည်။ နော်ဝေတို့ချေပဂိုးသွင်းယူခဲ့ပြီးနောက် ဦးဆောင်ဂိုးသွင်းယူနိုင်ရေး ဆက်လက်ကြိုးစားခဲ့သော်လည်း ပွဲချိန် ၄၄ မိနစ်၌ နော်ဝေမှ ဟီနန်စဒက် အနီကတ်ပြအထုတ်ခံခဲ့ရသည်။

ဒုတိယပိုင်းပွဲချိန်တွင် အိမ်ရှင်အစ္စရေးတို့ ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန် ၇၁ မိနစ်၌ အစ္စရေးမှ တာကီမန်က ဂိုးသွင်းခဲ့သဖြင့် အစ္စရေးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ အစ္စရေးတို့ ဆက်လက်ထိုးဖောက်ကစားသော်လည်း နော်ဝေခံစစ်မှူးများက ပိတ်ဆို့ဟန့်တားမှုကြောင့် အရာမထင်ဖြစ်နေခဲ့သည်။

ပွဲပြီးခါနီး မိနစ် ၉၀ ပြည့်ပြီးနာကျင်အချိန်ပိုတွင် နော်ဝေမှ ဟာမက်ဆင်းဂျ်က ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပွဲအပြီးနှစ်ဂိုး စီသရေပွဲဖြစ်ကာ တစ်မှတ်စီ ခွဲဝေယူခဲ့ကြခြင်းဖြစ်သည်။

မိုးမြင့်လင်းလက် ရေးသားသည်

ရှာရာပိုဗာ အကြိုဗိုလ်လုပွဲတက်ပြီ

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို မေ ၂၆ ရက်မှစ၍ ဇွန် ၉ ရက်အထိ ပါရီမြို့ ရိုးလန်းဂါရော့စ်၌ ယှဉ်ပြိုင်ကစားလျက်ရှိရာ လက်ရှိချန်ပီယံ ရှာရာပိုဗာက ယေလေနာယန်ကိုဗစ်ကို အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ သူမသည် အကြိုဗိုလ်လုပွဲတွင် ကာရီလန်ကိုအား အနိုင်ကစားခဲ့သော အဇာရင်ကာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အမျိုးသားပြိုင်ပွဲတွင် ခုနစ်ကြိမ်ချန်ပီယံ ရာဖေးလ်နာဒယ်နှင့် ကမ္ဘာ့နံပါတ်တစ် ဂျိုကိုဗစ်တို့ အကြိုဗိုလ်လုပွဲသို့ အသီးသီးတက်လာကြသည်။ ၎င်းတို့နှစ်ဦးသည် အကြိုဗိုလ်လုပွဲတွင် ဆုံတွေ့ကြမည်ဖြစ်သည်။

ဟာနန်ဒင်ဟို မန်စီးတီးသို့ ရောက်နိုင်

ဘရာဇီးလက်ရွေးစင် ရှက်တာဒိုးနက်ကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုကို မန်စီးတီးက ခေါ်ယူစာချုပ်ရန် နီးစပ်နေပြီဖြစ်သည်။ အသက် ၂၈ နှစ်အရွယ်ရှိ ဖာနန်ဒင်ဟိုသည် ယူကရိန်းချန်ပီယံ ရှက်တာဒိုးနက်တွင် ရှစ်နှစ်ကြာကစားခဲ့ပြီးနောက် မန်ချက်စတာသို့ ရောက်ရှိနေပြီဖြစ်သည်။ မန်စီးတီးသည် လာမည့်ရာသီတွင် မန်ယူကို စိန်ခေါ်ရန် ကစားသမားသစ်များ ပြန်လည်အားဖြည့်ခေါ်ယူလျက်ရှိသည်။ ဆီဗီလာမှ ဂျီးဆက်နာဗက်စ်ကို ပေါင် ၁၇ သန်းဖြင့် ခေါ်ယူရန် သဘောတူထားသည်။ ဖာနန်ဒင်ဟိုကိုလည်း မန်စီးတီးက ခေါ်ယူရန် နီးစပ်နေသည်။

ဖူလ်ဟမ်က ဂိုးသမားစတီးကလန်းဘတ်အားခေါ်ယူ

နယ်သာလန်ဂိုးသမား မာအာတန်စတီးကလန်းဘတ်ကို ဖူလ်ဟမ်အသင်းက ရိုးမားအသင်းမှပြောင်းရွှေ့ကြေးမကြေညာဘဲခေါ်ယူလိုက်သည်။ ဒတ်ချ်နာမည်ကြီးကလပ်အိုင်းယက်ဇ်တွင် ၁၁ နှစ်ကြာကစားခဲ့သော အသက် ၃၀ အရွယ်ရှိ စတီးကလန်းဘတ်ကို ဖူလ်ဟမ်က လေးနှစ်စာချုပ်လိုက်သည်။ သူသည် ၂၀၁၁ ခုနှစ်က စီးရီးအေသို့မပြောင်းမီ အိုင်းယက်ဇ်နှင့်အတူ လိဂ်ဖလားနှစ်လုံးဆွတ်ခူးပေးနိုင်ခဲ့သည်။ ဖူလ်ဟမ်က အခြားကစားသမားနှစ်ဦးဖြစ်သည့် အာမိုးဘိုက်တာနှင့်ကွင်းလယ်ကစားသမား ဒါနက်ဘိုတန်တို့ကိုလည်းခေါ်ယူအားဖြည့်ထားသည်။

ကောင်းမြတ်သူ စုစည်းသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ❒ မန်စီးတီးအသင်းသည် ဘာစီလိုနာအသင်းမှ ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား ခေါ်ယူတော့မည်ဖြစ်သည်။
- ❒ ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရိုနယ်ဒိုအား မန်ယူက ပြောင်းရွှေ့ကြေး ပေါင် ၆၅ သန်းဖြင့် ပြန်လည်ခေါ်ယူရန် ကမ်းလှမ်းထားသည်။
- ❒ အသက် ၃၀ နှစ်အရွယ်ရှိ စပါးတိုက်စစ်မှူး ဒီဖိုးအပါအဝင် ငွေကြေးထပ်ဆောင်းပေးကာ ခရစ္စတင်းဘန်တီအား ခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိသည်။
- ❒ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ဖီအိုရင်းတီးနားမှ မွန်တီနီဂရိုး တိုက်စစ်မှူး ဂျိုဗီတစ်အား စာချုပ်ရန် စီစဉ်နေသည်။
- ❒ အသက် ၃၂ နှစ်အရွယ်ရှိ မန်ယူနောက်ခံလူ အီဗရာသည် အသင်းဟောင်းမိုနာကိုတွင် ပြန်လည်ကစားရန် ဆက်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။
- ❒ မိုနာကိုအသင်းသည် ချယ်လ်ဆီးနောက်ခံလူ တယ်ရီအား အလွတ်ပြောင်းရွှေ့မှုဖြင့် တစ်ပတ်လုပ်ခလစာပေါင် ၁၅၀၀၀၀ ပေးမည်ဟု ကမ်းလှမ်းထားသည်။
- ❒ ဘိုင်ယန်မြူးနစ်အသင်းသည် အသက် ၂၆ နှစ်အရွယ်ရှိ လီဗာပူး တိုက်စစ်မှူး ဆွာရက်ဇ်အား ခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိသည်။
- ❒ နည်းပြ မာတီနက်ဇ်က မက်ကာသေး၊ မက်နာမန်နှင့် တိုဖီးစ်တို့အား စာချုပ်နိုင်ရေး စီစဉ်နေသည်။
- ❒ အသက် ၂၄ နှစ်အရွယ်ရှိ ပြင်သစ်ကွင်းလယ်ကစားသမား ကာပူးအား အာဆင်နယ်နှင့် စပါးတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။
- ❒ လီဗာပူးတိုက်စစ်မှူးဟောင်း အင်ဒီကာရိုးအား ဝက်စ်ဟမ်းက တစ်ပတ်လုပ်ခလစာပေါင် ၁၀၀၀၀၀ ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ပျောက်ဆုံးကြောင်း

ကျွန်မ မမေဝေ ၁၃/ကမန(ပြု)၀၀၀၀၄၆ ၏ ပတ်စ်ပို့စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၈၂-၄၀၆၈၈

ပျောက်ဆုံးကြောင်း

ဒေါ်စုစုအေးနှင့် ဒေါ်ကျင်ချိန်တို့ ဝယ်ယူထားသော လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာ၊ အခန်းအမှတ် ၉၉/၉၁၀ ၏ အရောင်းအဝယ်စာချုပ်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။　ဖုန်း-၀၉-၅၀၁၁၀၀၅

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅-ဒီ)၊ မြေကွက်အမှတ် (၃၈-အေ-၁)၊ မြေကွက်တည်နေရာအမှတ် ၈၄/ဂျီ၊ ဆရာစံလမ်းသွယ်၊ ဗဟန်းမြို့နယ်၊ ဦးအောင်ဇံဝေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (အဘိုး)ဦးအောင်ဇံဝေ၊ (အဘွား)ဒေါ်စံသာနု၊ (ဖခင်) ဦးသာကျော်၊ (မိခင်)ဒေါ်မြသိန်းတို့ ကွယ်လွန်သဖြင့် ဦးမြင့်သိန်း ၁၂/ဗဟန(နိုင်)၀၉၀၉၀၉ ထံမှ GP အမှတ်-၁၇၆၁၂/၈-၈-၁၁ ရသူ ဒေါ်လှမြသွင် ၁၂/ရကန(နိုင်) ၀၁၅၁၂၅ နှင့် ဦးသိန်းထွန်းအောင် ၁၂/ရကန(နိုင်)၀၅၇၀၆၉၊ ဒေါ်ခင်ခင်စု ၁၂/ဗဟန(နိုင်) ၀၅၁၃၁၆ တို့ထံမှ GP အမှတ်-၆၇၀၈/၃၀-၄-၁၃၊ ဦးစံသိန်း ၁၂/ဗဟန(နိုင်)၀၇၈၀၂၉ ထံ GP အမှတ်-၇၁၈၃/၇-၅-၁၃ ရရှိသူ ဒေါ်မြတ်မြတ်ခိုင် ၁၂/ခရန(နိုင်)၀၉၉၆၅၁ တို့က မြေးအရင်းအချာများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ခရိုင်အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
သထုံခရိုင်-သထုံမြို့
လမ်းခင်းကျောက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။　မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်နယ်/ပြည်ထောင်စု ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လမ်းခင်းကျောက်ရွယ်စုံ ကျင်း ၇၀၀၀ ကို ဝယ်ယူလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

(က)	**တင်ဒါလျှောက်လွှာရယူနိုင်သည့်နေ့ရက်**	- ၁၂-၆-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)
	နေရာ	- ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သထုံခရိုင်၊ သထုံမြို့။
(ခ)	**တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်**	- ၂၁-၆-၂၀၁၃ ရက် (သောကြာနေ့)
(ဂ)	**တင်ဒါလျှောက်လွှာဖွင့်မည့်နေ့ရက်**	- ၂၆-၆-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

အသေးစိတ်အချက်အလက်များကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ သထုံမြို့၊ ဖုန်း-၀၅၇-၄၀၀၄၆ တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ
ဖုန်း-၀၅၇-၄၀၀၄၆

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။　ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ပေးဆောင်မှု မှတ်တမ်းစာအုပ်တွင် လုံခြုံမှုစနစ်များ ထည့်သွင်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ လုံခြုံရေးနှင့်ဆိုင်သော ပစ္စည်းများ ဝယ်ယူလိုပါသည်။

ပစ္စည်းအမျိုးအစား	**အရေအတွက်**
(Pass Laminate Sheet)	၅၀၀၀၀၀ ခု

တင်ဒါရောင်းချမည့်ရက်	- ၂၀၁၃ ခုနှစ်၊ ဇွန် ၉ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်ရက်	- ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၈ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန်	- ညနေ ၁၆ နာရီ
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက်	- ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၁၂ ရက်
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန်	- မွန်းလွဲ ၁၃ နာရီ

၂။　တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ ဆက်သွယ်လိုပါက ဖုန်း-၀၆၇-၄၃၀၀၅၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး
ငွေစာရင်း၊ စာရင်းအင်းနှင့် အထွေထွေဌာနခွဲ
ပြည်တွင်းအခွန်များဦးစီးဌာန
ရုံးအမှတ်(၄၆)၊ နေပြည်တော်

ပြည်ထဲရေးဝန်ကြီးဌာန
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

(က) **မြန်မာနိုင်ငံရဲတပ်ဖွဲ့**။နေပြည်တော်အပါအဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး။
(ခ) **အကျဉ်းဦးစီးဌာန**
　(၁) **ပဲခူးတိုင်းဒေသကြီး**။ သာယာဝတီမြို့နယ်၊
　(၂) **ကချင်ပြည်နယ်**။ မိုးညှင်းမြို့နယ်၊
　(၃) **မွန်ပြည်နယ်**။ မော်လမြိုင်မြို့နယ်၊
　(၄) **ရခိုင်ပြည်နယ်**။ ကျောက်ဖြူမြို့နယ်၊
(ဂ) **မီးသတ်ဦးစီးဌာန**
　(၁) **နေပြည်တော်**။ ဇမ္ဗူသီရိ၊ ပုဗ္ဗသီရိမြို့နယ်များ
　(၂) **စစ်ကိုင်းတိုင်းဒေသကြီး**၊ ကျွန်းလှ၊ ကလေးမြို့နယ်များ
　(၃) **တနင်္သာရီတိုင်းဒေသကြီး**။ ကျွန်းစု၊ ဘုတ်ပြင်း၊ ထားဝယ်မြို့နယ်များ
　(၄) **ပဲခူးတိုင်းဒေသကြီး**။ မင်းလှ၊မိုးညိုမြို့နယ်များ
　(၅) **မကွေးတိုင်းဒေသကြီး**။ ဆော၊ ငဖဲ၊ ရေနံချောင်း ကံမ၊ ဆိပ်ဖြူမြို့နယ်များ
　(၆) **မန္တလေးတိုင်းဒေသကြီး**။ ပြင်ဦးလွင်၊ ညောင်ဦးမြို့နယ်များ
　(၇) **ရန်ကုန်တိုင်းဒေသကြီး**။ မီးသတ်ဌာနချုပ်၊ မင်္ဂလာတောင်ညွန့်၊ တိုက်ကြီးမြို့နယ်များ
　(၈) **ဧရာဝတီတိုင်းဒေသကြီး**။ ပုသိမ်၊ ကြံခင်း၊ ငပုတော၊ဟင်္သာတမြို့နယ်များ
　(၉) **ကချင်ပြည်နယ်**။ မြစ်ကြီးနားမြို့နယ်
　(၁၀) **ကယားပြည်နယ်**။ လွိုင်ကော်၊ ဒီမောဆို၊ ဘော်လခဲမြို့နယ်များ
　(၁၁) **ကရင်ပြည်နယ်**။ သံတောင်ကြီးမြို့နယ်၊
　(၁၂) **ချင်းပြည်နယ်**။ ထန်တလန်၊ မတူပီ၊မင်းတပ်မြို့နယ်များ
　(၁၃) **ရှမ်းပြည်နယ်**။ ဖယ်ခုံ၊ကလော၊ဆီဆိုင်၊ဟိုပုန်း၊ပင်လောင်း၊ရွာငံ၊ လင်းခေး၊ မောက်မယ်၊မိုးနဲ၊တောင်ကြီး၊ ကျေးသီး၊ တန့်ယန်း၊ ပင်းတယ၊တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းဆတ်မြို့နယ်များ

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်း ဆိုင်ရာ အဆိုပြုလွှာကို ၁၁-၆-၂၀၁၃ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၁၀-၇-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့တင်သွင်းသွားရန် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို ရုံးအမှတ် (၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များ အနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က)	**ပြည်ထဲရေးဝန်ကြီးရုံး**	ဖုန်း - ၀၆၇-၄၁၂၄၃၆၊၀၆၇-၄၁၂၄၃၇
(ခ)	**မြန်မာနိုင်ငံရဲတပ်ဖွဲ့**	ဖုန်း - ၀၆၇-၄၁၂၁၃၈၊၀၆၇-၄၁၂၂၅၈
(ဂ)	**အကျဉ်းဦးစီးဌာန**	ဖုန်း - ၀၆၇-၄၃၁၄၁၆၊၀၆၇-၄၃၁၄၂၀
(ဃ)	**မီးသတ်ဦးစီးဌာန**	ဖုန်း - ၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

ရခိုင်ပြည်နယ်အတွင်း လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်များသို့ လက်တွန်းထွန်စက်ငယ်များ ဖြန့်ဝေ

စစ်တွေ ဇွန် ၆

ရခိုင်ပြည်နယ်အတွင်း လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုတစ်ရပ်အနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုရန်အတွက် စက်မှုဝန်ကြီးဌာနမှ ပေးပို့ထားသော ထွန်စက်ကြီးနှစ်စီးနှင့် ထွန်ယက်ကိရိယာများ၊ လက်တွန်းထွန်စက်ငယ် ၂၈၈ စီးနှင့် ထွန်ယက်ကိရိယာများကို စစ်တွေမြို့မှတစ်ဆင့် သက်ဆိုင်ရာမြို့နယ်များသို့ ကုန်းလမ်းခရီးမှ ၁၂ ဘီး၊ ၁၀ ဘီးမော်တော်ယာဉ်ကြီးများဖြင့် လည်းကောင်း၊ ရေလမ်းခရီးမှ ဇက်ရေယာဉ်နှင့် မော်တော်ဘုတ်ရေယာဉ်များဖြင့် ပေါက်တောမြို့နယ်သို့ လက်တွန်းထွန်စက် ၅၃ စီး၊ မောင်တောမြို့သို့ အစီး ၂၀၊ ရမ်းဗြဲမြို့သို့ နှစ်စီးနှင့် ကျောက်တော်မြို့သို့ အစီး ၃၀၊ မြောက်ဦးမြို့သို့ ခြောက်စီးနှင့် မင်းပြားမြို့နယ်သို့ ၂၈ စီးတို့ကို အသီးသီး ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ လက်တွန်းထွန်စက်များကို စက်မှုဝန်ကြီးဌာနနှင့် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပို့ဆောင်ပေးလျက်ရှိရာ ဇွန် ၃ ရက် နံနက်ပိုင်းက ကျန်ရှိနေသောမြို့နယ်များသို့ ပို့ဆောင်ရန်အတွက် ရန်ကုန်မြို့မှရောက်ရှိလာသော လက်တွန်းထွန်စက်များကို

တင်ချမှုပြုလုပ်ပြီး ရသေ့တောင်မြို့နယ်အတွက် လက်တွန်းထွန်စက် ရှစ်စီးကို မော်တော်ဘုတ်ဖြင့်လည်းကောင်း၊ စစ်တွေမြို့နယ်အတွက် လေးစီးကို မော်တော်ယာဉ်ကြီးများဖြင့်လည်းကောင်း ပို့ဆောင်ပေးလျက်ရှိပြီး မောင်တောမြို့နယ်အတွက် ၁၃ စီးနှင့် မြေပုံမြို့နယ်အတွက် ရှစ်စီးကို ဆက်လက်ပို့ဆောင်မည်ဖြစ်ပြီး ပြည်နယ်အတွက် အစီး ၆၀ကို အရန်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့သို့ ရခိုင်ပြည်နယ်အတွင်း လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စက်မှုဝန်ကြီးဌာနမှ ပေးပို့ထားရှိသော လက်တွန်းထွန်စက်များကို မြို့နယ်များမှ တောင်သူများ ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်အသုံးပြုတတ်စေရန်အတွက် ရခိုင်ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများက ထွန်စက်မောင်းသင်တန်းများကို ယင်းမြို့နယ်များတွင် မေလအတွင်း ခြောက်ကြိမ်ဖွင့်လှစ်ခဲ့ပြီး ဇွန်လအတွင်း သုံးကြိမ်ထပ်မံဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဒေသတွင်း လူမှုဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းအတွက် ဆွေးနွေးပွဲကျင်းပ

ဟားခါး ဇွန် ၆

ချင်းပြည်နယ်ဒေသအတွင်း လူမှုဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအတွက် ချင်းပြည်နယ် အစိုးရအဖွဲ့နှင့် UNICEF အဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို မေ ၃၀ ရက်က ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ UNICEF အဖွဲ့မှ နယ်ရုံးခွဲများ၊ အကြီးအမှူး လူမှုဥပဒေစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆန်းစစ်ခြင်းဌာနမှူး၊ လူမှုဥပဒေဆိုင်ရာ ကျွမ်းကျင်ပညာရှင်၊ ကလေးမြို့ ဌာနေ စီမံကိန်းအရာရှိနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ ချင်းပြည်နယ်အတွင်း လူမှုစီမံကိန်းများရေးဆွဲရာတွင် အတွေ့အကြုံရင့်ကျက်သည့် ကဏ္ဍပေါင်းစုံမှ ဝါရင့်အတတ်ပညာရှင်များ၏ ပူးပေါင်းပါဝင်မှုလိုကြောင်း၊ ဒေသတွင်းအခြေအနေသုံးသပ်ခြင်း ကနဦးလုပ်ဆောင်မှုမှစ၍ စီမံကိန်းရေးဆွဲဖော်ဆောင်မှုအဆင့်တိုင်းတွင် ဒေသတွင်းအစိုးရနှင့် လူထုကိုယ်စားလှယ်များပါဝင်နိုင်မှုလိုအပ်သည့်အပြင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ရလဒ်ကို စောင့်ကြပ်အကဲဖြတ်ခြင်းကဏ္ဍကိုလည်း ထည့်သွင်းရန် ပြောကြားသည်။

ထို့နောက် UNICEF အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက UNICEF အနေဖြင့် ဒေသတွင်း လူမှုဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ပူးပေါင်းပါဝင်နိုင်မည့်ကဏ္ဍများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပေါင်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ရေးသင်တန်းဖွင့်

ပေါင် ဇွန် ၆

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ပေါင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ရေးသင်တန်းဖွင့်ပွဲကို မေ ၃၀ ရက် နံနက် ၈ နာရီက ပေါင်မြို့နယ် အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲတွင် သထုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် မွန်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းရွှေတို့က အမှာစကားပြောကြားခဲ့သည်။

တက်ရောက်

ထို့နောက် အချိန်မရွေးကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို သက်ဆိုင်ရာဒေသခံမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သက်ဆိုင်ရာ ဌာနဆိုင်ရာနှင့် လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ ဘေးဒုက္ခခံစားရသော ပြည်သူများကို ကယ်တင်စောင့်ရှောက်သွားရန် တုံ့ပြန်ဆောင်ရွက်သွားမည့် စီမံချက်လုပ်ငန်းများကို သင်တန်းဆရာများက အသေးစိတ်ရှင်းလင်းပို့ချပေးကြသည်။

အဆိုပါသင်တန်းသို့ ပေါင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ စုမှ သင်တန်းသားသင်တန်းသူများနှင့် လူမှုရေးအဖွဲ့အစည်းများမှ အသင်းဝင်စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (၁၂၄)

အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်း ရှင်းလင်းမှုဖိတ်ကြားခြင်း

အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနက စာနယ်ဇင်းများနှင့် ပြည်သူများအား ရှင်းလင်းတင်ပြသည့် အခမ်းအနားကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် စာနယ်ဇင်းသမားများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ရက်စွဲ - ၈-၆-၂၀၁၃ ရက် (စနေနေ့)

အချိန် - နံနက် ၁၀ နာရီ

နေရာ - ဗဟိုပုံနှိပ်စက်ရုံ၊ အစည်းအဝေးခန်းမ၊ ၂၂၈-သိမ်ဖြူလမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား (CIF, YGN) နိုင်ငံခြားငွေ (US $)ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Component Parts for Excavator(29 Tons)	15 Sets	No.(1)HIE/13-14/CP/002
(ခ)	Component Parts for Mini Excavator	40 Sets	No.(1)HIE/13-14/CP/003
(ဂ)	Component Parts for Bulldozer	15 Sets	No.(1)HIE/13-14/CP/004
(ဃ)	Pig Iron	300 Tons	No.(1)HIE/13-14/RM/005
(င)	Raw Material for Welding Electrode	1 Lot	No.(1)HIE/13-14/RM/006

၂။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Component Parts for Combine Harvester(70HP)	200 Sets	No.(1)HIE/13-14/CP/007
(ခ)	Component Parts for Combine Harvester(85 HP)	200 Sets	No.(1)HIE/13-14/CP/008
(ဂ)	Engine for Bulldozer (217 HP/1800 rpm)	5 Nos.	No.(1)HIE/13-14/Engine/009
(ဃ)	Engine for Excavator (227 HP/1900 rpm)	1 No.	No.(1)HIE/13-14/Engine/010

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၅-၆-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၄။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှ ၂၀-၆-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီဖြစ်ပါသည်။

ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၀၆၇-၄၀၅၁၇၁

စည်သူ(၇၁) သူငယ်ချင်းများသို့ ဖိတ်ကြားလွှာ

၁။ ၂၀-၆-၂၀၁၃ရက်တွင်ကျရောက်မည့် စည်သူ(၇၁)၏ ကျောင်းဆင်းပွဲ (၂၇)နှစ်မြောက် အထိမ်းအမှတ် စုပေါင်းဒါနပြုပွဲနှင့် ညစာစားပွဲကို အောက်ပါရက်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

	နေ့ရက်/အချိန်	နေရာ
စုပေါင်းဒါနပြုပွဲ	၂၀-၆-၂၀၁၃ ရက် (ကြာသပတေးနေ့) ၀၈း၃၀ နာရီ ၁၀း၃၀ နာရီ	ဇီဝိတဒါန သံဃာ့ဆေးရုံ ရန်ကုန်မြို့ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့
တွေ့ဆုံပွဲနှင့်ညစာစားပွဲ	၂၂-၆-၂၀၁၃ ရက် (စနေနေ့) ၁၈း၀၀ နာရီ	M3 FOOD CENTER ဗဟန်းအားကစားကွင်း

၂။ အလှူငွေများထည့်ဝင်နိုင်ရန် အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်ရန်နှင့် အထက်ပါအစီအစဉ်အတိုင်း မိသားစုနှင့်အတူ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

ရန်ကုန်	နေပြည်တော်	မန္တလေး
ဖုန်း-၀၉-၅၀၁၈၇၁၉	ဖုန်း-၀၉-၄၉၂၀၁၂၇၃	ဖုန်း-၀၉-၄၀၂၅၇၆၅၂၉
ဖုန်း-၀၉-၇၃၂၅၂၇၂၇	ဖုန်း-၀၉-၄၉၂၄၉၃၀၆	ဖုန်း-၀၉-၅၀၀၇၂၆၃
ဖုန်း-၀၉-၈၇၀၁၆၉၄	ဖုန်း-၀၉-၈၃၀၄၅၀၂	ဖုန်း-၀၉-၉၁၀၀၅၂၅၃
ဖုန်း-၀၉-၈၅၅၁၀၀၀	ဖုန်း-၀၉-၅၀၂၁၀၉၉	

ကမ္ဘာ့အဖိုးတန်သစ်မွှေး
စိုက်နည်း၊ ပျိုးနည်း
စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ပျိုးပင်များ လိုသလောက်ဖြန့်ချိပေးနေပါသည်။
ဝင်းသစ်မွှေး 09-5117226

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၂၀၇၊ မြေကွက်တည်နေရာအမှတ် ၂၀၇၊ (၃၂)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ် ဦးလှသောင်း KLT-၁၁၁၄၉၉၊ ဒေါ်မြစန်း KLT-၀၈၂၂၆၄၊ နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးလှသောင်း၊ ဒေါ်မြစန်းထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၄၆၃/၁၀ (၄-၅-၁၀)ဖြင့် ကိုယ်စားလှယ်ရသူ ဒေါ်ဇာနည်သိမ်းထွန်း ၁၂/စခန (နိုင်)၀၂၃၄၆၀က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်(၁၇ဃ/၉၀၃၅) Stream YMD-110ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းဦး ၈/မကန(နိုင်)၁၈၇၉၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး (မကွေး)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

သုံးဘီးယာဉ်အမှတ် ၂ဟ/၈၂၅၄ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းငွေ ၁၀/ပမန(နိုင်)၀၁၁၉၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သထုံ)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၅၆၂၂၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်လာကပေါ်ထူး ၁၀/သထန(နိုင်)၁၅၂၂၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (သထုံ)**

အမည်ပြောင်း

ဦးကျော်မောင်သန်း၏သမီး ရွှေတောင်မြို့ အထက နဝမတန်း(B)မှ မစူးမြတ်မွေးအား မဆုမြတ်မွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဆုမြတ်မွေး

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့နေ ဦးမွေးချို၏သမီး နည်းပညာအထက်တန်းကျောင်း ဒုတိယနှစ်မှ မစုမွန်ကျော် ၇/တငန(နိုင်)၁၈၇၃၉၀ နှင့် မအေးစုမောင်တို့သည် တစ်ဦးတည်းဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အေးစုမောင် (တောင်ငူ)

အမည်ပြောင်း

ဦးဇော်မင်းလွင်၏သား တောင်ငူမြို့ အထက(၁) နဝမတန်း(ဂ)မှ မောင်အောင်ဇော်ဖြိုးအား မောင်အောင်ဇော်ဦးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

အောင်ဇော်ဦး (တောင်ငူ)

ပြည်တွင်းသတင်းနှင့်ဖော်ပြချက်များ

ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပန်းခင်း ၅ လမ်း ကတ္တရာလမ်းသစ်ဖွင့်

ပျဉ်းမနား　ဇွန်　၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အုပ်စု ပန်းခင်း ၅ လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇွန် ၂ ရက် နံနက် ၇ နာရီခွဲက လမ်းသစ်ထိပ် မုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်းက ပျဉ်းမနားမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်မြင့်က ပန်းခင်း ၅ လမ်း ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖ ဦးလှမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် ပန်းခင်း ၅ လမ်း ကတ္တရာလမ်းသစ်ကို နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ်တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးအောင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး နေပြည်တော်ကောင်စီဝင်နှင့် ဧည့်သည်တော်များသည် လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

ယခု ဖွင့်လှစ်သည့် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ ပန်းခင်း ၅ လမ်းသည် ယခင်က မြေသားလမ်းဖြစ်ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီက အရှည်ပေ ၄၆၀၊ အကျယ် ၁၂ ပေရှိ ပန်းခင်း ၅ လမ်းကိုငွေကျပ် ၇၁ သိန်း အကုန်အကျခံ၍ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပွင့်ဖြူ၌ သပြေညိုစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပွင့်ဖြူ　ဇွန်　၆

ပွင့်ဖြူမြို့နယ် မဒဲကျေးရွာအုပ်စု မဒဲကျေးရွာတွင် သပြေညိုစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်နှင့် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပခဲ့ရာ မြို့နယ်ဦးစီးဌာနမှူး ဒေါ်မေသန္တာအောင်နှင့် ကော်မတီဝင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဌေးလှိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးကာ စာဖတ်ပရိသတ်များကလှူဒါန်းသော စာအုပ်စာစောင်မျိုးစုံနှင့် အလှူငွေကျပ် ၈၀၀၀၀ တို့ကို စာကြည့်တိုက်မှူး ဦးလှိုင်ဝင်းက လက်ခံယူ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆောက်လုပ်

အဆိုပါ စာကြည့်တိုက်သည် လူထုအခြေပြုဖွံ့ဖြိုးရေးအဖွဲ့၏ လှူဒါန်းငွေနှင့် ပြည်သူများ၏လှူဒါန်းငွေတို့ဖြင့် အလျားပေ ၂၀၊ အနံ ၁၈ ပေ၊ အမြင့် ၉ ပေရှိသော သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်ပြီး ငွေကျပ် ၁၃ သိန်း အကုန်အကျခံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

သီပေါ　ဇွန်　၆

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၁၆) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းထွန်း၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး) ဒုရဲမှူးကြီး အောင်ကျော်ဦး၊ လားရှိုးတက္ကသိုလ် ပါမောက္ခချုပ် ဦးမောင်မောင်၊ တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးမြင့်ကြည်၊ လားရှိုးခရိုင်မူး/စိတ်တားဆီးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုရဲမှူးကြီး အောင်ကျော်မိုးနှင့် ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လားရှိုးမူးယစ်အထူးအဖွဲ့ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူးရဲနိုင်နှင့်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်ကျင်းပ

အဆိုပါပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၆၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါး၊ တေးသီချင်းပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပကြကြောင်း သိရသည်။

စိုင်း(သီပေါ)

ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် ဆိုင်းဘုတ်တင်အခမ်းအနားကျင်းပ

နေပြည်တော်　ဇွန်　၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းလွန်ကျောင်းအဆင့် တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် ဆိုင်းဘုတ်တင် အခမ်းအနားကို ဇွန် ၃ ရက်က ကျင်းပရာ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးကျော်မင်းနိုင်နှင့် ဦးအောင်ကြည်ဆွေ၊ အမှတ်(၆) ကျောင်းအုပ်ဆရာကြီး ဦးအောင်သင်း၊ ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်ဦး၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ ဦးမောင်ကြီး၊ အတွင်းရေးမှူး မြို့နယ်သတင်းထောက် ဆရာဦးဇော်မျိုးနိုင်နှင့် အဖွဲ့ဝင်များဖြစ်သော ဦးခင်အောင်၊ ဦးအေးကို၊ ဦးမြမောင်နှင့် ဆရာ ဆရာမများ ဖွင့်လှစ်ကြပြီး ကျောင်းသားမိဘများ၊ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(၁၄၅)

ကုန်ကြမ်းနှင့်ထုပ်ပိုးပစ္စည်းများ အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်-

စဉ်	ကုန်ကြမ်းပစ္စည်းအမည်	အရေအတွက်
အမှတ် (၁) ဆေးဝါးစက်ရုံ(ရန်ကုန်)		
(က)	အစေ့ထုတ်ပြောင်း	၇၁၅၃၃ ပိဿာ
(ခ)	ကောက်ရိုး	၂၅၂ တန်
(ဂ)	500ml PET Bottle With Cap (Amber Colour)	၁၃၀၀၀၀ ခု
(ဃ)	စက္ကူထုပ်ပိုးပစ္စည်း	၃ မျိုး
(င)	Sticker Paper	၉၆၉ ထုပ်
အမှတ် (၂) ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)		
(စ)	P.P Lamination	၂၆·၈၈၂တန်

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၂၈-၆-၂၀၁၃ရက် ညနေ ၄နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)　ဖုန်း-၀၆၇-၄၀၈၀၇၆
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန　ဖုန်း-၀၆၇-၄၀၈၃၅၄
နေပြည်တော်။

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် လုပ်ငန်းအသုံးပြုရန်အတွက် Server (Dell) (၁)လုံးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်/နေရာ** - ၁၁-၆-၂၀၁၃ရက်မှ ၂-၇-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ ၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါသွင်းရမည့်ရက်** - ၁၁-၇-၂၀၁၃ရက် နံနက် ၁၀နာရီမှ ၁၂နာရီအတွင်း အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနရှိတင်ဒါအဖွဲ့ဝင်များရှေ့မှောက် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့
အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန
၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၅၂၄၈၊ ၀၁-၃၇၀၇၇၈

အမည်ပြောင်း

ဦးနေမျိုးထိုက်၏သား မြိတ်မြို့၊ အထက(၁) အဌမတန်း(ဃ)မှ မောင်ယဉ်ပြုံးအား မောင်အောင်ကျော်ဇောဟု ပြောင်းလဲခေါ်ပါရန်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ငဖဲမြို့နယ်၊ ရှားမြို့နယ်၊ မိုးမိတ်မြို့နယ်၊ မြေပုံမြို့နယ်များ၌ ပေ(၅၀×၃၆) အုတ်ညှပ်တစ်ထပ် မြို့နယ်ဘဏ်ခွဲရုံးအဆောက်အအုံများ ဆောက်လုပ်မည်ဖြစ်၍ တင်ဒါတင်သွင်းနိုင်ရန် ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပိတ်မည့်ရက်မှာ ၂၄-၆-၂၀၁၃ရက် ညနေ ၄နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အမှတ် ၁/၇၊ လသာလမ်း၊ ရန်ကုန်မြို့နှင့် ဖုန်း-၃၇၁၄၃၄၊ ၃၈၁၅၃၀၊ ၃၈၀၈၅၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် Cash Counting Machine အလုံး ၂၀၀ကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါပိတ်မည့်ရက် ၂၄-၆-၂၀၁၃ရက် ညနေ ၄နာရီ

၃။ အသေးစိတ်အချက်အလက်များကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စီမံ(ပစ္စည်း)ဌာန၊ ၁/၇၊ လသာလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၄၃၄၊ ၃၈၁၅၃၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ပါယာဉ်စစ်ဆေးရေးစက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

Mobile Test Lane With Container Carrier Truck

(က) Mobile Test Lane Technical Specification
- (၁) Country of Origin - Germany
- (၂) Test Lane Type - Mobile Test Lane
- (၃) Operation - With Power Generator And Computer Control Office Room With Air Conditioner
- (၄) Test Lane Container Size - Length 20ft(6096mm)
- (၅) Condition - Brand New

(ခ) Container Carrier Truck Specification
- (၁) Country of Origin - Europe(or)Japan
- (၂) Type - Container carrier Truck(6x4)
- (၃) Model - 2008 & Up

တင်ဒါပိတ်ရက်နှင့်အချိန် - ၁-၇-၂၀၁၃ ရက် ၁၃:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး(စီမံ)
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
ရုံးအမှတ်(၂၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၀၉၉
သံသုမာလမ်း၊ မြင်သာ၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနမှ မန္တလေးစက်မှုဇုန်ရှိ စက်ရုံပေါင်း ၉၃ရုံမှထွက်ရှိသည့် ရေဆိုးများအား မြစ်ချောင်းများအတွင်းသို့ မထည့်မီ သန့်စင်မှုပြုလုပ်ရန်အတွက် ရေဆိုးသန့်စင်မှုစီမံကိန်းလုပ်ငန်းကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ ပြည်တွင်းပြည်ပ အကျိုးတူပူးပေါင်းကုမ္ပဏီများ စိတ်ဝင်စား၍ ဆောင်ရွက်လိုပါက အိတ်ဖွင့်တင်ဒါအဖြစ် တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

- (က) **စီမံကိန်းလုပ်ငန်းအမည်** - Industrial Zone Central Waste Water Treatment Plant and Collection System in Mandalay, Myanmar
- (ခ) **အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် စံချိန်စံညွှန်းများစတင်ရောင်းချမည့်ရက်** - ၂၀၁၃ခုနှစ် ဇွန် ၆ရက်
- (ဂ) **တင်ဒါတင်ပြရမည့်ရက်** - ၂၀၁၃ခုနှစ် ဇူလိုင် ၁၆ရက်
- (ဃ) **စာရင်းပေးရမည့်နေရာ** - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
- (င) **အဆိုပြုရှင်းလင်းရမည့်ရက်** - ၂၀၁၃ခုနှစ် ဇူလိုင်(၁၇၊ ၁၈)ရက်
- (စ) **တင်ဒါတစ်စုံရောင်းနှုန်း** - ၅၀၀၀ိ/-နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန၊ ဖုန်း-၀၂-၃၅၉၂၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆ယ/၁၃၈၉၊ ဟွန်ဒါဒရင်း၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြင့် ၁၃/တကန(နိုင်)၁၂၂၂၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၅၆၂၇၊ Honda Fit SW 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မိုးကြည် ၁၂/လမန(နိုင်)၁၁၉၁၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

မွေးသက္ကရာဇ် အမှန်

နေပြည်တော်၊ ပျဉ်းမနား အထက(၂) နဝမတန်း(D)တွင် ပညာသင်ကြားနေသော ဦးတင်ညွှန့်၏သမီး မသဲသဲ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၁၂-၁၉၉၉ခုနှစ် ဖြစ်ပါကြောင်း။ **မသဲသဲ**

အမည်မှန်

နေပြည်တော်၊ အထက(၁၁)၊ပထမတန်း(က)တွင် ပညာသင်ကြားနေသော ဦးမြင့်ဝင်းနိုင်၏သမီး မစန္ဒာမြင့်မြတ်၏ အမည်မှန်မှာ မဆန္ဒမြင့်မြတ် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းတွင် ပညာသင်ကြားနေသော မောင်အောင်မင်းထွန်း ကျောင်းဝင်နံပါတ်(၁၀၅၆၄)၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မိုး ၈/ပခက(နိုင်)၀၀၀၅၁၈ ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ များ ကျေးရွာအရောက်ကွင်းဆင်းကုသ

ကျောက်ပန်းတောင်း ဇွန် ၆

ကျေးလက်ဒေသနေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အကူပြုစေရန်ရည်ရွယ်၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျေးရွာများအရောက်ကွင်းဆင်းကုသပေးလျက်ရှိရာ နယ်လှည့်ဆေးကုသရေးအဖွဲ့ (၄)မှ ဗိုလ်မှူးဇော်မင်းထွန်း ဦးစီးသော အဖွဲ့ဝင် ၁၀ ဦးပါ ဆေးကုသရေးအဖွဲ့သည် ဇွန် ၁ ရက် နံနက် ၈ နာရီကစတင်၍ လယ်ယားတောင်ကျေးရွာရှိ သီရိဂုဏ်ရောင်ခန်းမတွင် ကျေးရွာနေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"အဘတို့ကတော့ တစ်ခါမှ ဒီလိုရွာအရောက်ဆင်းပြီး ဆေးကုပေးတာ မကြုံဖူးသေးပါဘူး။ အသက် ၇၀ ရှိပါပြီ။ အများကြီးဝမ်းသာပါတယ်။ ဒီခေတ်မှာ ဆေးရုံဆေးခန်းသွားဖို့ဆိုတာ တော်ရုံမလွယ်ပါဘူးကွယ်။ အခုလို အလွယ်တကူစစ်ဆေးခွင့်၊ ကုသခွင့်ရတာ အင်မတန်မှကို ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်" ဟု အသက် ၇၀ ရှိ ဦးချစ်ဝိုင်းက ပြောပြသည်။

နယ်လှည့်ဆေးကုသရေးအဖွဲ့(၄) အနေဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း မေ ၂၈ ရက်က စတင်၍ ရွာမကျေးရွာ၊ စီပေါက်ကန်ကျေးရွာသို့ တစ်ရွာလျှင် နှစ်ရက်စီကွင်းဆင်း၍ လူနာ ၇၁၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ပြီး လယ်ယားတောင်ကျေးရွာအုပ်စုရှိ လယ်ယားရွာ၊ တောင်ခြေရွာ၊ ရွာလတ်ရွာ၊ ရေထွက်ကျေးရွာများမှ ကျေးရွာနေပြည်သူများကို ဇွန် ၁ရက်မှ ၂ ရက်အထိ ကုသပေးသွားမည်ဖြစ်ပြီး ဇွန် ၃ ရက်နှင့် ၄ ရက်တွင် ဆင်တိုင်းကန်ကျေးရွာသို့လည်းကောင်း၊ ဇွန် ၅ ရက်နှင့် ၆ ရက်များတွင် ဆင်တပ်ကျင်းကျေးရွာသို့လည်းကောင်း ဆက်လက်ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **(၄၁၈)**

မန်တုံ၌နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေး

မန်တုံ ဇွန် ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဧပြီ ၃ ရက်ကစ၍ မိုးပွင့်အဆင့် ၅ စီမံချက်အရ အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်ရသေးသူများ၊ လဲလှယ်ကိုင်ဆောင်ရမည့်သူများ၊ ပျောက်ဆုံးပျက်စီးသူများအား မြို့နယ်အတွင်းရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ကွင်းဆင်း၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေကြောင်း သိရှိရသည်။

မေလအတွင်းက ဆောင်ရွက်ပေးခဲ့သော နားအော်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ၃၅၆ ကတ်ကို မန်တုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးစိုးနိုင်က ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်ကြီးထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၄၀)**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ခင်ဦး၌ ထုတ်ပေး

ခင်ဦး ဇွန် ၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် လက်ပံလှကျေးရွာအုပ်စု၌ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေးက လယ်ယာမြေဥပဒေ၊ နည်းဥပဒေဆိုင်ရာများကို ရှင်းလင်းပြောကြားကာ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးစိန်ကောင်းက လယ်ယာမြေဥပဒေ၊ နည်းဥပဒေစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ပံလှကျေးရွာအုပ်စုမှ တောင်သူ ၇၇ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် အစောင် ၂၂၀ ပေးအပ်ခဲ့ပြီး ခင်ဦးမြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရန် တောင်သူပေါင်း ၂၈၆၅၈ဦးရှိပြီး ယခုနှစ်အတွင်း အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရောင်နီတင်ဝင်း**

စက်ဘီးစီးလာသည့်ကျောင်းသား ကားတိုက်သေဆုံး

မိတ္ထီလာ ဇွန် ၆

သာစည်မြို့နယ် ကွမ်းခြံရိုးရွာမှ ဆဋ္ဌမတန်းကျောင်းသား မောင်စိုင်းဝဏ္ဏ (၁၃ နှစ်)သည် ဇွန် ၃ ရက် ညနေက ကျောင်းဆင်းပြီး တစ်ရွာတည်းနေ ဆဋ္ဌမတန်းကျောင်းသား ရဲမြင့်အောင် (၆ နှစ်) အား စက်ဘီးနောက်တွင်တင်၍ အရှေ့မှအနောက်သို့ စီးလာပြီး တစ်ဖက်ယာဉ်ကြောသို့ ဖြတ်ကူးစဉ် ယင်းမာပင် ကျေးရွာနေ ယာဉ်မောင်း သန်းထွန်းဦး(ခ)ကြွက်၊ (၃၈ နှစ်) မောင်းနှင်လာသည့်ဟီးနိုးခြောက်ဘီးအစိမ်းရောင် ယာဉ်အမှတ် စ/----ဖြင့် တိုက်မိသည်ဆို၏။

အမှုဖွင့်အရေးယူ

ထိုသို့ စက်ဘီးနှင့်ကား တိုက်မိရာ ဆဋ္ဌမတန်းကျောင်းသား စိုင်းဝဏ္ဏ ဦးခေါင်းတွင် ဒဏ်ရာရရှိပြီး နေရာ၌ပင် သေဆုံးသွားခဲ့သည်။ စက်ဘီးနောက်မှစီးသူ ရဲမြင့်အောင်မှာလည်း ဒဏ်ရာများစွာ ရရှိသွားခဲ့သည်။ ယာဉ်တိုက်မှုကို သာစည်ရဲစခန်းက အရေးယူထားသည်။

ဦးတင်လှိုင်(မိတ္ထီလာ)

လယ်ယာမြေများ အမည်ပေါက်ရရှိရေး စည်းဝေး

ထားဝယ် ဇွန် ၆

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် (ဂ)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်လတ်၊ မြေစာရင်းဦးစီးဌာနမှူး ဦးခင်ဇော်တို့ကဦးစီး၍ လယ်ယာမြေများ အမည်ပေါက်ရရှိရေးအစည်းအဝေးကို ဇွန် ၁ ရက် နံနက် ၉ နာရီက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ အုပ်ချုပ်ရေးမှူး ဦးဇော်လတ်၊ မြေစာရင်းဦးစီးမှူး ဦးခင်ဇော်တို့က လယ်ယာမြေစာရင်းများ တိကျစွာရရှိရေးနှင့် မိမိတို့၏အမည်ပေါက် ပြန်လည်ပြုလုပ်နိုင်ရေးအကြောင်းတို့ကို ဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ တောင်သူ ၅၀ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဆရာကြီးဒေါက်တာမောင်မောင်ပြေ ''လက်တွေ့အင်္ဂလိပ်စာ''
[အင်္ဂလိပ်စာပါရဂူ]
အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်
လုပ်ငန်းခွင်များ GCE; IELTS တို့အတွက်
အမြို့မြို့ စာအုပ်ဆိုင်များမှာရပြီ။
သန်းစာပေ- ၆၃၊၁လမ်း၊၁၁ရပ်ကွက်၊တ/ဥက္ကလာ၊ရန်ကုန်
မျက်ပွင့်စာပေ- ဖုန်း-၀၉ ၅၀၁၆၈၃၇- ၀၉ ၇၃၀၀၂၉၆၅

ဒေါ်မော်မော်
B.Sc (Phy)Q, D.A (Myan), D.A (L.C.C.I) UK, DMAc, DFAc
L.C.C.I Level 1,2,3 & Computerised Accounting
သင်တန်းများ (15-6-2013) နေ့ စမည်။ ကျောင်းအပ် လက်ခံပြီ
09-73205079, 09-43031955
၁၀၈(၃-ထပ်)၊၃၇-လမ်း၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား။

ကန့်ကွက်နိုင်ကြောင်း
အများသိစေရန်အသိပေးကြေညာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၁၊ မြေကွက်အမှတ်(၁၆၇၇နှင့် ၁၆၇၈)၊ မြေဧရိယာပေ(၄၀×၆၀)ခန့် အကျယ်အဝန်းရှိ ပါမစ်မြေ မြေကွက်နှစ်ကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ အစဉ်အဆက်စာချုပ်များဖြင့်ဝယ်ယူထားပြီး၊ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ပြုလုပ်သည့် အထူးကိုယ်စားလှယ်လွှဲစာရရှိပိုင်ဆိုင်ထားသူ ဒေါ်ညိုညိုသန်း ၁၃/တကန(နိုင်) ၁၃၄၈၂၆က တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှစ်ကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးရီ LL.B — တရားလွှတ်တော်ရှေ့နေ(၄၃၇၃)
ဒေါ်လှလှခိုင် LL.B — တရားလွှတ်တော်ရှေ့နေ(၅၄၁၀)
အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁ A)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ဒဂုံမြို့သစ်တောင်ပိုင်း၊ အမှတ်(၇၅/ခ)၊ လှော်ကားလမ်း၊ (၇၀)ရပ်ကွက်နေ ဦးလှဝင်း-ဒေါ်ဖြူဖြူတို့၏သား မောင်ကျော်ရဲအောင် ၁၂/ဒဂတ(နိုင်)၀၄၇၃၂၅ သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ (၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ လုံးဝ လုံးဝတာဝန်မယူပါ မေးမြန်းခြင်းသည်းခံပါ။)
ဖခင်-ဦးလှဝင်း ၁၂/တမန(နိုင်)၀၇၃၇၄၉
မိခင်-ဒေါ်ဖြူဖြူ ၁၂/တမန(နိုင်)၀၂၅၀၇၄

ချောက်မြို့နယ်၊ ကြောင်လျှာတောကျေးရွာ အထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများအား ဖိတ်ကြားလွှာ
မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ကြောင်လျှာတောကျေးရွာ အထက်တန်းကျောင်း တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားနှင့် ကျောင်းသား ကျောင်းသူဟောင်းများစုံညီပွဲကို ၂၀၁၃ခုနှစ် ဇွန် ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီမှ စတင်ကျင်းပမည်ဖြစ်ပါ၍ ကြောင်လျှာတော အထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး တက်ရောက်နိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။
ရက်စွဲ - ၁၆-၆-၂၀၁၃ရက်
အချိန် - နံနက် ၉:၀၀နာရီမှ ညနေ ၃:၀၀နာရီ
နေရာ - ကြောင်လျှာတောအထက်တန်းကျောင်း
ဆက်သွယ်ရန်ဖုန်းနံပါတ်များ-
ဦးချို ဖုန်း-၀၉-၄၀၁၅၆၀၉၂၂၊ ဦးစံလင်း ဖုန်း-၀၉-၄၅၀၀၁၁၅၁၂၊ ဦးဝင်းနိုင် ဖုန်း-၀၉-၄၀၁၆၂၉၇၆၁၊ ဒေါက်တာနွယ်နွယ်ဦး ဖုန်း-၀၉-၅၁၉၅၅၆၂

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် ၃၁၂၊ ဧရိယာပေ(၄၀×၆၀)ရှိမြေကွက်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးမြမိုး ၁၂/ပဇတ(နိုင်)၀၀၃၈၄၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်းအထောက်အထားများနှင့်အတူ ၁၁-၆-၂၀၁၃ရက်နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်လျှင် ဥပဒေနှင့်အညီအရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းညွန့်(စဉ်-၃၄၁၉/၈၅) ဒေါ်သန္တာမြင့်(စဉ်-၈၅၀၂) ဦးအေးချစ်(စဉ်-၃၀၀၀၉)
တရားလွှတ်တော်ရှေ့နေများ — အထက်တန်းရှေ့နေ
အမှတ် ၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၃၂/အေ ဟုခေါ်တွင်သော မြေညီထပ်၊ အခန်းအမှတ် (အေ)၊ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဒေါ်မြကြည် ၁၂/မဂတ(နိုင်)၀၃၂၂၇၁ နှင့် ဒေါ်တင်တင်အေး ၁၂/မဂတ(နိုင်)၀၃၂၂၈၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။
အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်ကိစ္စကို အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ် ၁၇၆ (ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၃၉၇၂၃၄၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂

(၇၆)ကြိမ်မြောက်
စတုဒိသာအလှူတော်မင်္ဂလာရက်ကြေညာခြင်း
(၇၆)ကြိမ်မြောက် စတုဒိသာအလှူတော်ကို ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားတွင် ၂၃-၆-၂၀၁၃ရက်တွင် မူလကျင်းပရန်စီစဉ်ထားခဲ့သော်လည်း ဦးဆောင်ဦးရွက်ပြုနေသော နတ်စင်တစ်ရာဆရာတော်ကြီးမှာ ထိုင်းနိုင်ငံသို့ ဆေးစစ်ခံယူရန်ရှိပါသဖြင့် ၁၆-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ၁၃၇၅ခုနှစ် နယုန်လဆန်း ၈ရက်တွင် နိုင်ငံတော်သံဃနာယကဆရာတော်ကြီးအမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား နံနက် ၉နာရီတွင် ပရိတ်တရားနာယူ ရေစက်ချအမှျပေးဝေပြီး သံဃာတော်များအား နံနက် ၁၁နာရီတွင် ဆွမ်းကပ်လှူဒါန်းမည်ဖြစ်ပါသည်။ ဖြူစင်သန့်ရှင်းသော အလှူရှင် ဒါယကာ ဒါယိကာမများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပလှူဒါန်းမည်ဖြစ်ပါ၍ နံနက် ၇နာရီမှ ညနေ ၄ နာရီအထိ စတုဒိသာထမင်းနှင့်ဟင်း ကျွေးမွေးမည်ဖြစ်ပါသောကြောင့် မည်သူမဆို ဘာသာမရွေးလာရောက်စားသုံးနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။
လှူသူချမ်းသာ-စားသူကျန်းမာ
စားသူကျန်းမာ-လှူသူချမ်းသာ
နတ်စင်တစ်ရာ

ဦးဇော်မင်းအောင်
B.A(Korean),Y.U.F.L
(I.E.K.C.S) Song Kong Hoe University, S-Korea
ကိုရီးယားဘာသာသင်တန်းကျောင်း
- ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် တက်ရောက်သင်ယူခဲ့သည်များ
- တောင်ကိုရီးယားနိုင်ငံ Song Kong Hoe University တွင်တက်ရောက်သင်ယူခဲ့သည်များ
- ကိုယ်တိုင် တောင်ကိုရီးယားနိုင်ငံတွင် လုပ်ကိုင်ခဲ့သော လုပ်ငန်းခွင်အတွေ့အကြုံများဖြင့် ပေါင်းစပ်သင်ကြားပေးမည်။ (ရုံး၏ နိုင်ငံခြား တန်းခွဲများလည်းရှိသည်။)
အမှတ်(၂၆၆)၊ ပထမထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေဈေးအနီး၊ သတိပဋ္ဌာန်လမ်းထိပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၄၅၀၀၄၈၈၁၄ ၊ ၀၉၈၆၄၅၆၁၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ မြေကွက်အမှတ် (၁၅၂)ဟုခေါ်တွင်သော မြေအကျယ်(၄၂'၁၀"×၆၀')အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံအား အမည်ပေါက် ဦးထွန်းဘွား (BF-၀၆၄၉၅၄)ထံမှ စာချုပ်စာတမ်း အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ယဉ်ကြည် (၁၂/သဃက(နိုင်)၀၆၄၀၈၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇင်မင်းထိုက် LL.B, D.B.L. — အထက်တန်းရှေ့နေ (စဉ်-၃၀၀၉၄)
ဒေါ်နှင်းဝတ်ရည် LL.B — အထက်တန်းရှေ့နေ (စဉ်-၃၀၁၅၁)
အမှတ်(၈၇၅)၊ဖြဟ္မစိုရ်လမ်း၊(၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၉၄၉၄၅၂၂၈၂ ၊ ၀၉၄၂၁၇၁၇၄၃၅

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တောင်ကြီးမြို့တွင်းက စည်းကမ်းမဲ့ယာဉ်များ

တောင်ကြီးမြို့ အရှေ့မြို့ပတ်လမ်းနှင့် ရေထွက်ဦးလမ်းဆုံမီးပွိုင့်ဧရိယာတွင် တစ်ဖက်ယာဉ်ကြောသို့ သွားရောက်ရပ်တန့်နေကြသော စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်များကို ဇွန် ၄ ရက် နံနက် ၁၁ နာရီခန့်က ယခုလိုတွေ့မြင်ခဲ့ရသည်။

လိုအပ်

ယခုလို စည်းကမ်းမဲ့အပြုအမူများသည် အလွန်အန္တရာယ်များပြီး တာဝန်ရှိသူများက အမြဲမပြတ် ထိန်းသိမ်းကြပ်မတ်ပညာပေးအရေးယူမှုများလုပ်ဆောင်ရန် လိုအပ်သည်။

ပြောဆို

တောင်ကြီးမြို့တွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်များ များပြားစွာရှိနေဆဲ၊ မောင်းနှင်နေကြဆဲဖြစ်သည်။ သက်ဆိုင်ရာက ထိရောက်စွာအရေးယူထိန်းသိမ်းရန် လိုအပ်နေကြောင်း ပြည်သူများအကြား ပြောဆိုနေကြသည်။

တောင်ကြီးမောင် (KZLM)

ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကျင်းပ

မောက်မယ် ဇွန် ၆

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၄ ရက်က ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဝန်ထမ်းသားသမီးများကို ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အမှာစကားပြောကြားခဲ့ပြီး ဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသည့် မူလတန်းကြိုအဆင့်သုံးဦးကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၅၀၀၀၊ မူလတန်း အဆင့်လေးဦးကို တစ်ဦးလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၈၀၀၀၊ အလယ်တန်းအဆင့်ခြောက်ဦးကို တစ်ဦးလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် ၅၄၀၀၀ စုစုပေါင်းငွေကျပ် ၉၇၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုင်းမျိုးသန့် (ပြန်/ဆက်)

ဓားထောက်ပြီး ငွေကျပ်သိန်း ၁၆၀ ကျော် လုယူထွက်ပြေးသူ ၂၄ နာရီအတွင်း ဖမ်းမိ

လှိုင်လင် ဇွန် ၆

လှိုင်လင်မြို့နယ် မိုင်းပွန်ရဲစခန်း အပိုင်အတွင်း မေ ၂၉ ရက် နံနက်က မော်တော်ယာဉ်ပေါ်လိုက်ပါလာသူနှစ်ဦးက ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်နှစ်ဦးကို ဓားထောက်ပြီး ငွေကျပ် ၁၆၉ သိန်းကို လုယူထွက်ပြေးသည့်ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ခါတ်ဆီပီပါတင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးသည် နမ့်စန်မြို့ ပုဂ္ဂလိကခါတ်ဆီဆိုင်တစ်ဆိုင်သို့ ခါတ်ဆီသွားရောက်ပို့ပြီး တောင်ကြီးမြို့သို့ အပြန်တွင် ခါတ်ဆီဖိုး ငွေကျပ် ၁၆၉၀၀၀၀၀ ကို ယာဉ်မောင်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထိုအချိန်တွင် ယင်းခါတ်ဆီဆိုင်မှ အလုပ်သမားနှစ်ဦးဖြစ်သည့် နိုင်မင်းနှင့် ခိုင်စိုးဝင်းတို့နှစ်ဦးသည် နေရပ်ပြန်ရန် ယာဉ်ပေါ် လိုက်ပါလာခဲ့ခြင်းဖြစ်သည်။ ယင်းမော်တော်ယာဉ်သည် တောင်ကြီးမြို့သို့ ပြန်ထွက်ခွာလာရာ လှိုင်လင်မြို့နယ် မိုင်းပွန်ရဲစခန်းအပိုင်"ဝ"တစ်လုံးတောင်နှင့် ခေါင်းနွံ့ကျေးရွာအကြားရှိ မိုင်တိုင်အမှတ် ၁၆၃/၀ (ခန့်မှန်းနေရာ)တွင် မော်တော်ယာဉ်ကို ရပ်တန့်စေပြီး အသင့်ပါလာသော အရှိုးအသွား တစ်ပေခန့်ရှိ ဓားမြှောင်ဖြင့် ထောက်၍ ငွေကျပ် ၁၆၉၀၀၀၀၀ ကို လုယူထွက်ပြေးသွားသဖြင့် မိုင်းပွန်ရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သည်။ မိုင်းပွန်ရဲစခန်းမှ သတင်းပေးပို့ချက်အရ လှိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဆန်းမြင့်၏ညွှန်ကြားမှုဖြင့် လှိုင်လင်ရဲစခန်း၊ ပင်လုံရဲစခန်း၊ လဲချားရဲစခန်းများသို့ ပိတ်ဆို့ရှာဖွေခြင်း၊ မြို့တွင်းလှည့်ပတ်စုံစမ်းခြင်း၊ တောနင်းရှာဖွေခြင်းများကို ဆောင်ရွက်နေစဉ် မေ ၃၀ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် လဲချားမြို့နယ်ရဲစခန်း၌ တာဝန်မှူး ဒုရဲအုပ်တင်မင်းထက်ထံသို့ အမာခံသတင်းပေးက ရဲစခန်း၏အနောက်ငါးမိုင်ခန့်အကွာ ကားလမ်းနှင့် လေးဖာလုံခန့်ကွာဝေးသည့် နမ့်တုတ်ကျေးရွာအုပ်စု၊ ဝမ်ဝုန်ကျေးရွာအတွင်း မသင်္ကာသူနှစ်ဦး အထုပ်နှစ်ထုပ်ဖြင့် တွေ့ရှိကြောင်း တယ်လီဖုန်းဖြင့် သတင်းပေးပို့သဖြင့် လဲချားမြို့နယ်မှူး ရဲမှူးခင်မောင်ဝင်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ကျော်သူ၊ ရဲအုပ်ကျော်စိုးမြင့်၊ တပ်ဖွဲ့ဝင်များနှင့် ဒေသခံ ၁၂ ဦးတို့ ပူးပေါင်း၍ လုယူထွက်ပြေးသူနှစ်ဦးကို ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။ သက်သေများ ရှေ့တွင် ရှာဖွေစစ်ဆေးကြရာ အဆိုပါ နှစ်ဦးထံမှ နိုင်လွန်ကျောပိုးအိတ်နှစ်လုံးအတွင်းမှ ငွေကျပ် ၁၆၂၃၆၄၀၀၊ အရိုးအသွား တစ်ပေခန့်ရှိ ဓားမြှောင်နှစ်လက်နှင့် ၎င်းတို့၏ မှတ်ပုံတင်နှစ်ခုတို့ကို သက်သေများ ရှေ့တွင် သိမ်းဆည်းခဲ့ပြီး လှိုင်လင်မြို့နယ် မိုင်းပွန်ရဲစခန်းသို့ ရှာဖွေပုံစံနှင့်အတူ သက်သေခံပစ္စည်းနှင့် ဖမ်းဆီးရမိသူနှစ်ဦးကို လွှဲပြောင်းပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **လှိုင်လင်(ပြန်/ဆက်)**

နမ့်လန်ပညာပါရမီအသင်းက ချို့တဲ့ကျောင်းသားများအား ပညာရေးကူညီထောက်ပံ့

သီပေါ ဇွန် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုမှ လူငယ်မောင်မယ်များနှင့် စေတနာရှင်များ စုပေါင်းတည်ထောင်ထားသည့် နမ့်လန်ပညာပါရမီအသင်းမှ ပထမအကြိမ် ပညာရေးအထောက်အပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၂ ရက်က ရွှေနမ့်လန်ခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မိဘမဲ့ကလေးငယ်များအပါအဝင် ချို့တဲ့နွမ်းပါးသူ မူလတန်းအဆင့်မှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူ ၂၀ အား တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နီးပါးတန်ဖိုးရှိ ကျောင်းဝတ်စုံ၊ မိုးကာ၊ လွယ်အိတ်နှင့် စာရေးကိရိယာအပြည့်အစုံတို့ကို တစ်ဦးချင်းပေးအပ်ထောက်ပံ့ခဲ့ကြသည်။

ယခု ပညာရေးအထောက်အပံ့ပေးအပ်ခဲ့သော ကျောင်းသား ကျောင်းသူ ၂၀ ၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာရေးစရိတ်များကိုလည်း ယင်းနမ့်လန် ပညာပါရမီအသင်းမှပင် တာဝန်ယူထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလတ်(သီပေါ)

မွန်မြတ်ဆေးခန်း
ဆေးခန်း ၁၁ နှစ်ဆေးဖော်ပြည့်သုံး တိုင်းရင်းဆေးများသာ

ရန်ကုန်မြို့ မော်လမြိုင်မြို့

လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန် (၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ၊
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်၊

သွေးတိုးနှင့်ဆက်နွှယ်သော နလုံးရောဂါ၊ သွေးထဲအဆီများသူများကုသခြင်း
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်၊
- (၇)ရက် သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့် ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်၊
- (၆)လ သောက်သုံးပါက နလုံးနှင့် ဦးနှောက်သွေးကြောရောဂါပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်၊

ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင်(တစ်လုံးမှသုံးလုံး)တစ်နေ့တစ်ကြိမ်မှနှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက် အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်၊
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို(၆)လခန့်သောက်ပြီး၊ လိုအပ်လျှင် အနိမ့်ဆုံး ပမာဏကိုသာ သောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်၊

အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ Ph:01-225532,09 73171033
အမှတ်(၁၈၇၊အေ)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့ Ph : 09 401585945

FAME
Biogurt®
Probiotic supplement
ဒိန်ချဉ်ဆေး
TMR 011383 (0615)
၂/၂၀၀၂ တဆထလ (တိုး) ၀၆၅၇
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
ခန္ဓာကိုယ်အတွက်ဆုံးရှုံးသွားသော အကျိုးပြုဘက်တီးရီးယားများပြန်လည်ဖြည့်ဆည်းပေးရန်

FAME
Diarstat®
For bacillary dysentery and diarrhea
ဝမ်းလျှောဝမ်းပျက်သောက်ဆေး
0213 YR 007009
၂/၂၀၀၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

GLOBAL ENGINEERING MYANMAR 2013

Website တွင် ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် Samsung Galaxy Tab ကိုရယူနိုင်မည့် အခွင့်အရေး

အဆောက်အအုံနှင့်ဆောက်လုပ်ရေးလုပ်ငန်းအကြောင်းပြသသွားမည်ဖြစ်သည်။

JUNE 13-15, 2013
Tatmadaw Exhibition Center, Yangon

ဥရောပ၊ အမေရိကားနှင့် အာရှနိုင်ငံများ ပစ္စည်းပေါင်း ၁၀၀၀ ကျော် ပြသသွားမည်

Building & Construction Industry

အဆောက်အအုံနှင့် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းနယ်ပယ်

ဆောက်လုပ်ရေးဆိုင်ရာ စက်ပစ္စည်းများ၊ ဝန်ချီစက်များ၊ နေရောင်ခြည်သုံးစွမ်းအင်၊ ဆိုလာနှင့် LED မီးများ၊ ရေသန့်စင်ခြင်းစနစ်များ၊ ရေစုပ်စက်များနှင့်အဆို့ရှင်၊ ဗားများ၊ လျှပ်စစ်မီးဆိုင်ရာ အပိုပစ္စည်းများ၊ လေဖိအားသုံးပစ္စည်း ကိရိယာများနှင့် ကော်ပတ်တိုက်ခြင်းဆိုင်ရာပစ္စည်းများ၊ လေဖိအားထိန်းချုပ်ခြင်း၊ ပရိဘောဂဆိုင်ရာတွဲဖက်သုံးပစ္စည်းများ၊ ဗိသုကာဆိုင်ရာပစ္စည်းကိရိယာများ၊ စက်မှုလုပ်ငန်းသုံးရေခဲစက်ကြီးများ၊ အပူချိန်ထိန်းချုပ်ခြင်းနှင့်အာရုံခံများ၊ လေသန့်စင်ခြင်း၊ လေအေးပေးစက်ဆိုင်ရာကိရိယာ ပစ္စည်းများ၊ HVACR၊ ရေခဲရိုက်ခြင်း၊ အလုံပိတ်ခြင်းဆိုင်ရာပစ္စည်းများ၊ ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ၊ နေအိမ်ဆိုင်ရာလူ့အစားထိုးအော်တိုစက်ကိရိယာများ၊ဒစ်ဂျစ်တယ်တံခါး၊ သော့များ၊ စီဒီယိုအင်တာကွန်ယက် စနစ်များ၊ ACB,MCCB,MCB, VCB, မီးခလုတ်များ၊ ပါဝါထရန် စဖော်မာများ၊ ဖျက်စက်များ၊ ROရေသန့်စနစ်များ၊ ပိုက်နှင့်ဆက်စပ်ပစ္စည်းများ၊ဓာတ်အားသုံးအိမ်ဆောက်ပစ္စည်းကိရိယာများ၊ အလူမီနီယံအစိတ်အပိုင်းများ၊ ငြမ်းများ၊ ဗိသုကာ ဆိုင်ရာစတီးပစ္စည်းများနှင့်အခြား အခြားသော အရာများ

နိုင်ငံတကာကုမ္ပဏီများနှင့်တွေ့ဆုံနိုင်မည့် Business to Business Meeting၊ မိမိ၏ လုပ်ငန်းကွန်ရက်တိုးချဲ့ရန်အတွက် နိုင်ငံတကာ ကုမ္ပဏီများနှင့် ရင်းနှီးခင်မင်စွာ တွေ့ဆုံနိုင်မည့် High Level Cocktail Networking Session များသို့ တက်ရောက်ရန်အတွက် johan.globalnetworkz@gmail.com သို့ စာရင်းပေးသွင်းနိုင်ပါသည်။

Contact us
Johan.globalnetworkz@gmail.com

ဤသတင်းကောင်းကို သင်၏မိတ်ဆွေ(၃)ဦးအား ဖြန့်ဝေပေးခြင်းဖြင့် iPad mini များလည်းရယူနိုင်ပါသည်။

www.globalnetworkz.net

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊ မြေကွက်အမှတ် ၇၉/စ၊ ဧရိယာ ၁၂ဒသမ၆၃၀၈ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသောအစိတ်အပိုင်း ၆၉'/၆၇' × ၉၃'/၉၂'၊ မြေကွက်တည်နေရာအမှတ် ၁၀၅၊ စံပယ်လမ်းသွယ်(၂)၊ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန် A-ဘဂေါင်းအမည်ပေါက် B-မြေပိုင်(လ/န ၃၉)မြေအား တရားမကြီးမှုအမှတ် ၁၁/၁၂ တရားမဇာရီမှုအမှတ် ၁၃/၁၂၊ အရောင်းအဝယ်စာချုပ်အမှတ် ၇၃၁၆/၁၂(၂၁-၁၂-၁၂)ဖြင့်ပိုင်ဆိုင်သူ ဒေါ်ယဉ်ယဉ်နွယ် ၁၂/ကမတ(နိုင်)၀၅၄၁၉၇က မိမိပိုင်သည့်တစ်စိတ်တစ်ပိုင်းအား မြေကွက်ခွဲစိတ်ရန်နှင့်မြေတိုင်းရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ် ၆၂နေ ဦးအောင်မြင့် ၁၂/ကမရ(နိုင်)၀၀၉၉၂၃၊ ဒေါ်အေးအေးခိုင် ၁၂/ကမရ(နိုင်)၀၂၈၀၀၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမင်းကျော်စိုး ၁၂/ကမရ(နိုင်)၀၄၇၁၂၄သည် မိဘနှစ်ပါးအား စိတ်၏ဆင်းရဲခြင်း၊ အသက်အန္တရာယ်အား ရန်ပြုလာခြင်း၊ ပတ်ဝန်းကျင်၌ ဂုဏ်သိက္ခာကျအောင် ပြုမူဆောင်ရွက်မှုများ အစဉ်ပြုလုပ်နေပါသဖြင့် သတင်းစာကြော်ငြာပါသည့်ရက်မှ ဦးမင်းကျော်စိုးအား သွားနှုတ္တသား အမွေစားအမွေခံအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်မြင့် ၁၂/ကမရ(နိုင်)၀၀၉၉၂၃
ဒေါ်အေးအေးခိုင် ၁၂/ကမရ(နိုင်)၀၂၈၀၀၅တို့၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းလွင်ဦး
တရားလွှတ်တော်ရှေ့နေ
အမှတ် ၂၉၊ ဦးအောင်မင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၇၃၀၈၆၈၇၆

ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

၄-၃-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၅)တွင် ပါရှိသော ဒေါ်ကြည်မေ ပါ-၄၏ ဂရန်ပျောက်ဆုံးကြောင်း ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြည်မေ (ဘ) ဦးဖွယ်
၉/မရမ(နိုင်)၀၆၁၇၇၇
အကွက် ၇၀၄၊ မောရဂီဝါရပ်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

စန္ဒရားဆန်းဝင်း
B.Sc, B.Ed
Nice Music Training Centre
(International/Myanmar) Note ဖြင့် စန္ဒရား-အော်ဂင်၊ ဂစ်တာ၊ ဒရမ်၊ တယော၊ စောင်း၊ ပတ္တလား (မြန်မာအက-အဆို-အတီး-ဆရာမသီးသန့်)သင်တန်း
တိုက် ၃၃၃၊ အခန်း ၁၅၊ အပေါ်ဆုံးထပ်၊ ရန်အောင်လမ်းသွယ် ၃၊ (၂)ရပ်ကွက်၊ ရန်ကုန်၊ **ဖုန်း-၀၉-၇၃၀၂၃၃၇၉၊ ၀၉-၇၃၁၃၁၆၇၉၊ ၀၉-၄၂၁၁၀၉၉၆၃**

မြန်မာ့ဆိပ်ကမ်းကုန်သေတ္တာ ကိုင်တွယ်ဆောင်ရွက်နေမှုလုပ်ငန်း ပုဂ္ဂလိကများပါဝင်လာ၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်လာနိုင်

သတင်းဆောင်းပါး-မောင်နွေသစ်
ဓာတ်ပုံ-
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံတွင် စီးပွားရေး ပွင့်လင်းလာမှုနှင့်အတူ မြန်မာ့ဆိပ်ကမ်းသို့ ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်မှု တဖြည်းဖြည်းတိုးလာပြီး သွင်းကုန်နှင့်ပို့ကုန် နှစ်မျိုးစလုံးအတွက် ကုန်သေတ္တာများ ကိုင်တွယ်ဆောင်ရွက်ပေးရသည့်အပိုင်းမှာလည်း တစ်နှစ်ထက်တစ်နှစ်တိုးတက် များပြားလာလျက်ရှိသည်။

ကုန်သေတ္တာများကို မြန်မာနိုင်ငံတွင် အဓိကအားဖြင့် ရန်ကုန်ဆိပ်ကမ်း၌ သွင်းကုန်ပို့ကုန်နှစ်မျိုးစလုံးအတွက် ကိုင်တွယ်ဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်ဆိပ်ကမ်းတွင် သီလဝါ၊ဆူးလေ၊ ဗိုလ်အောင်ကျော်၊ ထီးတန်းအစရှိသဖြင့် ကုန်သေတ္တာများ ကိုင်တွယ်ဆောင်ရွက်ပေးနေသည့် ဆိပ်ကမ်းနေရာခြောက်ခုရှိသည်။ ယင်းဆိပ်ကမ်းနေရာခြောက်ခုစလုံးကို ရန်ကုန်ဆိပ်ကမ်းအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းအပြင် အခြားသော ပင်လယ်ကူးသင်္ဘောဆိုက်ကပ်လာနိုင်သည့် ဆိပ်ကမ်းရှစ်ခုရှိသည်။ ယင်းဆိပ်ကမ်းရှစ်ခုတွင် ရန်ကုန်သေတ္တာများ ကိုင်တွယ်ဆောင်ရွက်ပေးခြင်းမရှိဘဲ ရန်ကုန်ဆိပ်ကမ်းတစ်ခုတည်းကသာ ကုန်သေတ္တာများကို ကိုင်တွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ကုန်သေတ္တာများ ကိုင်တွယ်ဆောင်ရွက်ပေးမှုကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တစ်ခုတည်းက ဆောင်ရွက်နေခြင်း မဟုတ်တော့ဘဲ ပုဂ္ဂလိကကုမ္ပဏီများကပါ ကုန်သေတ္တာ ကိုင်တွယ် ဖြေရှင်းဆောင်ရွက်ရေး လုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်သည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်ဆိပ်ကမ်းက ပို့ကုန်သွင်းကုန်ရှစ်မျိုးစလုံးအတွက် ကုန်သေတ္တာလုံးရေ ၄၇၈၀၁၁ရှိပြီး မက်ထရစ်တန်ချိန်အားဖြင့် ၆၁၈၉၆၇၃ တန်ရှိသည်။ယင်းမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ကုန်သေတ္တာလုံးရေ ၄၀၈၀၄၃ ကိုင်တွယ်ဆောင်ရွက်ပေးမှုနှင့်နှိုင်းစာလျှင် တိုးတက်လာသည်ကို တွေ့ရသည်။ ထို့အရင်တစ်နှစ်က ကုန်သေတ္တာအလုံးရေ ၃၄၆၆၄၂ လုံးသာ ကိုင်တွယ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်းမှ စတင်ကာ ကုန်သေတ္တများ အသုံးပြုမှုများပြားလာသည်ကို တွေ့ရသည်။အဓိကအားဖြင့် ဆိပ်ကမ်းများ တိုးတက်လာသည်နှင့်အမျှ ကုန်သေတ္တာများ ကိုင်တွယ်အသုံးပြုမှု များပြားလာသည်။ ကုန်သေတ္တာအသုံးပြုမှုနှင့် ကုန်သေတ္တာတင်ကားများ ပိုမိုများပြားလာသည်။ ဤကဲ့သို့ မြန်မာ့ဆိပ်ကမ်းမှကုန်သေတ္တာများကိုင်တွယ်မှုများပြားလာခြင်းသည် သွင်းကုန်ပို့ကုန်လုပ်ငန်းတိုးတက်လာခြင်းပင်ဖြစ်သည်။အထူးသဖြင့် မြန်မာ့ထွက်ကုန်ပစ္စည်းများ ပြည်ပသို့ပိုမိုတင်ပို့လာနိုင်ခြင်းဖြင့် ပို့ကုန်များတိုးတက်လာကာ နိုင်ငံခြားငွေရရှိမှုများမှာလည်းတိုးတက်လာမည်ဖြစ်ပါသည်။ ပို့ကုန်အမယ်သစ်များ ပိုမိုတင်ပို့လာခြင်းဖြင့် ပို့ကုန်တန်ဖိုးလည်းမြင့်တက်လာမည်ဖြစ်ပါသည်။

မြန်မာ့ဆိပ်ကမ်းက ကုန်သေတ္တာများကို ကိုင်တွယ်ဖြေရှင်းမှု မြန်ဆန်လာသည်နှင့်အမျှကုန်စည်စီးဆင်းမှုအားကောင်းပါမှလည်း တိုးတက်မှုကို အထောက်အကူပြုလာနိုင်မည်ဖြစ်ပါသည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံဆရာဝန်အသင်း ဘုရားအနေကဇာတင်

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗုဒ္ဓဘာသာအဖွဲ့)မှ ဒုတိယအကြိမ်မြောက် ဘုရားအနေကဇာတင်ပွဲကို ဇွန် ၂ရက် နံနက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတိုက်ခန်းမဆောင်တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ထို့နောက်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဒဂုံပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒနှင့် သံဃာတော်များက ဘုရားအနေကဇာတင်၍ ပရိတ်တရားတော်များရွတ်ဖတ်ကြပြီး သက်ကြီးဆရာဝန်များ၊ ဗုဒ္ဓဘာသာအဖွဲ့ဝင်များက သံဃာတော်များအား စုပေါင်း၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(အောင်သန်း-မင်္ဂလာတောင်ညွန့်)**

နယ်ကျော်နွားများဖမ်းဆီးရမိ

ကျောင်းကုန်း ဇွန် ၆

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဝက်ခြံဂယက် ကျေးရွာအုပ်စု ကညင်ကုန်းကျေးရွာနေ ဦးသန်းဇော်၏ အိမ်ခြံအတွင်း၌ နယ်ကျော်နွားများ ရောင်းဝယ်ခြင်း လုပ်ကိုင်နေကြောင်း သတင်းရသဖြင့် ဒုရဲအုပ် အောင်ကိုကိုလွင်နှင့် နယ်ထိန်းအဖွဲ့သည် မေ ၂ရက် ညက ကညင်ကုန်းကျေးရွာနေ ဦးသန်းဇော်၏ နေအိမ်ခြံတွင် ဝက်ခြံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့်အတူ သွားရောက်ရှာဖွေရာ ခွင့်ပြုချက်မရ ဘဲတရားမဝင် သယ်ဆောင်လာသော နွားနှစ်ကောင်အား တွေ့ရှိ၍ အရေးကြီးကုန်စည်ဝန်ဆောင်မှု ပုဒ်မ ၅ အရ သက်သေခံပစ္စည်းများနှင့်အတူ ဦးသန်းဇော် ၃၅နှစ် (ဘ)ဦးထွန်း ကညင်ကုန်းကျေးရွာနေနှင့် ဦးမင်း သိန်း (၂၈)နှစ် (ဘ)ဦးဘိုရွှေငြိမ်း သဖန်းချောင်းကျေးရွာနေသူတို့ကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(ဝ၉၁)**

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် ပထမအကြိမ်မျက်နှာစုံညီအစည်းအဝေး

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၊ Myanmar Seamen's Federation (MSF) ၏ပထမအကြိမ် မျက်နှာစုံညီအစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်ဝင်များ တက်ရောက်ကြပါရန်နှင့် မိမိတို့၏အဖွဲ့ဝင်ကတ်ပြားများကို တစ်ပါတည်းယူဆောင်လာကြပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးသို့ တက်ရောက်မည့်သူများအနေဖြင့် ဖိတ်စာများကို ၁၈-၆-၂၀၁၃ရက်နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။ MOSA အဖွဲ့ဝင်များနှင့် MSF အဖွဲ့ဝင်အသစ်များအနေဖြင့် အဆိုပါရက်တွင် MSF အဖွဲ့ဝင်ကတ်ပြားအသစ်များ ထုတ်ယူနိုင်ကြောင်း အသိပေးအပ်ပါသည်။

အခမ်းအနားအစီအစဉ်

ရက်စွဲ ။ ။ ၂၀၁၃ခုနှစ်၊ ဇွန်လ(၂၂)ရက်၊ စနေနေ့

အချိန် ။ ။ နံနက် ၉ နာရီမှ ၁၁နာရီ

နေရာ ။ ။ ''ချာထရီယမ်ဟိုတယ်''၊ အမှတ်(၄၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊

မှတ်ချက် ။ ။ အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံပါမည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မဟာအောင်မြေမြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၁၁

ဦးရန်လင်း	**နှင့်**	၁။ ဦးလှသောင်း
		၂။ ဒေါ်ထု
		၃။ ဦးထွန်းဦး
		၄။ ဒေါ်ခင်ခင်မြင့်
တရားလို		**တရားပြိုင်များ**

မဟာအောင်မြေမြို့နယ်၊ ၄၀×၄၁ကြား၊ ၆၃လမ်း၊ မဟာမြိုင် (၂)ရပ်ကွက်၊ (န-၃/၉၄)နေ ဦးလှသောင်း-ဒေါ်ထု အတူနေလင်မယား(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးရန်လင်းက ယာယီမှတ်ပုံတင်စာချုပ်အမှတ် ၈၆၁/၂၀၀၆အား ပယ်ဖျက်၍ တရားလိုသို့ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ် ဇွန် ၁၇ရက် (၁၃၇၅ခုနှစ် နယုန်လဆန်း ၉ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သောင်းလွင်)
တွံ့ဖက်မြို့နယ်တရားသူကြီး(၁)
မဟာအောင်မြေမြို့နယ်တရားရုံး

အနုဂ္ဃရောင်စဉ် မြန်မာနိုင်ငံ မသန်စွမ်းသူများ အနုပညာပွဲတော်တွင် အသုံးပြုမည့် တေးသီချင်းပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ နိပ္ပွန်ဖောင်ဒေးရှင်း(ဂျပန်)နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ငွေကြေးပံ့ပိုးမှု၊ မသန်စွမ်းအသင်းအဖွဲ့အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပထမအကြိမ် အနုဂ္ဃရောင်စဉ် မြန်မာနိုင်ငံ မသန်စွမ်းသူများ အနုပညာပွဲတော် ၂၀၁၃ ကို နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အောက်ပါအချက်များနှင့်ကိုက်ညီသော ပွဲတော်ကိုယ်စားပြု တေးသီချင်းပါဝင်ယှဉ်ပြိုင်မည့်သူများအား ဖိတ်ခေါ်အပ်ပါသည်-

၁။ အနုဂ္ဃရောင်စဉ်ပွဲတော်ကို အခြေပြု၍ ကိုယ်အင်္ဂါ၊ ဉာဏ်ရည်၊ အမြင်၊ အပြော/အကြား ချို့ယွင်းအားနည်းသည့်မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုကို ဖော်ကျူးသော၊ မြင့်တင်သော စာသားဖြစ်ရမည်။
၂။ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်၊ အခွင့်အရေးတန်းတူညီမျှရရှိမှုနှင့် အနုပညာရပ်ဝန်းကို ပေါင်းကူးပေးသည့်အဓိပ္ပာယ်ပေါ်လွင်စေရမည်။
၃။ သီချင်းသံစဉ်နှင့်စာသားအားလုံးသည် ကိုယ်ပိုင်ဖန်တီးမှုများဖြစ်ရမည်။
၄။ သီချင်းစာသားအားလုံးကို A4 စာရွက်ဖြင့် ရှင်းလင်းပြတ်သားစွာ ရေးသားဖော်ပြရမည်။
၅။ အကြမ်းတီးခတ်သီဆိုထားသော CD ကို ပူးတွဲပေးပို့ရမည်။
၆။ ပါဝင်ယှဉ်ပြိုင်မည့် သီချင်းသည် အခြားသို့ ပေးပို့ယှဉ်ပြိုင်ထားသောသီချင်း မဖြစ်ရ။
၇။ အရွေးချယ်ခံရသော သီချင်းအား ကျပ်သုံးသိန်းတိတိ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

ပါဝင်ယှဉ်ပြိုင်မည့်သူများသည် အမည်၊ မှတ်ပုံတင်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်များအား ပူးတွဲဖော်ပြလျက် ကိုယ်တိုင်ဖန်တီးထားသော တေးသီချင်းဖြစ်ကြောင်း ဝန်ခံချက်နှင့်အတူ **၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ ရက်** နောက်ဆုံးထား၍ ဖော်ပြပါလိပ်စာသို့ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ပေးပို့နိုင်ပါသည်။ စည်းကမ်းချက်နှင့် မကိုက်ညီသည့် တေးသီချင်းများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

အသေးစိတ်သိရှိလိုပါက-

အနုဂ္ဃ ရောင်စဉ် မြန်မာနိုင်ငံ မသန်စွမ်းသူများ အနုပညာပွဲတော်ကျင်းပရေးရုံးအဖွဲ့
အမှတ် ၁၆/ဘီ၊ သာယာအေးလမ်း၊ ရေတွင်းကြီးလမ်းသွယ်၊ အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ (ရဲရင့်အောင် မှတ်တိုင်အနီး)
ဖုန်း - ၀၉-၄၅၀၀၆၇၂၄၇
အီးမေးလ် - **myanmaraseanarts@gmail.com**

ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၄)ဒုတိယတန်း(က)မှ မောင်တန်မိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုဇယားအရ ဦးသန်းဦး ဖြစ်ပါသည်။ **ဦးသန်းဦး**
၁/ဗမန(နိုင်)၀၃၄၁၇၂

ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၂) နဝမတန်း(က)မှ မောင်ဇက်လက်အောင်နှင့်ဒုတိယတန်း(က)မှ မောင်ဆွတ်မျိုးနော်တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုဇယားအရ ဦးဂျန်မာဘောက်နော် ဖြစ်ပါသည်။
ဦးဂျန်မာဘောက်နော်

GEO-FRIENDS Engineering & Construction Co., Ltd.
Drilling, Soil Laboratory & Foundation Test
အင်ဂျင်နီယာ ဘူမိဗေဒ နည်းပညာ လုပ်ငန်းခွင် အသုံးချသင်တန်း
မြေသားစမ်းသပ်ခြင်းပညာ၊ မြေတိုင်းပညာများကို ခေတ်မီ စက်ကရိယာများဖြင့် စာတွေ့၊ လက်တွေ့သင်ကြားပေးမည်။
Syllabus - 1) Soil / Rock Mechanics
2) Site Investigation Methods
3) Soil Laboratory Methods
4) Foundation Design Criterias
5) Survey
6) Project Report (Preparation / Writing)
လူဦးရေ ကန့်သတ်ချက်ရှိသည်။
သင်တန်းဖွင့်ရက် – 17th, JUNE, 2013
1136 (B), Thumingalar Road, 6 Block , South-okkalapa Township, Yangon, Myanmar. Tel : 951 561431, 09 42010 7757, 09 73239853
E-mail : service@geo-friends.com Website : www.geo-friends.com

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောက်လမ်း၊ တိုက်အမှတ်(၂၇)၊ အခန်းအမှတ်(၅၄)၊ မြေညီထပ်အား လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အုန်းမြင့် eE-၀၀၈၁၈၁ ထံမှ အထက်ပါအခန်းအား ဝယ်ယူနိုင်ရန်အတွက် ကျွန်တော် ဦးကိုကိုနိုင် ၁၂/ဥကမ(နိုင်)၁၅၆၁၆၆က စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါ အခန်းနှင့်ပတ်သက်၍ စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက ငွေအပြီးပေးချေ၍ ဥပဒေနှင့်အညီ အရောင်းအဝယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးကိုကိုနိုင် ၁၂/ဥကမ(နိုင်)၀၅၆၁၆၆**
အမှတ်-၈၃၊ ဝေပုလ္လ ၂ လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ဖုန်း-၀၉-၄၂၀၀၀၇၉၄၈

ကြော်ငြာ

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းငွေ (လ/ထ ညွှန်မှူး ဆည်မြောင်း-ငြိမ်း)-ဒေါ်အေးအေးညွန့်တို့၏တစ်ဦးတည်းသောသား

မောင်ကျော်ဇင်ထွန်း

B.Sc (Engg): IT (DU), B.C.Tech (UCSY), Dip in ICT (YU), Dip in IT (C&G,UK), System Engineer (Business IT Pte Ltd, Singapore)

နှင့်

ရန်ကုန်မြို့နေ ဦးအောင်မြင့်သိန်း (တရားလွှတ်တော်ရှေ့နေ)-ဒေါ်သင်းသင်းရီ(ခ)ဒေါ်သန်းအေးတို့၏သမီးထွေး

မစုမွန်ရည်သိန်း

B.Com (YIE), DA (LCCI, UK), ACCA Part II, Admin Executive (Trinity Apparel Pte Ltd, Singapore)

တို့၏ ၁-၆-၂၀၁၃ရက်တွင် Yuzana Garden Hotel တွင် ကျင်းပသည့်မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးအုန်းမြင့် (ဒုဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန-ငြိမ်း)နှင့် ဇနီးဒေါ်သက်ဝါ (အထကပြ -ငြိမ်း)၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဦးမြင့်အောင် (ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်)နှင့် ဇနီးဒေါ်ခင်သန်းနွဲ့၊ ၂၆-၅-၂၀၁၃ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် တရားသူကြီးဦးစိန်ကြည်၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးခြင်း၊ မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဇနီး၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်သောဆွေမျိုး၊ မိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ဇင်ထွန်း-မစုမွန်ရည်သိန်း**

ကိုရီးယားနိုင်ငံသို့ အစိုးရစနစ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက်.......

ပဉ္စမအကြိမ်မြောက်စာမေးပွဲတွင် အောင်မြင်မှုအများဆုံး ဆွတ်ခူးပေးခဲ့သော

U ZAW LIN(B.A,Korean, YUFL) ၏ "HANUL" ကိုရီးယားဘာသာသင်တန်းကျောင်း

- ကုန်ကျစရိတ် (၆)သိန်းခွဲ (ကြိုတင်ပေးသွင်းရန်မလို၊ လေယာဉ်တက်ခါနီးမှ ပေးသွင်းရမည်။
- တစ်လပျမ်းမျှလစာ(၁၀)သိန်းနှင့်အထက်(မလေးရှား ၅နှစ်လုပ်အားခနှင့်ကိုရီးယားတစ်နှစ်လုပ်အားခပျမ်းမျှအားဖြင့် တူညီပါသည်။)
- အသက်ပိုင်းခြား = (၁၈နှစ်မှ ၃၉နှစ်အတွင်း)၊ သင်တန်းစတင်မည့်ရက်- ၁၇-၆-၂၀၁၃)
- သင်တန်းကာလ-၃လခွဲနှင့်အထက်၊ သင်တန်းကြေး-၁၃၀,၀၀၀ိ/(စာအုပ်စာတမ်းဖိုးအားလုံးပါဝင်ပြီး)
- ဖြေဆိုရမည့်(EPS- TOPIK)စာမေးပွဲကို အောင်မြင်စေရန် ကိုရီးယားဘာသာစကားကိုရေး၊ ဖတ်၊ ပြော၊ နားထောင် 4Skills ကို အခြေခံမှစ၍ အဆင့်မြင့်သဒ္ဒါများ၊ မေးခွန်းများအားလုံး ကို အသေးစိတ်သင်ကြားပေးခြင်း၊ အမြန်ရွေးချယ်ခံရစေရန်၊ အလုပ်ကောင်းလစာကောင်းများ ရရှိစေရန် ကိုရီးယားရှိ စက်ရုံပေါင်းများစွာနှင့် လေဘာရုံးတို့တွင် အထူးသွားရောက်လုပ်ကိုင် လေ့လာခဲ့သော ဆရာမှ အပြည့်စုံဆုံး လမ်းညွှန်သင်ကြားပေးနေပါသည်။ (လျှောက်လွှာတင်သည်မှစ၍ လုပ်ဆောင်ရမည့် ကိစ္စရပ်အားလုံးကိုလည်း အစမှ အဆုံးထိ လမ်းညွှန်ဆောင်ရွက်ပေးပါသည်။)

သင်တန်းနေရာ➤ တိုက်(၄၆)၃လွှာ၊လှည်းတန်းလမ်းမ၊စိန်ဂေဟာကုန်တိုက်ရှေ့၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း: 09-400475420, 09-47113848

ဦးမြတ်ဆု(အုပ်ချုပ်မှုဒါရိုက်တာ) မြတ်ရွှေသွေးကုမ္ပဏီလီမိတက်နှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၁)တွင် နေထိုင်သော ဦးရဲဝင်း ၁၃/ကတန(နိုင်)၀၂၂၀၃၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးရဲဝင်းထံမှ ဦးမြတ်ဆုသည် လုပ်ငန်းတွင်အသုံးပြုရန်အတွက် ယာဉ်နှင့် ယန္တရားများကို အခကြေးငွေဖြင့် ငှားရမ်းအသုံးပြုခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးမြတ်ဆုတို့သည် ယာဉ်နှင့်ယန္တရားများငှားရမ်းခြင်းအတွက် နှစ်ဦးနှစ်ဖက်စာရင်းရှင်းပြီးနောက် ဦးမြတ်ဆုမှ ကျွန်ုပ်၏မိတ်ဆွေသို့ ယာဉ်နှင့်ယန္တရားများ ငှားရမ်းခ ငွေများပေးသွင်းရန် ကျန်ရှိနေပါသည်။ ထိုကျန်ရှိငွေကို ၃၀-၈-၂၀၁၂ရက်တွင်ပေးချေပါမည်ဟု ဦးမြတ်ဆုမှ ဝန်ခံကတိပြုခဲ့ပါသည်။

၃၀-၈-၂၀၁၂ ရက်တွင် ကျန်ငွေများပေးသွင်းနိုင်ခြင်းမရှိသောကြောင့် ၃၀-၁၁-၂၀၁၂ ရက်တွင် နောက်ဆုံးထား၍ ကျန်ငွေများ ပေးချေပါမည်ဟု ဦးမြတ်ဆုမှ ထပ်မံ၍ဝန်ခံကတိပြုခဲ့ပါသည်။

ယင်းဝန်ခံကတိပြုသည့်အတိုင်း ၃၀-၁၁-၂၀၁၂ ရက်တွင် ဦးမြတ်ဆုမှ ပေးသွင်းရန် ကျန်ငွေများ ပေးသွင်းနိုင်ခြင်းမရှိသည့်အပြင် ကျွန်ုပ်၏မိတ်ဆွေ ဦးရဲဝင်းအား အတွေ့မခံတော့ဘဲ ရှောင်တိမ်းနေသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေတွင် များစွာနစ်နာဆုံးရှုံးလျက်ရှိပါသည်။

သို့ပါ၍ ဦးမြတ်ဆုအနေဖြင့် ဤကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ ထံသို့ ပေးရန်ရှိသော ကျန်ငွေများကို ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက် ပေးသွင်းရန် မေတ္တာရပ်ခံအပ်ပါသည်။ အကယ်၍ လူကြီးမင်းအနေဖြင့် သတ်မှတ်ရက်အတွင်း ကျန်ငွေများလာရောက်ပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုတော့မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးရဲဝင်း

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးထွန်းထွန်းဇော် LL.B
တရားလွှတ်တော်ရှေ့နေ(၈၅၃၄)
ဏ-၁/၆၁၊ ၆၄လမ်း၊ မြို့သစ် ၁၊
မန္တလေးမြို့၊ ဖုန်း-၀၂-၇၈၈၅၇၊
၀၉-၂၀၁၆၇၁၄

ORIENTAL TRADING COMPANY အစုစပ်ဝင်များ သိစေရန်

ဖော်ပြပါ ကုမ္ပဏီ၏ လက်ရှိအခြေအနေနှင့် ရှေ့ရပ်တည်မှုကို ဆွေးနွေးဆုံးဖြတ်နိုင်ရန်အတွက် အစည်းအဝေးတစ်ရပ်ကို အောက်ပါအတိုင်းပြုလုပ်မည်ဖြစ်၍ ကုမ္ပဏီအစုဝင်များ မပျက်မကွက်တက်ရောက်ပါရန် ကုမ္ပဏီဖွဲ့စည်းပုံစည်းမျဉ်းအပိုဒ် (၇)(၈)နှင့် (၁၁) (ဆ)အရ ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးပြုလုပ်ရန်နေရာ - အမှတ် ၃၂၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့

အစည်းအဝေးပြုလုပ်မည့်ရက် - ၁၆-၆-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

အစည်းအဝေးပြုလုပ်မည့်အချိန် - ညနေ ၂ နာရီ

အုပ်ချုပ်မှုဒါရိုက်တာ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချန်ထွန်း B.A, B.L
တရားလွှတ်တော်ရှေ့နေနှင့်နိုတြီပဗ္ဗလစ်(၁၄၈၅)
အမှတ် ၂၇၊ ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၉၂၆၇

အမည်ပြောင်း

မုံရွာမြို့၊ ဆူးလေကုန်း အမက(၄) စတုတ္ထတန်းမှ ဦးဝင်းမောင်မောင်ထွန်း၏ သမီး မသမုဒယမောင်အား ယနေ့မှစ၍ မသန့်ဖြူစင်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသန့်ဖြူစင်မောင်**

အခန်းရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မြို့၊ မေခ မလိခအိမ်ရာရှေ့၊ လေးထောင့်ကန်လမ်းမကြီးအနောက်၊ ပေ ၅၀ လမ်းကျယ် မြေညီနှစ်ခန်းတွဲ(သို့) တစ်ခန်းချင်း တိုက်သစ်၊ အဖိုးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ **ဖုန်း-၀၉-၅၀၈၁၆၆၀**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (L 18/၆၁)၊ မြေကွက်အမှတ်(၆၇၁+၆၇၂) အမည်ပေါက် ဒေါ်နီနီထွေး MMN-၅၆၀၀၆၁+ဦးမောင်အေး MMN-၅၅၉၆၆၁ မြေကွက်များအတွက် အသစ်ပြန်လည်ချထားပေးသည့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၁/၂)၊ မြေကွက်အမှတ်(၉၉+၁၀၀)မြေကွက်များအား အမည်ပေါက်များ ကိုယ်တိုင်မှ မြေချပါမစ် ပြုလုပ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

တောင်ငူခရိုင်တရားရုံးတော်၌

၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၂ နှင့်ဆက်သွယ်သည့်

၂၀၁၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၁

ဦးစောဘီထူး	**နှင့်**	၁။ ဦးစောထူးဝါး ၂။ နော်လူးစိန်
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

၁။ ဦးစောထူးဝါး၊ ၂။နော်လူးစိန် အမှတ် ၂၃/၈၀၊ ခြသေ့်ဦး ၂လမ်း၊ တောင်ငူမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၇၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစောဘီထူးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၃ခုနှစ် ဇွန်၆ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ခုနှစ် မေ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှဖူး) ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ငူခရိုင်တရားရုံး

အိမ်စီးကားသန့်ရောင်းမည်

ALPAARD, 2.4 G, Silver Colour, ၄ဃ/၄ထောင်ကျော် Model-2002, ၁၀ လပိုင်း၊ Original TV, ထိုင်ခုံနံ့သာရောင်၊ ရှေ့နောက် Camera, Power Slide door တစ်ချပ်၊ ကျပ်သိန်း ၂၅၀။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၁၂၇၉၈၈

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ ကျုံတနီး အထက တက္ကသိုလ်ဝင်တန်းရှိ ဦးမောင်မောင်သန်း၏သမီး မကေဇင်ဖြိုးအား မကေဇင်သန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မကေဇင်သန့်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသိန်းငွေ ၈/မလန(နိုင်) ၀၄၀၃၁၆ပိုင် ယာဉ်အမှတ် ၅က/၈၃၄၅၏ အခွန်ပုံစံ(၁)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၄၃၀၈၃၈၉၆**

အမည်ပြောင်း

တောင်ကြီးမြို့၊အထက(၇)၊ဆဋ္ဌမတန်းအောင်မှ မောင်ဝေယံငြိမ်း၁၃/တကန(နိုင်) ၃၀၃၁၉၇အား ယနေ့မှစ၍ မောင်ဝေယံဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေယံ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောအိမ်ရာရှိ တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ အဆင့်ဆင့်ဝယ်ယူထားသူကအဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းအကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးစိန်ဝင်း ဒေါ်တင်တင်ဝင်း(က.စ) ဒေါ်သန်းမြ MMO-၂၁၈၃၄၀ ၁၂/ကမရ(နိုင်)၀၂၇၅၄၈(မှ) ဒေါ်တင်တင်ကျော် ၁၂/သကတ(နိုင်)၁၁၅၁၂၃(မှ) ဒေါ်ကြူကြူအောင် ၁၂/စခန(နိုင်)၀၂၈၈၆၅(မှ) ဒေါ်တင်မိုးကြည် ၁၂/သကတ(နိုင်)၀၂၈၅၃၇(မှ) ဦးမောင်ငြိမ်း ၁၂/သကတ(နိုင်)၀၈၆၇၆၅(မှ) ဒေါ်အေးသူဇာအောင် ၁၂/သကတ(နိုင်)၁၂၆၇၉၁(မှ)	ဒေါ်နွေးနွေးသီတာ ၉/ပမန(နိုင်)၀၈၃၉၆၆	တိုက်အမှတ် B-9၊ အခန်းအမှတ် ၁၀၄၊ ရွှေခင်းသာအိမ်ရာ၊ သာကေတ။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ဦးသန်းအောင်

B.Sc (Hons), M.Sc, DFAc, DA, DMA, DCA (LCCI, UK)

LCCI I &II, III (၁) လ ၁၅၀၀၀ိ/- (၃) ကြိမ်သွင်း

တိုက် (၁)၊ အခန်း (၂၆)၊ အပေါ်ထပ်၊ အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ HP : 09-508 6487, 09-4200 20993

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

နမ့်စန်မြို့နယ်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄

ဒေါ်သင်းသင်းထွေး	**နှင့်**	ဦးသိုင်းစံ
တရားလို		**တရားပြိုင်**

နမ့်စန်မြို့၊ အမှတ်(၉၃၁)ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးတပ်ရင်း (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင်၁ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၈ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြမြဦး)
မြို့နယ်တရားသူကြီး
နမ့်စန်မြို့နယ်တရားရုံး

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဟသ်ာတမြို့၊ ဗိုလ်မြတ်ထွန်းလမ်း၊ တာကလေးရပ်ကွက်နေ မခင်သန်းနွဲ့(ခ)မခင်သန်းထွေး ၁၄/ဟသတ(နိုင်)၀၅၅၃၄၆သည် မိမိ၏ဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် မခင်သန်းထွေး၏ငွေကြေးကိစ္စနှင့် ပြဿနာများအားလုံးကို သိန်းစန္ဒာမိသားစုနှင့် လုံးဝသက်ဆိုင်မှု မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ထွေး
ဗိုလ်မြတ်ထွန်းလမ်း၊ တာကလေးရပ်ကွက်

ဝန်ထမ်းအလိုရှိသည်

ကျိုက်ထိုမြို့နယ်ရှိ စိမ်းလဲ့တင် Hotel Resort & Zoological Garden တွင် အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိသည်။

(၁)	ဝန်ထမ်းရေးရာတာဝန်ခံ	မ	(၁) ဦး
(၂)	F & B Supervisor	ကျား/မ	(၁) ဦး
(၃)	စိုက်ပျိုးရေးတာဝန်ခံ	ကျား/မ	(၁) ဦး

နေစားစရိတ်(ငြိမ်း)ဖြစ်ပြီးအခြေခံလစာ ၁၅၀၀၀ိ/-အထက်၊ လုပ်ငန်း အတွေ့အကြုံရှိသူ၊ ဘွဲ့ရ၊အသက်(၃၀)နှင့်(၄၅)နှစ်အကြားရှိသူ၊ရေရှည်လုပ်နိုင်သူများ ဖြစ်ရမည်။ လျှောက်ထားလိုသူများသည် CV Form ၊ရဲစခန်း/ရပ်ကွက် ထောက်ခံစာ၊ ဓါတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊နှင့်အတူ အခန်း(၁)၊အမှတ်(၁၀၆)၊ ၄ထပ်တိုက် အနီရောင်၊ ယူနန် အသားကင်ဆိုင်မျက်စောင်းထိုး၊ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်သို့ လူကိုယ်တိုင် လျှောက်ထားနိုင်သည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊သမားဓိလမ်း၊ အမှတ် ၁၁၇၄/၁၁၇၅၊ အခန်းအမှတ် ၁၀၄၊ ပထမထပ်၊ အကျယ်အဝန်း ပေ(၁၄×၅၀)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဗိုလ်ကြီးမင်းဂေါင်(ငြိမ်း) ၉/မမန(နိုင်)၀၁၃၁၀၁အမည်ဖြင့် ရရှိထားသော အခန်းဖြစ်ပါသည်။ အဆိုပါအခန်းကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြတ်မြတ်ဆင့် ၅/ဝလန(နိုင်) ၀၈၅၇၄၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်မာသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိရှိရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မျိုးသူ LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၃၇/၇၄၁၊ ပထမထပ်၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၉၃၈၉၀

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အကွက်ကြီး၁၇၊ ဦးပိုင်အမှတ် ၄၃ ဦးတင်သောင်း အမည်ပေါက်၊ ဦးပိုင်အမှတ် ၄၄ ဒေါက်တာစန်းလွင်အမည်ပေါက်၊ ဦးပိုင်အမှတ် ၄၅ ဗိုလ်ကြီးအောင်သန်းအမည်ပေါက် ၄င်းမြေကွက်သုံးကွက်နှင့် အဆောက်အအုံ ရေ၊ မီး၊ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးသန်းစိုး LKW-၀၆၃၂၁၂က ဒေါ်နော်အဲလစ်စတာ TGI-၀၂၃၇၃၆ထံတွင် ၁၉၉၇ခုနှစ် နိုဝင်ဘာလတွင် အပြီးအပိုင် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ယင်းမြေကွက်သုံးကွက်ကို ဦးသန်းစိုး LKW-၀၆၃၂၁၂အမည်ပေါက်ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးသန်းစိုး
LKW-၀၆၃၂၁၂

ကြော်ငြာ

SHINE AC/DC
နေ့ညလျှပ်စစ်သင်တန်းများ
✦ ဗိုင်နမို၊ မော်တာ၊ ထရန်စဖော်မာသင်တန်း
✦ စက်ရုံ၊ အလုပ်ရုံ၊ နေအိမ်ဝါယာရိန်းသင်တန်း
✦ မော်တော်ကား ဝါယာရိန်းသင်တန်း
✦ ရေခဲသေတ္တာ၊ လေအေးပေးစက်သင်တန်း
၈/ဗိုလ်မင်းခေါင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ တာမွေပီးရှိုင်းအနီး
☎ ၀၁-၅၄၃၃၈၂ 📱 ၀၉၅၁ ၅၄၄၇၁

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဗိုလ်တထောင် ၅၂လမ်း (မဟာဗန္ဓုလလမ်း ဂုတ်တိုက်)ရှိ ပေ (၂၃×၆၀) တိုက်ခန်း (မြေညီ+ပ)နှစ်ခန်း Ph/AC(3)လုံးပါ ရောင်းမည်။

ဖုန်း-၀၉-၂၀၀၉၆၀၈

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ကျောက်မဲခရိုင်တရားမရုံး၌

၂၀၁၃ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၈

မစန္ဒာစိုး
သီပေါမြို့၊ ရွာသစ်ကျေးရွာအုပ်စု၊
ကျောင်းစုကျေးရွာ။ **လျှောက်ထားသူ**

ကွယ်လွန်သူ ဦးစိုးမြင့်၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း။

သီပေါမြို့၊ ရွာသစ်ကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာနေ မစန္ဒာစိုးက ကွယ်လွန်သူ ဦးစိုးမြင့်၏ တစ်ဦးတည်းသော သမီးအရင်းဖြစ်သည်ဟူ၍ သီပေါမြို့၊ ရွာသစ်ကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာနေ ၎င်းကွယ်လွန်သူ ဦးစိုးမြင့်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိုးမြင့်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဇွန် ၂၈ရက် (၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၅ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ မစန္ဒာစိုးကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် မေ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိန်းထွေး)
ခရိုင်တရားသူကြီး
ကျောက်မဲခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၃၊ မြေကွက်အမှတ်(၁၄၅၀+၁၄၅၁)၊ ဧရိယာ ၀ဒသမ ၀၆၁+၀ဒသမ၀၆၁ဧက၊ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှစ်ကွက်နှင့် ၎င်းမြေကွက်များပေါ်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်၊ (၆၃)ရပ်ကွက်၊ လသာ ၂လမ်း၊ အမှတ်(၁၄၅၀+၁၄၅၁)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သန်း LL.B,D.M.A,D.B.L,D.M.L,D.A(Psy)
WIPO,D.L.P(Switzerland)
Diploma in International Law
Hight Court Advocate&Legal Advisor
ရုံးခန်း - အမှတ်(၆၂)၊ အခန်း(၁၇)၊ Winner Firm ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
နေအိမ် - အမှတ် ၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၉၂၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅/CG၊ မြေကွက်အမှတ် ၅၂၉/A၊ အလျားပေ ၄၀ × အနံပေ၂၀ရှိ မြေကွက်ပေါ်တွင် ခုနစ်ထပ်တိုက်သစ်တစ်လုံးဆောက်လုပ်ရန် ကန်ထရိုက်တာ ဒေါ်ဥမ္မာမြင့်နှင့်မြေရှင်ဦးသန်းစိန်+၈ ဦးတို့မှ ၂၄-၄-၂၀၀၇ ရက်တွင် လုပ်ငန်းလုပ်ကိုင်ရန်အတွက် **ကန်ထရိုက်တိုက်သစ်ဆောက်လုပ်နိုင်ရန် တိုက်ရှင်မြေရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးနှစ်ဖက် သဘောတူကတိစာချုပ်** ချုပ်ဆိုခဲ့ကြပါသည်။

လုပ်ငန်းလုပ်ကိုင်ရန် ချုပ်ဆိုခဲ့သည့်စာချုပ်တွင် ပါဝင်သည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ မြေရှင်ဦးသန်းစိန်+၈ ဦးတို့ဘက်မှ ပျက်ကွက်ခဲ့ပါသောကြောင့် **မြေရှင်နှင့်ကန်ထရိုက်တာ နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းခြင်း** စာချုပ်တစ်ရပ်အား ၂၉-၅-၂၀၁၃ ရက်တွင် ထပ်မံချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။

မြေရှင် **ဦးသန်းစိန်+၈ ဦး** တို့မှလည်း ၎င်းတို့၏ မှားယွင်းစွာပျက်ကွက်မှုများကြောင့် လုပ်ငန်းရပ်ဆိုင်းသွားရသဖြင့် ကန်ထရိုက်တာ ဒေါ်ဥမ္မာမြင့်အား အနူးအညွတ်တောင်းပန်ပါကြောင်း ၂၈-၅-၂၀၁၃ ရက်တွင် မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် ကြေညာခဲ့ပြီးဖြစ်ပါသည်။ ၎င်းကြေညာချက်အား ကန်ထရိုက်တာဒေါ်ဥမ္မာမြင့်မှ အသိအမှတ်ပြုပါကြောင်းကို မြေရှင် ဦးသန်းစိန် +၈ ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကန်ထရိုက်တာဒေါ်ဥမ္မာမြင့်
၁၂/အစန(နိုင်)၀၀၅၈၅၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အမှတ် ၅၇၉၊ သီဟိုဠ်ကျောင်းလမ်း၊ အောင်ဆန်းရပ်ကွက်၊ ရွာသစ်အရှေ့ရှိ အကျယ်အဝန်း (၂၃×၅၈)ပေရှိ ဦးသင်းနိုင် ၁၂/အစန(နိုင်)၀၇၄၁၃၈ က မိမိသာတရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်ဦးမင်းမော် ၁၂/အစန(နိုင်)၀၂၄၉၁၅က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူများ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းမော်
၁၂/အစန(နိုင်)၀၂၄၉၁၅
အမှတ် ၆၆၆၊ ဗုဒ္ဓသာသနာပြုကျောင်းလမ်း၊
ရွာသစ်အနောက်၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်

(UK) အင်္ဂလန်နိုင်ငံ အသိအမှတ်ပြု အင်ဂျင်နီယာ ဒီပလိုမာသင်တန်းများ

- Refrigeration & Air-Con
- Civil (Construction)
- Electrical
- Electronic
- Mechanical
- M & E (MP&EP)

June 22 စမည်

နယ်ဘော်ဒါ ရှိသည်

(၆) လ/(၁) နှစ်အတွင်း အသက်သာဆုံးဖြင့် ပြည်တွင်း၌ပင်နိုင်ငံတကာ အသိအမှတ်ပြု ဒီပလိုမာဘွဲ့ ကိုရယူနိုင်

- Advanced Diploma Courses (MP, EP, EC, Civil)

တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများနှင့် မည်သည့်ဘွဲ့ရမဆို တက်ရောက်နိုင်

NEW TECH အမှတ် (၂၇၄/စီ)၊ မင်းကြီးလမ်း၊ ရွာမအရှေ့၊ မညက-မှတ်တိုင်၊ အင်းစိန်။
Ph: 094 203 13719, 097 324 3776

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉-မွေးဇုန်၊ မြေကွက်အမှတ် (၆-ခ/)၊ အကျယ်အဝန်းပေ($\frac{၁၈၇}{၁၅၇}$ × ၁၉၀)၊ ၀ ဒသမ ၀၇၅၀ ဧက နှစ် ၃၀ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်သည့် ဒေါ်ရင်ရင် ၁၃/ကတန(နိုင်)၀၆၀၃၃၉ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဲစုထွေး	**ဦးမြတ်ထွန်း B.Sc, RL**
LL.B, D.B.L, D.M.L,D.I.L	**တရားလွှတ်တော်ရှေ့နေ**
အထက်တန်းရှေ့နေ (စဉ်-၂၇၁၂၈)	**(စဉ်-၃၆၉၀)**

အမှတ် ၅၅၊ ၁၄လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၇၃၀၇၂၂၂၁၊ ၆၅၀၉၀၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-စ၊မြေကွက်အမှတ်-၃၉၆-၁/၂၊(၁၂၀၀)စတုရန်းပေရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိအမှတ်-၃၉၆-၁/၂၊သန္တာ-၆လမ်း၊စ-ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊ဟုခေါ်တွင်သည့်အကျိုးခံစားခွင့်တို့ကိုတရားဝင်ခံစား ပိုင်ခွင့်ရှိသူ **ဒေါ်လှသန်း**(၁၂/ဥကမ(နိုင်)၀၆၆၈၇၉)ပါ-၃ဦး၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ**ဦးဇော်လင်း**(၁၂/ကတတ (နိုင်)၀၁၁၅၉၇)ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်၊ကန့်ကွက်လိုပါကကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်၊ကန့်ကွက်မှုမရှိပါကအထက်ပါမြေကွက်အရောင်းအဝယ်ကိုအပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးတင်မောင်ဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၅၂)
အခန်းအမှတ်-၀၂/၁၂၊ ပထမထပ်၊ အာရှပလာဇာ၊
ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၀ ၄၇၇၅၊၀၉-၇၃၀ ၃၃၀ ၅၈၊၀၁-၄၃၀ ၈၅၀၊

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ဗိုလ်နက်ကျော်လမ်းနှင့် ၄၀ါမြိုင်လမ်းထောင့်ရှိ အမှတ် ၂၈၅၊ မြေဧရိယာ ၄၅ပေ× ပေ၆၀ အကျယ်အဝန်းရှိ မြေကွက်မြေငှားစာချုပ်ရထားသူ ဗိုလ်မှူးဝင်းထွန်း ၇/ပတန(နိုင်)၀၇၆၈၉၅ အမည်ပေါက်မြေကွက်အား ရောင်းချခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေဦးရန်အောင်မြင့် ၁၂/ဥကမ(နိုင်)၁၀၄၇၂၂က ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေပြီးဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းများ မူရင်းအထောက်အထားများဖြင့်တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ခဲ့ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ညိုညိုဆင့် LL.B, D.B.L,D.M.I	**ဒေါ်အေးအေးမြတ် LL.B,Wipo Switzerland**
အထက်တန်းရှေ့နေ (စဉ်-၃၁၃၀၈)	**အထက်တန်းရှေ့နေ (စဉ်-၉၉၉၆)**
ဒေါ်ဇင်မာမျိုး LL.B	
အထက်တန်းရှေ့နေ (စဉ်-၃၈၆၄၃)	

အမှတ်(၃)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပတရားရုံးဘေး၊ မြောက်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်း၊ အမှတ်-၄/ယ (ပ-ထပ်) ဟုခေါ်တွင်သည့် ဒေါ်သီတာကြိုင် (၇/သကန (နိုင်)၀၁၃၇၇၀) ပိုင်ဆိုင်ထားသောတိုက်ခန်းကိုကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် (၂၄-၃-၂၀၁၃)ရက်နေ့တွင် စရန်ငွေတစ်ချို့အား ပေးချေပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက် လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း သက်ဆိုင်သည့် စာချုပ် စာတမ်းများဖြင့် ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -

ဒေါ်တင့်တင့်ခိုင်
LLB., DBL, CBL
အထက်တန်းရှေ့နေ
အမှတ်(၁၆၆)၊စမ်းချောင်းလမ်း၊စမ်းချောင်းမြို့နယ်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉·B၊ အကောက်ခွန် ၇လမ်း၊ မြေကွက်အမှတ် ၁၈၉ ဟုခေါ်တွင်သော အလျား×အနံ ပေ(၄၀×၆၀)ရှိ မြေကွက်နှင့် တစ်ထပ်တိုက်အား လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုပြောဆိုသူ ဦးတင်နိုင်အောင် ၁၂/ဗတထ(နိုင်)၀၃၃၅၁၇ ထံမှ လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်ဦးဇော်ထွဋ် ၁၂/ဗဟန(နိုင်)၀၀၁၃၈၂ သည် အထက်ဖော်ပြပါ မြေနှင့်အိမ်၏အကျိုးခံစားခွင့်အားလုံးတို့အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့်အိမ်အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဇော်ထွဋ် ၁၂/ဗဟန(နိုင်)၀၀၁၃၈၂
အမှတ်(၃)၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

"အထူးဝမ်းနည်းကြေကွဲခြင်း"

ဦးသိန်းမြင့်(ဖျာပုံ) [အသက်(၈၃)နှစ်]

ရွှေငါးစိန်ရွှေရတနာရောင်းဝယ်ရေး

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ တွဲဘက်အတွင်းရေးမှူး(၃)
ဦးမြင့်ဇော် (ခ)ဦးစိန်ခဲ+ ဒေါ်ဝင်းမြမြတို့၏
ကျေးဇူးရှင် **ဖခင် ဦးသိန်းမြင့် အသက် (၈၃)နှစ်**သည်
(၂-၆-၂၀၁၃) ရက်နေ့ ည(၁၀)နာရီ (၆)မိနစ်တွင် ကွယ်လွန်သွားပါကြောင်း
သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ဗဟို)
မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(ရန်ကုန်တိုင်းဒေသကြီး)
မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)
မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း(ရှမ်းပြည်နယ်တောင်ပိုင်းဒေသ)
မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ပုဂံဒေသ)
မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (ညောင်ရွှေဒေသ)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် 36k၊ မြေကွက်အမှတ် $\frac{၁၁၁-U}{၂-A}$၊ အကျယ်အဝန်း မြေ ၀ ဒသမ ၁၀၄ ဧကရှိ မြေပိုင်မြေကွက်အမည်ပေါက် ဦးကျော်ကျော်လင်း ၁၂/ဗဟန(နိုင်)၀၅၅၈၇၉ နှင့် ဒေါ်တင်တင်ခိုင် ၁၂/ဗဟန(နိုင်)၀၅၆၃၀၆ က အထက်ဖော်ပြပါ နှစ်ထပ်တိုက်နှင့်မြေအား ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်ရောင်းချရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသလက်ခံရယူထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို တရားဝင်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဖေ B.Sc, R.L(စဉ်-၂၃၉၁)	**ဒေါ်မိုးယုယုစံမြင့် LL.B,D.M.L (စဉ်-၈၇၉၈)**

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၃)၊ သီရိလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၆၁၂၈၁၊ ၀၉-၄၅၀၀၆၅၁၇၊ ၀၉-၅၁၃၉၀၉၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ တိုက်အမှတ် - (၁)၊ အခန်းအမှတ် - (၀၀၅) ဟု ခေါ်တွင်သော မြေညီထပ်တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ ကိုယ်ပိုင်မော်တာအပါအဝင် ယင်းတိုက်ခန်း၏ နေထိုင်သုံးစွဲပိုင်ခွင့်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုပိုင်ဆိုင်ကြောင်းအဆိုပြုသူ ဒေါ်ခင်မော်မော်အုံး(၁၀/ပမန (နိုင်) ၀၁၃၈၁၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်လိမ့်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဝင်းနိုင် (LL.B)	ဒေါ်ဝတ်ရည်ထွန်း (LL.B,LL.M)
ဒေါ်သွယ်သွယ်ဇေ (LL.B,LL.M)	ဦးနိုင်လင်းထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေများ	အထက်တန်းရှေ့နေများ

Win & Associates Legal Practitioner Group
(၈၃/အခန်း-၁၂)၊ ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၃၇၇၈၇၉၊ ၀၉- ၅၁၄၃၁၇၀၊ ၀၉- ၅၀၃၅၄၇၆၊ ၀၉ - ၇၃၀၄၅၁၆၅၊ P.C No.11182

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၁၈၊ ဧရိယာ ၀ ဒသမ ၁၄၁ဧက၊ နှစ် ၆၀ဂရန်မြေအမျိုးအစားမြေပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁ ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိခင်ဖြစ်သူ ဒေါ်သန်းသန်း CJ-၀၄၀၇၄၇အမည်ပေါက်လျက်ရှိပြီး မိခင်၊ ဖခင်တို့ကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံသူများဖြစ်သော ဦးမောင်မောင်သိုက် ပါ သားသမီးလေးဦးတို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော်	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

"အများသိစေရန် ကြေညာချက်"

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသိန်းထွန်းဆွေ (၁၀/မလမ (နိုင်) ၀၄၂၀၇၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မလွကုန်းဒေးကြွယ် (က) ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ်(၃၁) (ပထမထပ်) (ခြေရင်းခန်း) တိုက်ခန်းသည် ကျွန်ုပ်၏အမှုသည်နှင့် ဒေါ်မင်းမင်းသက် (၁၂/ဒဂတ (နိုင်) ၀၂၁၀၄၂) တို့ နှစ်ဦးမှ အတူပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပြီး အဆိုပါတိုက်ခန်းအား ကျွန်ုပ်အမှုသည်၏ သိရှိသဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာခြင်း မရှိပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်နိုင်ဦး (ဥပဒေဘွဲ့)	ဒေါ်ကျော့ကျော့စံ (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၈၇၆၂)	(စဉ်-၂၁၇၂၈)

အမှတ် (၅၀) ဒုတိယထပ်၊ အခန်း (၉) ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်အုန်း (မုံရွာ)
အသက်(၈၄)နှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ဖခင်ကြီး ဦးကျော်အုန်း(မုံရွာ) အသက်(၈၄)နှစ်သည် ၁-၆-၂၀၁၃ ရက် (စနေနေ့) နံနက် ၁၀း၁၀နာရီတွင် မုံရွာမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်အုန်း (မုံရွာ)
အသက်(၈၄)နှစ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ ဖခင်ကြီးသည် ၁-၆-၂၀၁၃ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမောင်မောင်မြတ်-ဒေါ်နန္ဒာဝင်း
Native Power Technology Co.,Ltd. မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးသိန်းမြင့် (ဖျာပုံ)
ရွှေငါးစိန်ရွှေရတနာရောင်းဝယ်ရေး
အသက်(၈၃)နှစ်

၂-၆-၂၀၁၃ ရက် ည ၁၀း၀၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဂမုန်းပွင့်(မိသားစု)

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းမြင့်
(ရွှေငါးစိန်ရွှေရတနာရောင်းဝယ်ရေး)
အသက်(၈၃)နှစ်

ဦးကျော်ဝင်း၊ ဦးစိုးမြင့်-ဒေါ်နန္ဒာဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းမြင့်သည် ၂-၆-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာလှသိန်း၊ ဒေါက်တာစိုင်းခင်ဇော်၊
ဦးအောင်ဝင်း(ခ)အကြပ်၊ ဦးစောလွင်
ပြင်ဦးလွင်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာထွန်းလှ - ဒေါ်ယုခင်မြင့်တို့၏ ဖခင် ဦးသိန်းမြင့် အသက်(၈၃)နှစ်သည် ၂-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်
Fortune International Limited

ဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းရှိန်
(ဒုံးပျံသင်္ချိုင်း)
အသက်(၇၃)နှစ်

ကျွန်တော်တို့တစ်တွေအား လမ်းပြပေးခဲ့သော ဦးလေး ဦးထွန်းရှိန် အသက်(၇၃)နှစ် (ဒုံးပျံသင်္ချိုင်း)သည် ၄-၆-၂၀၁၃ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားခြင်းအတွက် ဝမ်းနည်းကြေကွဲရပါသည်။

ကိုထွေး(မြအိုးဝေ)

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းမောင်
(ရွက်သစ်စိုက်ပျိုးရေးဆေးဆိုင်-ညောင်ရွှေမြို့)
အသက်(၆၄)နှစ်

ဦးဝင်းမောင်သည် ၃၁-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပံ Agro Bio Product Co.,Ltd.
ဒေါ်ခင်မျိုးခိုင်နှင့် ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းမြင့်
အသက်(၈၃)နှစ်

ဦးစိုးမြင့် (Director) Forever Group Co.,Ltd. နှင့် ဦးကျော်ဝင်း (Mandalay FM) တို့၏ဖခင် ဦးသိန်းမြင့် အသက်(၈၃)နှစ်သည် ၂-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Family Entertainment Group
5 Network ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းမြင့်
အသက်(၈၃)နှစ်

ရွှေဘုံသာလမ်းမိသားစု ဓမ္မပူဇာသဘင် နာယကနှင့် မှခ်ဦး (သံဖရိုန်)အလှူရှင် ဦးသိန်းမြင့်(ရွှေငါးရွှေဆိုင်) အသက်(၈၃)နှစ်သည် ၂-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဓမ္မပူဇာဖြစ်မြောက်ရေးအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးကျော်ဝင်း (၈၁-ဘူမိ)၏ဖခင် ဦးသိန်းမြင့်(ဖျာပုံ) (ရွှေငါးစိန်ရွှေရတနာ ရောင်းဝယ်ရေး)သည် ၂-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၈၁ခုနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ
(RASU)

အထူးဝမ်းနည်းကြေကွဲခြင်း

ကလေးမြို့နယ် NLD မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ(ငြိမ်း) ဦးကာ အသက်(၈၁)နှစ်သည် ၃-၆-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာကြီး ဦးတင်ဝင်း၊ ဆရာ ဦးသောင်းရွှေ၊
ဆရာ ဦးမြင့်သိန်း၊ ရှေ့နေ ဦးအေးမြင့်၊ ဦးခင်မောင်ဆွေ၊ မိုက်ကယ်ဝင်းကျော်၊ ဦးကိုလေး၊ ဦးဝင်းစိန်နှင့် မောင်ကျော်သက်ဝင်း၊ မောင်ကြည်ရအောင်၊ မောင်မင်းမင်း၊ သူရ (ကလေး)၊
ဖြိုးဝေအောင်၊ကလေးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်ဆွေ
တရားလွှတ်တော်ရှေ့နေကြီး
အသက်(၇၁)နှစ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်၏အစ်ကို ဦးမြင့်ဆွေသည် ၂၀၁၃ ခုနှစ် မေ ၃၁ရက် (သောကြာနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးမျိုးမြင့်
Managing Director (ရွှေမြန်မာစံကုမ္ပဏီလီမိတက်)
အင်္ဂပူမြို့နယ်၊ ညောင်ကျိုးဒေသ
အသက်(၄၅)နှစ်

ဒေါ်ဥမ္မာ၏ခင်ပွန်း ညောင်ကျိုး အထက ကျောင်းသားဟောင်း ဦးမျိုးမြင့်သည် ၂-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၇း၁၅ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညောင်ကျိုး အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမျိုးမြင့်
Managing Director
Shwe Myanmar San Services Co.,Ltd.
မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်
(အလုပ်အမှုဆောင်အဖွဲ့ဝင်)
အသက်(၄၅)နှစ်

မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်သော ဦးမျိုးမြင့်သည် အဖွဲ့ချုပ်၏တာဝန်များကို စေတနာအနစ်နာခံ၍ ကျေပွန်စွာလက်တွဲဆောင်ရွက်နေကြရင်း ၂-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ည ၇း၁၅ နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်းလှိုင်အောင်
နောင်ရိုး၊ နှင်းဝေလွင်ဧည့်ရိပ်သာနှင့်စားသောက်ဆိုင်
အသက်(၄၀)

ပုသိမ်မြို့နေ ဆရာကြီးဦးအောင်ခ-ဆရာမကြီးဒေါ်ခင်သန်းတို့၏သား မလေးလေးနွယ်၏ခင်ပွန်းသည် ၂၉-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမြင့်သိန်း-ဒေါ်အေးအေးသွယ်(ခ)ရွှေအိန်း
ယူရေးနပ်စ်
လက်ဖက်ရည်နှင့်စားဖွယ်စုံဆိုင်
တံတားလမ်း၊ တံတားထိပ်၊ ပန်းတနော်မြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဝိမလ မဟာထေရ်မြတ်
သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကြာပို့ကန်တော်ရွာ၊ ကြာပို့ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် သက်တော်ရှည်ဒေါ်မြအုဋ္ဌကျောင်း ဆရာတော်ကြီးသည် (၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၁၃ ရက်) ၂၃-၄-၂၀၁၃ရက် (အင်္ဂါနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် နယုန်လဆန်း ၃ရက်) ၁၁-၆-၂၀၁၃ရက်မှ (နယုန်လဆန်း ၇ ရက်) ၁၅-၆-၂၀၁၃ရက်အထိ အန္တိမအဂ္ဂိစျာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပန ဖြစ်မြောက်ရေးကော်မတီ

ဦးတင်အောင်ကျော် (ခ)
ဂျော်ဂျီ
အသက်(၇၅)နှစ်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်နေ (ဦးအောင်ကျော်-ဒေါ်တင်မေ) တို့၏ သားကြီး၊ ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၇၊ အခန်း ၃ နေ ဒေါ်ရီရီလွင်၏ ခင်ပွန်း၊ ဦးကျော်လွင်ဦး-ဒေါ်တင်ငွေးဝင်း၏ဖခင်၊ မအေးမြချမ်းသာ၊ မောင်အောင်ကျော်ဟိန်းတို့၏အဘိုးသည် ၄-၆-၂၀၁၃ ရက် (အင်္ဂါနေ့) နံနက် ၃း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားသိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်မြင့်မြင့်သန်း
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ တိုက် ၄၆၊ အခန်း ၁၉၊ ဗဟိုစည်အိမ်ရာနေ ဦးဇော်မင်း၏ ဇနီးသည် ၃၁-၅-၂၀၁၃ရက် (သောကြာနေ့) ၃း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအားအကြောင်းကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ကိုမင်း ၇/သကန(နိုင်)၀၉၄၉၃၁သည် ခရီးသွားလာရင်း နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၃၆၉၆၈၉၇

သွေးသည် အသက်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
ဒေါ်ဘေဘီ (လမ်းမတော်)၊ လသာ(၂)ကျောင်းသူဟောင်း
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ တိုက်အမှတ် B (2)၊အခန်း ၁၀၂နေ (ဦးညွန့်ရှင်-ဒေါ်မြသီ)တို့၏သမီး၊ (ဦးမြင့်ညိမ်း-ဒေါ်ခင်မေစီ)တို့၏သမီးချွေးမ၊ ဒေါ်မြညွန့်၊ ဦးစိန်ဝင်း-ဒေါ်အေးချစ်၊ (ဦးသိန်းထွဋ်)-ဒေါ်တင်တင်ဝင်း၊ ဦးတင်စိုး-ဒေါ်ပြုံးပြုံးရှင် (U.S.A)တို့၏ညီမ၊ (မောင်နိုင်ဝင်း)၊ ဦးဝင်းကျော်-ဒေါ်အေးအေးအောင်(စင်ကာပူ)၊ ဒေါက်တာစိုင်းဆိုင်ဟိန်း-ဒေါက်တာဒေါ်မြမြအေး(အင်္ဂလန်)တို့၏အစ်မ၊ ဦးခင်ကျော်(Relax KTV)၏ဇနီး၊ မောင်သူရိန်ကျော်(Ray Shipping)၊ မောင်အောင်ဇေယျာကျော်(Keppel FMO Pte. Ltd.) တို့၏မိခင်၊ တူ၊ တူမ ၁၀ယောက်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၃-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၇-၆-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်အုန်း(မုံရွာ)
အသက်(၈၄)နှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ကျေးဇူးရှင် ဖခင်ကြီး ဦးကျော်အုန်း(မုံရွာ)သည် ၁-၆-၂၀၁၃ ရက် (စနေနေ့) နံနက် ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ စားဖိုဆောင်သီးနှံ
စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း၊
ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်း(ကုန်စည်ဒိုင်)

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းမြင့်
အသက်(၈၃)နှစ်

ဦးစိုးမြင့်-ဒေါ်နန္ဒာဝင်းတို့၏ ကျေးဇူးရှင်ဖခင် ဦးသိန်းမြင့် အသက်(၈၃)နှစ်သည် ၂-၆-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြင့်၊ တင့်၊ အေး၊ ဝေ၊ ပိုင်၊ ထွေး
မဟာဗောဓိဓမ္မရိပ်သာဘုရားဖူးအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဥမ္မာထွန်း
အကြီးတန်းစာရေး၊ စိုက်ပျိုးရေး
အသက်(၄၁)နှစ်

ဖန်းမော်မြို့၊ မင်းကုန်းရပ်နေ (ဦးသန်းထွန်းဦး)-ဒေါ်ငွေးငွေးမြင့်တို့၏သမီး၊ ဦးအောင်ကျော်ညွန့်၏ဇနီးသည် ၁-၆-၂၀၁၃ ရက်တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဖန်းမော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ဖခင် ဦးကျော်အုန်း(မုံရွာ)သည် ၁-၆-၂၀၁၃ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ဖခင် ဦးကျော်အုန်း(မုံရွာ)သည် ၁-၆-၂၀၁၃ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်ဇနီး ဒေါ်ခင်မလေး
သာသနာရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ကိုဖြိုးမင်းဦး
အသက်(၃၀)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး-ဒေါ်သန်းသန်းအေးတို့၏သား ကိုဖြိုးမင်းဦးသည် ၆-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး-ဒေါ်နီနီ မိသားစု
လျှပ်စစ်စွမ်းအားဝန်ကြီး

ကိုဖြိုးမင်းဦး(ခ)ကိုဖြိုး အသက်(၃၀)

မွန်ပြည်နယ်၊ ကျုံကဒက်ကျေးရွာနေ ဦးပြုံး-ဒေါ်ဖွားတင်၊ (ဦးဖေသင်-ဒေါ်အေးရှင်)တို့၏မြေး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ အမှတ် ၁၁၁နေ ဦးအောင်သန်းဦး (ပြည်ထောင်စုဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)-ဒေါ်သန်းသန်းအေးတို့၏သား၊ ဦးစည်သာထိန်ဝင်း-ဒေါ်မြတ်မာလာဦး(Thu Han Si Co., Ltd.)တို့၏မောင်၊ မယမုံဦး၏အစ်ကို၊ မနှင်းဝေထွန်း (Yangon Transformer Co.,Ltd.) ၏ခင်ပွန်း၊ မယွန်းနဒီဦး(ခ)ဒီးဒီး(Grade-4-A,T.T.C၊ လှိုင်)၏ဖခင်၊ မောင်သုဟန်စည်(PISM)၊ မောင်ပြည့်ဖြိုးအောင်တို့၏ဦးလေးသည် ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၆း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ကိုဖြိုးမင်းဦး
အသက်(၃၀)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး၏သား ကိုဖြိုးမင်းဦး အသက်(၃၁)နှစ်သည် ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အို (မအူပင်)
အသက်(၉၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်နေ (ဦးမှု-ဒေါ်ဖွား)တို့၏သမီး၊ (ဦးလှမောင်)၏ဇနီး၊ (ဦးအောင်ကိုး)-ဒေါ်မြမြလွင်၊(ဦးလှမြင့်)-ဒေါ်နွဲ့နွဲ့အေး၊ (ဦးတင်ရွှေ) - ဒေါ်အေးအေးသိန်း၊ (ဦးကွန်းဇော်) - ဒေါ်ငွေငွေဝင်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ် ၁၅ယောက်၊ တီ သုံးယောက်တို့၏အဘွားသည် ၅-၆-၂၀၁၃ရက် ညနေ ၃း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၃ရက် မွန်းတည့်၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးမြင့်တင် (မိုးကုတ်မြို့)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ခုနစ်မိုင်၊ အမှတ် ၁၆(စီ)၊ သလ္လာဝတီလမ်းနေ ဒေါ်ထွေးထွေး၏ခင်ပွန်း၊ မိုးကုတ်မြို့၊ မြို့မရပ်နေ ဦးစိန်မင်း၏ညီ၊ ဦးကျော်ကျော်-ဒေါ်မိုးဖြူ၊ ဦးမိုးကျော်သူ-ဒေါ်စန္ဒာအောင်၊ ဦးမိုးကျော်ဖြူ-ဒေါ်ခင်မီမီမင်း၊ ဦးဆန်နီ-ဒေါ်မိုးသူမြင့်တို့၏ဖခင်၊ မောင်စိုးစံ၊ မောင်ကောင်းစံ၊ မပန်းပွင့်ဖြူ၊ မအေးပွင့်ဖြူ၊ မောင်သီဟသူ၊ မရတနာကျော်တို့၏ အဘိုးသည် ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၅း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး
ဒေါ်တင်အေး
အသက်(၇၇)နှစ်

ငါးသိုင်းချောင်းမြို့နေ (ဦးစု-ဒေါ်မှင်)တို့၏သမီးချွေးမ၊ တွံတေးမြို့နေ (ဦးကျော်တင့် - ဒေါ်ကျင်မြိုင်)တို့၏သမီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၂၇၁၊ သီလ ၉လမ်း၊ (၄)ရပ်ကွက်နေ (စန္ဒရားထွန်းညွန့်)၏ဇနီး၊ (ဦးမင်းဆွေ-ဒေါ်လှကြည်)၊ ဦးမြင့်အေး (ပြည်တွင်း ရေကြောင်း၊ မြစ်ဝ)-ဒေါ်မြစန်း(ပျဉ်းမနား၊ ရမည်းသင်း သတ္တုတွင်းစီမံကိန်း၊ ပျဉ်းမနားမြို့)၊ ဂီတမှူးစန္ဒရား ဘိုတာထွန်းညွန့်-ဒေါ်ခင်ထွေးရီ၊ ဦးမျိုးအောင်(မြန်မာမှု၊ ဇေကမ္ဘာကုမ္ပဏီ)-ဒေါ်မာမာဦး၊ ဦးအောင်ချစ်(ပန်းပု)-ဒေါ်ခင်ခင်လှ၊ ဦးကျော်ညွန့်(ZIN Shipping Ltd.)၊ တေးသံရှင် စန္ဒရားဒေါ်မော်မော်ထွန်းညွန့်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၆-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၃ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးညီညီကျော် (စစ်တွေ)
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၁၉ (A)၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးအောင်မြကျော်(ဒု-အထွေထွေမန်နေဂျာ၊ ငြိမ်း)-ဒေါ်စံသာနုတို့၏ စတုတ္ထသား၊ ရွာမပြင်ကျေးရွာ၊ ကျောက်တော်မြို့နယ်နေ ဦးအောင်ကျော်ညွန့်(လက်ထောက်ကြီးကြပ်ရေးမှူး၊ ငြိမ်း)-(ဒေါ်မနု)တို့၏သားသမက်၊ ဦးမောင်မောင်ကျော်(ခ)လူနီ - ဒေါ်မအုံးခင်၊ မနုနုကျော်-ဦးထွန်းဝေ၊ ဦးအောင်အောင်ကျော်-ဒေါ်စိမ့်စိမ့်၊ ဦးမင်းမင်းကျော်-ဒေါ်ခင်သူဇာစိန်၊ ဦးဘိုဘိုကျော်တို့၏ အစ်ကို/ညီ/မောင်၊ မယုယုမွန်(ခ)ပါးပူ (ပဋ္ဌမတန်း၊ အမက-၅၊ အိုးတန်း၊ စစ်တွေ)၏ဖခင်၊ ဒေါ်ခင်သက်နွယ်၏ခင်ပွန်းသည် ၆-၆-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၁၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ဂျပန်ဆေးရုံ)၌ ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၃ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ဂျပန်ဆေးရုံ) အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဒေါ်လှတင်(ခ)ချန်စွီဟွား
အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၁၁၂၊ ပထမထပ်၊ ရွှေတိဂုံဘုရားလမ်းနေ (ဦးချန်လောင်ချွမ်-ဒေါ်တန်တီတို)တို့၏သမီး၊ (ဦးချောင်ဘွန်ပွန်-ဒေါ်စောစွတ်ဟွာ)တို့၏သမီးချွေးမ၊ [ဦးချောင်ဗျန်ဟင်း(ခ)ဦးဘမြိုင်]၏ဇနီး၊ ဦးတင့်နွယ်-(ဒေါ်ခင်စိန်)၊ ဒေါက်တာမေဘယ်(လ်)ရပ်(Aust)၊ (ဦးကျော်မြင့်)-ဒေါ်ရင်စွမ်၊ (ဦးကျော်စိန်)၊ဒေါက်တာဒေါ်သင်းကြူ(မွေ့ဆေးဆရာဝန်ကြီး)၊ ဒေါက်တာကျော်ထွန်း-ဒေါ်ခင်ခင်မြင့်(USA)၊ ဒေါက်တာကျော်အောင်-ဒေါက်တာဝင်းဝင်းတင်(USA)တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၄-၆-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၄း၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူသားသမီးများ

သဒ္ဓမ္မရံသီယောဂီ၊ ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊လမ်းဒါယိကာမကြီး
(မော်လမြိုင်မြို့၊ သုသမာစာရ ပရိယတ္တိသုခမ္မသီဂိ)
ဒေါ်အေးကြည် (ဇာသပြင်၊ မော်လမြိုင်)
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သမာဓိ ၁လမ်း၊ အမှတ် ၂/ကနေ (ဦးလှကြွယ်)၏ဇနီး၊ ဦးကောင်းရင်-ဒေါ်အေးမြင့်၊ ဒေါက်တာဦးလှမြင့်-ဒေါက်တာဒေါ်သန်းမြင့်၊ (ဦးခင်မောင်မြင့်)-ဒေါ်သန်းအေး၊ ဦးမြင့်နိုင်-ဒေါ်ညွန့်ညွန့်မြင့်၊ ဦးကြီးမြင့်-ဒေါ်ချိုချိုမြင့်၊ ဦးလွင်မောင်မြင့်-ဒေါ်တင်အေးအေးမို့၊ ဦးမြင့်လွင်-ဒေါ်သီတာမြင့်တို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၃ယောက်တို့၏ဘွားဘွားကြီးသည် ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီးဒေါ်စီစီကြီး(ခ)Constance Gyi (nee Shwe Ba)
အန်တီဘေကြီး
Colgate Memorial High School Maymyo, No. (1)State High School Maymyo, No. (2) State High School PyinOoLwin
အသက်(၉၃)နှစ်

(ဦးစောဂီလ်ဆင်ကြီး)၏ဇနီး၊ (ဦးရွှေဘ-ဒေါ်မာသ)တို့၏ဒုတိယသမီး၊ (ဦးဘီဘသာ-ဒေါ်အိုင်လင်းဘဆိုင်)တို့၏ညီမ၊ (ဒေါ်အိုင်ဗီထွန်းဇံ၊ ဦးဝေါလစ်ရွှေဘ၊ ဦးချာလ်းစ်ရွှေဘ)တို့၏အစ်မ၊ ဒေါ်အိုင်ဗီဟက်ပီးနက်စ်ကြီး(ခ)ဒေါ်ရည်မွန်ဦး၊ ဒေါ်နော်ခလေးဖောကြီး-ဗိုလ်မှူးစောခင်မောင်ဝင်း(ငြိမ်း)၊ ဦးထူးဒိုကြီး-ဒေါ်စီမ၊ ဒေါ်ဖေဒါရှုကြီး-ဦးစောဝါးနေဖောတို့၏မိခင်သည် ၆-၆-၂၀၁၃ရက် နံနက် ၈း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၆-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (မြကန်သာအိမ်ရာ၊ ဗဟိုလမ်း၊ လှိုင်နှင့် ကံဘဲ့နှစ်ခြင်းအသင်းတော်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဗိုလ်မှူးစိန်စန်း(ငြိမ်း) O.T.S (36)
အသက်(၇၄)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊မရမ်းကုန်းရပ်နေ(ဦးယုဘွန်-ဒေါ်မြတင်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ် ၈၆ (ဘီ-၇)နေ ဒေါ်လှရင်၏ခင်ပွန်း၊ ဒေါ်ကျင်ကီး၊ ဒေါ်ယဉ်ယဉ်မြင့်တို့၏မောင်၊ ဦးမျိုးမြင့်-ဒေါ်တင်တင်မြင့်၊ ဒေါ်ဖြူဖြူလွင်၊ ဦးသက်လွင်-ဒေါ်နီနီရှိန်၊ ဦးတင်ဝင်း-ဒေါ်မြင့်မြင့်ကြူတို့၏အစ်ကို၊ ဦးမျိုးအောင်စန်း-ဒေါ်ကျော့ကျော့ခိုင်၊ ဦးနေလင်းစန်း-ဒေါ်နန်းစုစုလှိုင်၊ ဒေါ်အေးအေးစန်း၊ ဦးရန်နိုင်လင်း-ဒေါ်နန္ဒာကျော်လင်း၊ ဗိုလ်မှူးသန့်ဇင်အောင်(ငြိမ်း) (မြန်မာ့လေကြောင်း) - ဒေါ်ပိုးဇာခြည်စိုးတင့်တို့၏ဖခင်၊ မစောရတီ၊ မအိမ်မှူးမေ၊ မောင်ကောင်းထက်ဇော်တို့၏အဘိုးသည် ၅-၆-၂၀၁၃ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးအင်စိုင် (စာပေဗိမာန်ပုံနှိပ်တိုက်၊ ငြိမ်း)
အသက်(၇၀)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကြာအင်းကျေးရွာနေ (ဦးတိတ်စွန်-ဒေါ်စောငွေ)၏သားလတ်၊ ဦးအင်ပို့(ခ)ဦးလှရွှေ(ရေအရင်းမြစ်၊ ငြိမ်း)၊ ဒေါ်စိန်တင်တို့၏ညီ/မောင်၊ ဦးအင်ဆွန်း(ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး၊ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်)-ဒေါ်ချယ်ရီတို့၏အစ်ကို၊ ဦးတင်ရ-ဒေါ်လွင်မာဦး၊ ဦးလေးဦး-ဒေါ်မိုးမိုး၊ ဦးလွင်နိုင်-ဒေါ်သန်းသန်းလွင်၊ ဦးလှိုင်ကျော်သူ-ဒေါ်သဲပြေမာန်ဦးတို့၏ဖခင်၊ ဒေါ်သန်းရီ(ထုံးအိုင်)၏ခင်ပွန်း၊ မြေးကိုးယောက်၏အဘိုးသည် အမှတ် ၃၄၃(က)၊ ရွှေဥဒေါင်း ၃လမ်း၊ (၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေအိမ်၌ ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီးဒေါ်စီစီကြီး(ခ)
Constance Gyi
(nee Shwe Ba)
အသက်(၉၃)နှစ်

(ဦးဇော်ထွန်းခိုင်)၊ ဗိုလ်ကြီးဇော်ထွန်းမြတ်(ငြိမ်း)-ဒေါ်အိအိနိုင်၊ သန္တာဇော်ထွန်း၊ ဇင်ဝင့်ဖြူ၊ ပန်းအိခင်၊ သွဲ့ကြည်ခင်၊ သက်မွန်ခင်၊ ပိုးအိဖြူ၊ ခိုင်သက်ဇွန်၊ စောရှင်းသန့်အောင်တို့၏ဖီးဖီး၊ မေမွန်မြတ်သူ၊ မြတ်မင်းသစ်နိုင်တို့၏ဖီးဖီးကြီးသည် ၆-၆-၂၀၁၃ရက် နံနက် ၈း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၆-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (မြကန်သာအိမ်ရာ၊ ဗဟိုလမ်း၊ လှိုင်နှင့် ကံဘဲ့နှစ်ခြင်းအသင်းတော်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသိမ်းစိုး (ညောင်ရမ်း)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
စီးပွားကူးသန်းဝန်ကြီးဌာန
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် ၇၉၉၊ ပထမထပ်နေ ဒေါ်စောမဋ္ဌူ၏ခင်ပွန်း၊ ဦးမင်းယု-ဒေါ်ဝတ်ရည်၊ဦးဖုန်းစံသူ-ဒေါ်သကြၤန်၊ ဦးလင်းနိုင်ဦး-ဒေါ်ကေခိုင်၊ဦးမျိုးမောင်-ဒေါ်သဥ္ဇာ၊ ဦးထွန်းပို၊ ဒေါ်မြမာလာသင်း၊ မစောစန္ဒာခိုင်၊ မမြလင်းသစ်တို့၏ဖခင်ကြီး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃-၆-၂၀၁၃ ရက် (တနင်္လာနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ၃း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်လှတင်(ခ)ချန်စွီဟွား
အသက်(၁၀၁)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၁၁၂၊ ပထမထပ်၊ ရွှေတိဂုံဘုရားလမ်းနေ (ဦးချန်လောင်ချွမ်-ဒေါ်တန်တီတို)တို့၏သမီး၊ (ဦးချောင်ဘွန်ပွန်-ဒေါ်စောစွတ်ဟွာ)တို့၏ သမီးချွေးမ၊ [ဦးချောင်ဗျန်ဟင်း(ခ)ဦးဘမြိုင်]၏ဇနီး၊ ဒေါက်တာယဉ်ယဉ်ထန်း-(ဦးတင်နိုင်)၊ ဒေါ်ကြည်ကြည်မိုး-Saw Su (USA)၊ ဒေါက်တာစိန်တင့်(Aust)၊ ဒေါက်တာစန္ဒာဝင်း - ဦးမောင်မောင်လတ်(USA)၊ ဒေါက်တာမေပုလဲထွန်း - Dr. Tim Johnson (USA)၊ ဒေါ်မင်းမင်းမော်၊ ဒေါက်တာဥမ္မာ(Aust)၊ Freddie-Lisa (USA)၊ ဒေါက်တာကျော်ဝင်းနိုင်(USA)၊မောင်ဇေယျာမျိုးအောင်(USA)တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၆-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၄း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၈း၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမြေးမြစ်တစ်စု

ဒေါ်မာမာမြိုင်(တောင်တွင်းကြီး)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၁၀၁ (D)၊ သုမ္မော ၁ လမ်း၊ သုမင်္ဂလာအိမ်ရာနေ (ဦးစံ၊ ရဲမှူးကြီး၊ ငြိမ်း)၏ဇနီး၊ တောင်တွင်းကြီးမြို့နယ်နေ (ဦးဘမြိုင်-ဒေါ်တင်ရှု)တို့၏ သမီးကြီး၊ ဦးဇော်ဝင်း(အထပြ) - ဒေါ်ကျင်မေနွဲ့၊ ဒေါ်တာတာမြိုင် - ဦးအုန်းဖေ (လက်ထောက် ကထိက၊ငြိမ်း)၊(ဦးဇော်လင်း၊ ဗဟို တောင်သူလယ်သမား အစည်းအရုံး)-ဒေါ်ခင်ဝင်းမာ (အထပြ၊ ငြိမ်း)၊ ဦးဇော်ကို (သတ္တုတွင်း၊ Toyota Tsusho) - ဒေါ်နွေး၊ ဗိုလ်ကြီးဇော်ချို (ငြိမ်း)-ဒေါ်ချစ်ချစ်စိန်၊ (ဦးဇော်ညွန့်)၊ (ဦးဇော်ကွန့်)၊ ဦးဇော်မိုး(Uniteam)-ဒေါ်နွယ်နီဇင် (အထက-၄၊ ရန်ကင်း) တို့၏အစ်မကြီး၊ဒေါ်ခိုင်မာစံ(Myanmar POSCO Steel Co.,Ltd.)၏မိခင်သည် ၆-၆-၂၀၁၃ရက် နံနက် ၆း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၃ရက် နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍၁၂-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်မာမာမြိုင်(တောင်တွင်းကြီး)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၁၀၁/ဒီ၊ သုမ္မော ၁ လမ်း၊ သုမင်္ဂလာအိမ်ရာနေ (ဦးစံ၊ ရဲမှူးကြီး၊ ငြိမ်း)၏ဇနီး၊ ဒေါ်ခိုင်မာစံ (Myanmar Posco Steel Co., Ltd.)၏မိခင်၊ ဒေါ်ချိုမာဝင်း-ဦးဝေလင်း(ပြည်)၊ ဒေါ်ညိုမာဝင်း-ဦးညွန့်လှိုင်(ပြည်)၊ ဒေါ်ချိုချိုအုန်း-ဗိုလ်ကြီးကျော်မင်းဌေး(ငြိမ်း)၊ ဒေါ်လှလှအုန်း-ဦးအောင်ကြည်(မြမင်းမော်နာရီ)၊ ဦးအောင်ကျော်အုန်း(Chief Officer)-ဒေါ်နန်းစိုးလတ်၊ ဒေါ်ယဉ်ယဉ်အုန်း-ဦးသက်ဦး၊ ဒေါ်ဝင့်မွန်အုန်း-ဦးစိုးဝင်းမြင့်၊ Capt. ရွှေလှဝင်း(Uniteam)-ဒေါ်သီတာဆွေ၊ ဦးဇော်ဖေဝင်း(Uniteam)-ဒေါက်တာမေကျော့အောင်၊ ဦးဇော်လေးဝင်း(YIT)၊ ဒေါ်မီမီကို(Prime Energy Partners Myanmar Ltd.)-ဦးသက်လင်း၊ ဦးကိုကိုလွင်(ဝေဖြိုးအောင်)-ဒေါ်လီလီ၊ ဒေါ်အေးကျော့စံ၊ ဦးစစ်သွေးဇော် (2/0 - Uniteam) - ဒေါ်ခင်ချောချောအောင်၊ ဒေါ်အိမ့်သံသာဟန် (Final Part I)တို့၏အဒေါ်၊ မြေး ၂၂ယောက်တို့၏အဘွားသည် ၆-၆-၂၀၁၃ရက် နံနက် ၆း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူ တူ၊တူမများမိသားစု

မိုးကုတ်မြို့နယ်အသင်း
ဦးမြင့်တင် အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ခုနစ်မိုင်၊အမှတ် ၁၆(စီ)၊ သလ္လာဝတီလမ်းနေ ဒေါ်ထွေးထွေး၏ခင်ပွန်းသည် ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၃ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ ပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ တောင်မော်ကျေးရွာ
မဟာဝိသုဒ္ဓါရာမကျောင်းတိုက်ကြီးနှင့်သာသနာ့ရိပ်သာတို့၏ဦးစီးပဓာနနာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိသုဒ္ဓါစာရ
သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ တောင်မော်ကျေးရွာ၊ မဟာဝိသုဒ္ဓါရာမကျောင်းတိုက်ကြီးနှင့် မဟာဝိသုဒ္ဓါရာမ သာသနာ့ရိပ်သာတို့၏ဦးစီးပဓာနနာယကဆရာတော်ဖြစ်တော်မူသော ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိသုဒ္ဓါစာရ ဆရာတော်မထေရ်မြတ်ကြီးသည် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ရက်) ၄-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၀၀း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးအသီးသီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(အန္တိမဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည့် အစီအစဉ်အား ထပ်မံကြေညာပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ရွှေပြည်တန်ရပ်ကွက်၊
မြသိန်းတန် ဝိဇ္ဇာရေကျောင်းတိုက်ကြီးနှင့်
နတ်စုံပေါ်တောရကျောင်းတိုက်၏ ဦးစီးပဓာနနာယက
ဝိသိဋ္ဌဒီဃဘဏ္ဍက ဒီဃနိကာယကောဝိဒ မဟာဂန္ထဝါစကပဏ္ဍိတ
နိုင်ငံတော်ဗဟိုရ်သံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်
ဘဒ္ဒန္တတေဇဗလ
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ရွှေပြည်တန်ရပ်ကွက်၊ မြသိန်းတန် ဝိဇ္ဇာရေကျောင်းတိုက်နှင့် နတ်စုံပေါ်တောရကျောင်းတိုက်၏ ဦးစီးပဓာနကျေးဇူးတော်ရှင်ဖြစ်တော်မူသော ဘဒ္ဒန္တတေဇဗလ ဆရာတော်မထေရ်မြတ်ကြီးသည် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက်) ၆-၆-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၃း၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(အန္တိမဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည့်အစီအစဉ်အား ထပ်မံကြေညာပါမည်။) တပည့်သံဃာများနှင့်ဒါယကာ၊ဒါယိကာမများ

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီးဒေါ်စီစီကြီး(ခ)Constance Gyi (nee Shwe Ba)
အသက်(၉၃)နှစ်

Martha Shwe Ba, Catherina Shwe Ba, (Jan Shwe Ba), James Shwe Ba, Luke Shwe Ba, Dorcus Shwe Ba, John Shwe Ba, Elly Shwe Ba, Silas Shwe Ba, Lay Hto Ba Saing, (Matthew Ba Saing)၊ ဦးသန်းမြင့်ထွန်း(Wallce), Dereck Shwe Ba, (Mark Shwe Ba), Day Day Mu တို့၏အဒေါ်သည် ၆-၆-၂၀၁၃ရက် နံနက် ၈း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၆-၂၀၁၃ရက်မွန်းလွဲ၂နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (မြကန်သာအိမ်ရာ၊ ဗဟိုလမ်း၊ လှိုင်နှင့် ကံဘဲ့နှစ်ခြင်းအသင်းတော်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမောင်မောင်
ပြည်နယ်ဆိပ်ကမ်းအရာရှိ(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အသက်(၈၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ထုံးဘိုမြို့နယ်နေ (ဦးအေးမောင်-ဒေါ်ခင်ငြိမ်း)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်နေ (ဦးလှိုင်-ဒေါ်သန်းရွှေ)တို့၏သားသမက်၊ အင်းစိန်မြို့နယ်၊ အမှတ် ၂၈၊ ပိတောက်လမ်း၊ ပိန္နဲကုန်းရပ်ကွက်နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဦးဖုန်းမြင့်-ဒေါက်တာခင်နွယ်မြင့်၊ ဦးတင်မောင်လတ်(လ/ထ၊ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရေလုပ်ငန်း)-ဒေါ်အေးအေးမြိုင်(ဒု-ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ မွေး/ရေ၊ ဝန်ကြီးဌာန)၊ ဦးသန်းစိုး(E/O ST JOHN Co.,Ltd.)-ဒေါ်ရီရီမြင့်၊ ဒေါက်တာငွေးလွင်(မလေးရှား၊ ကျန်းမာရေးဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်စီ၊ ဦးသော်ဇင်နွယ်-ဒေါ်ခင်ချိုမြင့်၊ ဦးကိုကိုမောင်(E/O BEL SHIP Co.,Ltd.)-ဒေါ်စံပယ်ကြိုင်၊ Cpt; ညီညီမောင်(DPA၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)-ဒေါ်မို့မို့ကြည်တို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏အဘေးသည် ၄-၆-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၆း၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ပိဋကတ်သုံးပုံ ဒါယကာကြီး
ဦးစံသွင်(ဘီလူးကျွန်း) (B.A၊ စိတ်ပညာ)
ဦးစီးအရာရှိ၊ ဘဏ္ဍာရေး(၂)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ငြိမ်း)
အသက်(၇၄)နှစ်

ဘီလူးကျွန်းမြို့နေ (ဦးငွေရ-ဒေါ်အေးရင်)တို့၏သားလတ်၊ ရန်ကုန်မြို့နေ (ဦးသိန်းမောင်-ဒေါ်သန်းရင်)တို့၏သားသမက်၊ ဘီလူးကျွန်းမြို့နေ ဦးစိုးတင့်-ဒေါ်လှတင်တို့၏ညီ၊ (ဦးထွန်းရှင်)၊ ဦးတင်ရွှေ-ဒေါ်အေးမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ် ၂၇၅(က)၊ အခန်း ၁၄နေ ဒေါ်စန်းတင့်(ဆောက်လုပ်ရေး၊ ငြိမ်း)၏ခင်ပွန်း၊ ဦးကိုကိုလွင်-ဒေါ်မျိုးမိမိသွင်တို့၏ဖခင်သည် ၅-၆-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၄၀နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၆-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာဝတ်ရည်ကျော်
First Year of Plastic & Cosmetic Surgeon Los Angeles
အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘောဇလမ်းနေ ဒေါ်မြကြာဖြူ၏မြေး၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်းနေ ဒေါက်တာနေဝင်း-ဒေါက်တာမြတ်မြတ်ကျော်တို့၏ တစ်ဦးတည်းသောသမီး၊ မခင်မြတ်မော်၏ညီမလေး၊ မအေးမီကျော်၏အစ်မသည် ၃-၆-၂၀၁၃ရက် (တနင်္လာနေ့)မြန်မာစံတော်ချိန် ၁၉း၄၉နာရီတွင် Los Angeles နေအိမ်၌နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသောကြောင့် ၅-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

တစ်ကမ္ဘာလုံးမှ အသံများ ကြားသိရသည့်နေရာ

သတင်းအဖွဲ့

တစ်ကမ္ဘာလုံးမှအသံများ ကြားသိရသည့်နေရာမှာ ယခုမြန်မာနိုင်ငံ၌ ကျင်းပနေသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်ပင် ဖြစ်သည်။ တစ်နည်းဆိုရလျှင် တစ်ကမ္ဘာလုံး၏ ရှုထောင့်မျိုးစုံ အဖုံဖုံတို့ကို ကြားသိရခြင်းပင် ဖြစ်သည်။

ယခုကဲ့သို့ ဆွေးနွေးညှိနှိုင်းမှုများကြောင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းတွင် မည်ကဲ့သို့ လိုက်ပါပြောင်းလဲ ဆောင်ရွက်ရမည်၊ မည်သည်တို့လိုအပ်သည် စသည်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ရန်အချက်အလက်များကိုပါ သိရှိနိုင်မည်ဖြစ်သည်။

ဦးကိုကိုလှိုင် (နိုင်ငံတော်သမ္မတအကြံပေး)

ယနေ့ဇွန်လ ၆ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် စီးပွားရေးခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြသည်။

စီးပွားရေးအခန်းကဏ္ဍတွင် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အကြောင်းအရာများနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ အပါအဝင် ခြောက်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြသည်။

အရှေ့အာရှဒေသ အနာဂတ်ဆက်သွယ်ရေးကွန်ရက် မျှော်မှန်းချက်နှင့်ပတ်သက်၍ အရှေ့အာရှဆက်သွယ်ရေးကုမ္ပဏီများမှ လုပ်ငန်းရှင် ခြောက်ဦးတို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့လူငယ်ခေါင်းဆောင်များအဖွဲ့၏ သီးသန့်ဆွေးနွေးပွဲတွင် လူငယ်များအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးရန်အတွက် စီးပွားရေးလုပ်ငန်းများတွင် မည်သို့ပါဝင်ရမည့် အကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ထားရှိရမည့် အမြင်သစ်၊ ငွေစက္ကူစနစ်မှ ဘဏ်စီးပွားရေးစနစ်သို့၊ လုပ်သားကောင်းမှ လုပ်ငန်းကောင်းမည် စသည့် ခေါင်းစဉ်များကိုလည်း စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ပုံရိပ် တိုးတက်ရေးဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံ့စီးပွားရေး၌ ခရီးသွားလုပ်ငန်း၏ အရေးပါပုံကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောကြားခဲ့ပြီး ဆက်သွယ်ရေးနှင့် နိုင်ငံ့ပုံရိပ် တိုးတက်ရေးကိစ္စများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယနေ့တွင်လည်း ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များ၏ စကားသံများကိုလည်း ဤသို့ ကြားသိခွင့်ရခဲ့သည်။

ဦးကိုကိုလှိုင် (နိုင်ငံတော်သမ္မတအကြံပေး)

World Economic Forum ဆိုတာတော့ ကမ္ဘာပေါ်မှာလည်း နာမည်ကြီးတဲ့ ဖိုရမ်တစ်ခုပေါ့။ အထူးသဖြင့် အရှေ့အာရှနဲ့ ပတ်သက်လို့ရှိရင် စီးပွားရေးအရ Prosperous ရှိတဲ့ နိုင်ငံတွေမှာရွေးချယ်ပြီး ကျင်းပကြတယ်။ နောက် ကမ္ဘာ့ခေါင်းဆောင်တွေ လာတယ်။ ကမ္ဘာ့စီးပွားရေးမှာလည်း အင်မတန်အင်အားကြီးတဲ့ Multi National Cooperations တွေလာတယ်။ နိုင်ငံတစ်ခုရဲ့ အနာဂတ်ကို တည်ဆောက်တဲ့ အထူးသဖြင့် မြန်မာနိုင်ငံလို အကူးအပြောင်းလုပ်နေတဲ့နိုင်ငံမျိုးမှာ ဒီလိုဖိုရမ်လာပြီးလုပ်တယ်ဆိုတာ သူတို့အတွက်လည်း အကျိုးရှိသလို နိုင်ငံအတွက်လည်း အကျိုးရှိပါတယ်။ ပြောကြဆိုကြတဲ့အခါ ကိုယ့်နိုင်ငံအပေါ်မှာ ဘယ်လိုအမြင်ရှိလဲ၊ ဘယ်လိုဖြစ်စေချင်သလဲ၊ ကိုယ့်ဘက်ကလည်း ဘယ်လိုပြင်ဆင်ထားရမလဲ ဆိုတာတွေ

စာမျက်နှာ ၉ ကော်လံ ၁ ▲

ကန်ပေါက်-မြိုင်ကလေး ဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်မှု ၂၄ နာရီကြာ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၆

ကန်ပေါက်-မြိုင်ကလေး ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ လမိုင်းမြို့နယ်နှင့် ရေးမြို့နယ်အပိုင်းတွင် သဘာဝဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့သဖြင့် ချွတ်ယွင်းချက်ရှိသော နေရာများအား ပြုပြင်ရန်အတွက် အင်ဂျင်နီယာအကြိုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပြီးစီးပြီဖြစ်သဖြင့် ဇွန် ၇ ရက် ညနေ ၆ နာရီအချိန်မှစ၍ ပြုပြင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ရာ ခန့်မှန်းပြုပြင်ချိန် ၂၄ နာရီကြာမြင့်မည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ကန်ပေါက်-မြိုင်ကလေး ၂၀ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ၂၀၀၁ ခုနှစ်မှစတင်ဆက်သွယ်ခဲ့ရာ အဆိုပါကာလတွင် နယ်မြေဒေသ၏ လုံခြုံရေးအခြေအနေအရ ပိုက်လိုင်းလမ်းကြောင်းကို မြေပြန့်ပိုင်းများတွင် ဦးစားပေးရွေးချယ် ဆက်သွယ်ခဲ့ခြင်းကြောင့် ပိုက်လိုင်းလမ်းကြောင်း၏ အချို့နေရာများတွင် ဆားငန်ရေထိတွေ့မှုဖြစ်ပြီး သံချေးကိုက်ဆွေးကာ ပိုက်ပေါက်ဖြစ်စဉ်များ ဖြစ်ပွားရခြင်းဖြစ်သည်ဟု သိရသည်။

ယခုပြင်ဆင်မည့် ရေးနှင့်ဝဲခမိကြား ပိုက်လိုင်းအပိုင်းအပါအဝင် နိုင်ငံအတွင်း သွယ်တန်းထားသော ဓာတ်ငွေ့ပိုက်လိုင်း

စာမျက်နှာ ၃ ကော်လံ ၅ ●

ယနေ့ မာတိကာ

ကီဆောင်စက်မှုဇုန် ပြန်လည်ဖွင့်လှစ်ရေး မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့ ဆွေးနွေးမည် စာ - ၄
ဆက်ဆံရေးအရှိန် တိုးမြှင့်လာတဲ့ တရုတ်နဲ့ ကရစ်ဘီယံနိုင်ငံများ စာ - ၅
ကြံတောင်သူများ မိုးရွာ၍ ဝမ်းသာလျက်ရှိ စာ - ၁၂
ဖူလ်ဟမ်က ဂိုးသမား စတီးကလန်းဘတ်အား ခေါ်ယူ စာ - ၁၄

အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်မှ ကမ္ဘာ့စင်မြင့်သို့ တက်ရောက်မည့် မြန်မာ

သတင်း စာမျက်နှာ ➤ ၄

စိုက်ပျိုးမြေ ဧက ၈၀၀၀ ကျော်ကို ရေဘေးကာကွယ်နိုင်မည့် ရွှေလီတာတမံ

သတင်း စာမျက်နှာ ➤ ၁၀

မိုးသည်းထန်စွာရွာပြီး ချောင်းရေတိုက်စားသဖြင့် ဘက်ရဲ-ရေကြည်လမ်းပိုင်း ကားလမ်းမကြီးကျိုးပြတ်

ကြံခင်း ဇွန် ၆

မြန်အောင်မြို့နယ် မျှင်ဝါးတောင် အုပ်စု ပတ်ဝန်းကျင်တွင် ဇွန် ၅ ရက် နံနက် ၁၀ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းသဖြင့် ကျောက်ဖြူးရိုးချောင်း ရေလျှံတက်ပြီး ပုသိမ်-မုံရွာ ကားလမ်းမကြီး ဘက်ရဲ - ရေကြည် လမ်းပိုင်း မိုင်တိုင်အမှတ် (၁၀၉/၇) နှင့် (၁၁၀) အကြား လမ်းမပေါ်သို့ အမြင့်တစ်ပေခွဲခန့် ရေလျှံတက်ကာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ရေတိုက်စားမှုကြောင့် ၄င်းမိုင်တိုင်နှစ်ခုကြားရှိ (R.C.C Box Culvert) အမျိုးအစား ရေပြွန်ပေါက်အပေါ်မှ ကားလမ်းမကြီးမှာ ပေ ၅၀ ခန့် ကျိုးပြတ်သွားပြီး ယာဉ်များဖြတ်သန်းသွားလာမှုများ ရပ်ဆိုင်းသွားသည်။

ရေတိုက်စား ပျက်စီးသွားသော လမ်းပိုင်းအား လမ်းတံတားအထူးအဖွဲ့ (၂)မှ လက်ထောက်အင်ဂျင်နီယာ ဦးဖုန်းလှိုင်၊ ဒု-လက်ထောက်အင်ဂျင်နီယာ(အထူး) ဦးသန်းမြင့်အောင်၊ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးငွေအောင်တို့၏ ကြီးကြပ်မှုဖြင့် လုပ်သားအင်အား ၄၀ ကျော်တို့က စက်ယာဉ်ယန္တရားများဖြင့် ရေကာမျောတိုင်ပိုင်ရိုက်ခြင်း၊ ဂဝံကျောက်ကြီးများနှင့် မြေဖို့ခြင်း လုပ်ငန်းများကို အားချင်းဆောင်ရွက်လျက်ရှိကြသည်။**(ယာပုံ)**

မိမိတို့အနေဖြင့် ကားလမ်းမကြီး ပြန်လည်ဖွင့်လှစ် သွားလာနိုင်ရေးအတွက် ရက်သတ္တတစ်ပတ်မှ ၁၀ ရက်ခန့်အတွင်း ပြင်ဆင်ပြီးစီးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ သို့ရာတွင် ရေတိုက်စားမှုပမာဏ ကြီးမားသောကြောင့် မြေကြီးလုပ်ငန်းကို အများအပြားဆောင်ရွက်ရမည်ဖြစ်ရာ ရာသီဥတု ဆက်လက်ဆိုးရွားနေပြီး ချောင်းရေလျှံမှု ဆက်လက်ဖြစ်ပေါ်နေပါက လုပ်ငန်းအခက်အခဲများ ဖြစ်ပေါ်နိုင်ကြောင်းဖြင့် အင်ဂျင်နီယာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

ရေတိုက်စားမှုဖြစ်ပွားရာ ဒေသအနီး မမြချောင်းရေလှောင်တမံရှိ မိုးရေချိန် တိုင်းတာသည့်စခန်းမှ မှတ်တမ်းအရ ယင်းနေ့က ရွာသွန်းခဲ့သည့် မိုးရေချိန်မှာ ၂၄ နာရီအတွင်း ၉ ဒသမ ၉ လက်မရှိသည်ဟု သိရသည်။

ကြံခင်း - မြန်အောင် - ဆုံကုန်း-ဟသ်ာတ ကားလမ်းတွင်လည်း မြန်အောင်မြို့နယ် အင်ပင်ရွာအနီး တံတားတစ်စင်းကျိုးသွားခြင်းကြောင့် အဆိုပါလမ်းပိုင်းမှသွားသည့် အဝေးပြေးကားများ ရပ်နားထားရကြောင်း စုံစမ်းသိရှိရသည်။ **(ဝဇ္ဇ)**